မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။ ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ တနလာနေ့ အတွဲ(၅၉)၊ အမှတ်(၀၅၆)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ကိုရီးယားနိုင်ငံသို့ရောက်ရှိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lee Tae Ho နှင့် တာဝန်ရှိသူများက ကိုရီးယားသမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဘူဆန်မြို့ Gimhae လေတပ်ဌာနချုပ်လေဆိပ်၌ ကြိုဆိုစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်း၏ ဖိတ်ကြားချက်အရ ဘူဆန်မြို့တွင် ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု

မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ပြန်လည်တုံ့ပြန်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က ရှင်းလင်းတင်ပြခြင်းအား နိုဝင်ဘာလ ၂၃ ရက် နံနက်က နိုင်ငံတော်သမ္မတအိမ်တော် ဥရွေဝါခန်းမ၌ ကျင်းပခဲ့သည်။

ယခုအရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမှ စိတ်ဝင်စားမှုမြင့်မားသည်ဆိုသည်ထက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူများက စိတ်ဝင်စားမှု ပိုမိုထက်သန်နေသည်ဟုပြောရမည်ဖြစ်သည်။ အကြောင်းမှာ အလွန်ဝေးလံသည့်နေရာမှ အရေးထက် အိမ်နီးချင်းအရေး၊ အိမ်နီးချင်းအရေးထက် မိသားစုအရေးတို့မှာ ပိုပြီးအရေးကြီးသည်ဖြစ်၍ အရေးကြီးလျှင် သွေးစည်းမည်၊ အရေးကြုံလျှင် သွေးဆုံကြရမည်ဖြစ်ရာ မိမိတို့အရေးအတွက် ဝိုင်းဝန်းပြင်ဆင် အကောင်းဆုံးအဖြေရှာကြမည်ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များမှာ မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသည့် လူမျိုးစုအပေါ်တွင် ဖိနှိပ်ဆက်ဆံမှုများကို ဆယ်စုနှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ခြင်း၊ ထိုလူမျိုးစု၏ တရားဝင်ရပိုင်ခွင့်များကိုပေးရန် ငြင်းဆန်ခဲ့ခြင်း၊ ၎င်းတို့အားဆန့်ကျင်သည့် အမုန်းတရားများကို ဝါဒဖြန့်ခဲ့ခြင်း၊ ထိုလူမျိုးစုများကို အစုအဖွဲ့တစ်ခုအဖြစ် ပစ်မှတ်ထား၍ အစုလိုက်၊ အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်နေခြင်း၊ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးများကို ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်း၊ ထိုလူမျိုးစုအား လူမျိုးတုံးသတ်ဖြတ်မှုနှင့် ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းစသည်တို့ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်များမှာ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု၊ ရာဇဝတ်မှုကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာကွန်ဗင်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာကွန်ဗင်းရှင်း ၁၉၄၈)၏ ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့အရ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့ခြင်းအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ တာဝန်ရှိသည်ဟူ၍ ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံ၏ လျှောက်ထားချက်တွင် မြန်မာနိုင်ငံသည် ပုဒ်မ(၃)၊ အပိုဒ်ခွဲ(က)အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ခ)အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန် လှုံ့ဆော်ခြင်းနှင့် စီမံညွှန်ကြားခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ဃ)အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန် ကြံစည်ခြင်း၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(c) အား ချိုးဖောက်၍ လူမျိုးတုံးသတ်ဖြတ်မှုအား ပါဝင်ကျူးလွန်ခြင်း၊ ပုဒ်မ(၁)အရ လူမျိုးတုံးသတ်ဖြတ်မှုအား တားမြစ်ရန် ပျက်ကွက်ခြင်း၊ ပုဒ်မ(၁)၊ ပုဒ်မ(၄)နှင့် ပုဒ်မ(၆)တို့အရ လူမျိုးတုံးသတ်ဖြတ်မှုအား အပြစ်ပေးရန် ပျက်ကွက်ခြင်း၊ ပုဒ်မ(၅)အရ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူများ သို့မဟုတ် ပုဒ်မ(၃)တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို ကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် လိုအပ်သောပြဋ္ဌာန်းမှုမရှိခြင်းတို့ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်မှုကို ဦးတည်၍ တရားစွဲဆိုထားခြင်းဖြစ်ရာ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်တရား၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ ကုလသမဂ္ဂ၏ပဋ္ဌိညာဉ်စာချုပ်ကို လိုက်နာမှုတို့ဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု ရှိစွာ တုံ့ပြန်ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း။ ။

မိုင်းရှားမြို့၌ ရှမ်းနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

မိုင်းရှား နိုဝင်ဘာ ၂၄

ရှမ်းတိုင်းရင်းသားတို့၏ ရှမ်းနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မိုင်းရှားမြို့ မြို့မဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့လယ်ကျောင်းတိုက် ဆရာတော်ဦးကဝိန္ဒ၊ မြို့မိမြို့ဖ ဦးဆန်စောနှင့် ဦးခွန်လှိုင်တို့က ပွဲတော်မုခ်ဦးနှင့် ဖျော်ဖြေရေးစင်မြင့် နှစ်သစ်ကူးပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်းနောက် ဆရာတော်က ကွင်းအတွင်း အန္တရာယ်ကင်း ကင်ပွန်းရည် ဖျန်းပက်သည်။ (ယာပုံ)

အဆိုပါ ရှမ်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဗျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရှမ်းစာပေဟောပြောပွဲနှင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်း၊ ကောက်သစ်လှူဒါန်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကန်ပက်လက်မြို့နယ်၌ ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်

ကန်ပက်လက် နိုဝင်ဘာ ၂၄

ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် စမ္မသားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အထက်တန်းအဆင့်တိုး ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်း၌ နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းရှေ့ကွင်းပြင်ဆိုင်းဘုတ်ရှေ့တွင် ဖွင့်ပွဲအား မြို့နယ်ပညာရေးမှူး ဦးမနားဟာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှေနိုင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးမနားနိုင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးပန်လိုင်းနှင့် ရပ်မိရပ်ဖဦးလိန်းပိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက "တို့ကျောင်းတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး မြို့နယ်ပညာရေးမှူးနှင့် စည်ပင်ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသမိုင်းကို မူလတန်းပြဆရာ ဦးကွီးလိန်းက ဖတ်ကြားပြီး ကျောင်းသား ကျောင်းသူများက "ပိုးစုန်းကြူ" သီချင်း၊ "ဝ ထ က လ သ" သီချင်းနှင့် ကာယအကဖြင့် လည်းကောင်း၊ ရပ်ရွာလူကြီးများ အဖွဲ့က ရိုးရာပုလွေအကဖြင့် လည်းကောင်း အလှည့်ကျဖျော်ဖြေကြပြီး ရပ်ရွာလူကြီး ဦးမနားဘူက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ချွဲကီး(ပြန် /ဆက်)

မြန်မာနိုင်ငံစိတ်ပညာအသင်းမှ အသုံးချစိတ်ပညာရပ်ဆိုင်ရာ သင်တန်းပို့ချ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ စိတ်ပညာအသင်းက ကြီးမှူးဖွင့်လှစ်သည့် Applying Psychology to Criminal Justice Training ကို နိုဝင်ဘာ ၂၄ ရက်တွင် သင်တန်းနောက်ဆုံးရက်အဖြစ် ရန်ကုန်မြို့ ပင်ဒါဟိုတယ်တွင် ပို့ချသည်။

အဆိုပါသင်တန်းကို နှစ်ရက်တာ ပို့ချခဲ့ရာ နိုဝင်ဘာ ၂၃ ရက်၌ ပါမောက္ခဒေါ်ခင်မျိုးအောင်က Criminal and Psychology ဘာသာရပ်ကို လည်းကောင်း၊ ယနေ့တွင် ပါမောက္ခဒေါက်တာညွှန့်ညွှန့်သီက Applying Psychology to Justice System ဘာသာရပ်ကို လည်းကောင်း ပို့ချသည်။

ဘာသာရပ်ပို့ချမှုတွင် တက်ရောက်သူများက ဘာသာရပ်ဆိုင်ရာနှင့် ပတ်သက်၍ စိတ်ပါဝင်စားစွာ အပြန်အလှန်ဆွေးနွေးခြင်း၊ တက်ရောက်သူတို့၏ ပတ်ဝန်းကျင်တွင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များဆိုင်ရာ ဆွေးနွေးမေးမြန်းခြင်းတို့ကို တက်ကြွစွာ ပါဝင်ဆွေးနွေးကြပြီး သင်တန်းတက်ရောက်သူတို့အား သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းထိုက်

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၄

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



❒ *ရှေ့ဖိုးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံမှူးကြီး Mr. Jung Yung Soo နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲဝိုင်ဟိန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဦးမင်းသူနှင့် အဖွဲ့သည်လည်း ဒုတိယအကြိမ် အာဆီယံ-ကိုရီးယားပြည်သူ့ဝန်ဆောင်မှု တီထွင်ပြောင်းလဲရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပြပွဲအခမ်းအနားသို့ တက်ရောက်ရန် အဆိုပါခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ဂုဏ်ပြုတပ်ဖွဲ့ ကြိုဆို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြရာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lee Tae Ho နှင့် တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့်ဧနီး ဒေါက်တာနန်းမြတ်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆန်းဟွာ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုများက ကိုရီးယားသမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဘူဆန်မြို့ Gimhae လေတပ်ဌာနချုပ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဘူဆန်မြို့ရှိ ခေတ္တတည်းခိုမည့် Lotte Hotel သို့ ရောက်ရှိကြရာ ဟိုတယ်အဝင်၌ ကိုရီးယားသမ္မတ နိုင်ငံရောက် မြန်မာနိုင်ငံသားများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ **သတင်းစဉ်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့ဦးဆောင်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်ကာ နေပြည်တော် ပရဆေးဥယျာဉ်မှ ရေပန်းဥယျာဉ်ဂိတ်အမှတ်(၃)အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ရေပန်းဥယျာဉ်ရှေ့တွင် ကျန်းမာရေးသရုပ်ပြ ကကွက်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွဲကြသည်။

အဆိုပါလမ်းလျှောက်ပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးများအရေးကို တက်ကြွစွာဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များနှင့် ပြည်သူ့လူထု စုစုပေါင်း ၆၀၀ ခန့်ပါဝင်ပြီး အားကစားလှုပ်ရှားမှုများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု၌ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရာသို့ နေပြည်တော် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော် အလုပ်သမား၊ လူမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားရုံးမှ ပြည်ထောင်စုနယ်မြေမှူး၊ ညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်အောင်(၂)ရပ်ကွက်နှင့် ကင်ပွန်းတန်းကျေးရွာအုပ်စုအတွင်း လူဦးရေစာရင်းကောက်ယူမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌမှ စာရင်းစစ်၊ စာရင်းကောက်များအား လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျကောက်ယူရန်၊ နေအိမ်များ၏ သောက်သုံးရေသန့်စင်မှုစစ်ဆေးရာတွင်လည်း Water Quality Test ဖြင့် အထူးဂရုစိုက်စစ်ဆေးသွားကြရန်နှင့် စာရင်းကောက်ယူရာ၌ ပူးပေါင်းဖြေကြားပေးသော အိမ်ထောင်စုများအား အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်ကဲ့သို့ မေးခွန်းပုံစံစာရွက်ဖြင့် ကောက်ယူခြင်းမျိုးမဟုတ်ဘဲ Mobile Tablet ကို အသုံးပြုကာ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း မေးမြန်းကောက်ယူသည့်စနစ်ဖြင့် ကောက်ယူခြင်းဖြစ်ပြီး ပျဉ်းမနားမြို့နယ်တွင် ကောက်ကွက်ပေါင်း(၁၇)ကွက်ကို နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ ၁၄ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ပြီး ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအား မေခွန်းပေါင်း ၁၁၀ မေးမြန်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေး မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန် မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။ **မိုး/ဇလ**

ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/၂၀၁၉ ဖွင့်ပွဲအခမ်းအနားကျင်းပ

အဂတိလိုက်စားမှုကို လက်မခံသောယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာအောင် ပြုပြင်ပြောင်းလဲရန်လိုအပ်

မန္တလေး နိုဝင်ဘာ ၂၄

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာန တို့ပူးပေါင်း၍ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ နည်းပညာအကူအညီဖြင့် ဖွင့်လှစ်လျက်ရှိသော "ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/၂၀၁၉" (Youth Integrity Camp 2/2019) ကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ် သာရတနာမဂ်လာခန်းမ၌ ကျင်းပသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် "ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း ၂/၂၀၁၉" ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ပညာပေးသင်ခန်းစာများဖြန့်ဝေ

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက "ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/၂၀၁၉" အား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မန္တလေး၊ မိတ္ထီလာ၊ မုံရွာမြို့များရှိ တက္ကသိုလ်/ကောလိပ် ၁၂ ခုမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၇ ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်ထားပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကျောင်းသား လူငယ်ထုအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးသင်ခန်းစာများကို အခြေခံပညာမှ စတင်သင်ကြားနိုင်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် မူလတန်း၊ အလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ်များကို ရေးသားပြုစု၍ ဖြန့်ဝေသင်ကြားပေးလျက်ရှိပါကြောင်း။

ဆက်လက်၍ အထက်တန်းအဆင့်/ တက္ကသိုလ်အဆင့် ဆရာကိုင်စာအုပ်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူပညာရှင် ဆရာကြီး၊ ဆရာမကြီးများဖြင့် ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ပြဿနာများ၏ အခြေခံမှာ အကျင့်စာရိတ္တတရားဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ ကောင်းမှတိုင်းပြည်တိုးတက်မည်ဖြစ်ရာ တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကောင်းမွန်မှုသည် နိုင်ငံတိုးတက်မှုနှင့်ပါ တိုက်ရိုက်ပတ်သက်နေပါကြောင်း၊ တိုင်းပြည်တာဝန်များကို လက်ဆင့်ကမ်းပြီး ပခုံးပြောင်းတာဝန်ယူမည့် လူငယ်များသည် ပညာထူးချွန်ရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် တည်ကြည်သမာဓိရှိရန် အထူးလိုအပ်ပါကြောင်း၊ ပညာရေးလုပ်ငန်းတွင် ဆရာ၊ ဆရာမများသည် ကျောင်းသား ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်ကျင့်သိက္ခာ မြင့်မားရေးအတွက် လက်တွေ့ကျကျ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံဖြစ်ရန် စခန်းဝင်ဆရာ၊ ဆရာမများနှင့် ကျောင်းသားလူငယ်တို့သည် မိမိတို့၏ ကိုယ်ကျင့်တရားစာရိတ္တကို မှတ်ကျောက်တင်ခံနိုင်ရန်နှင့် ဖြူစင်မြင့်မြတ်ခြင်းဖြင့် တန်ဖိုးရှိသူတစ်ယောက်အဖြစ် ရပ်တည်သွားနိုင်ရေးအတွက် ကြိုးပမ်းကြရန် ပြောကြားသည်။

ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် က "ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း" များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် လူငယ်တို့၏ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍကို အသိအမှတ်ပြုရေးနှင့် လူငယ်တို့ ကိုယ်တိုင်ရေးဆွဲလိုက်နာကျင့်သုံးသင့်သည့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ကျင့်ဝတ်များကို ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖြစ်ပါကြောင်း။

အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုသည် နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာအားကောင်းသော အင်စတီကျူးရှင်းများ တည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ပါကြောင်း၊ ယင်းသည် လုပ်ပိုင်ခွင့်အာဏာရှိသူများက မိမိတို့နှင့် မိမိတို့ လက်သင့်ရာ လူအနည်းငယ်အကျိုးရှိစေရန်အတွက် သာမဟုတ်ဘဲ အများပြည်သူလူထုကြီး တစ်ရပ်လုံး၏ အကျိုးစီးပွားများအတွက် အလုပ်လုပ်နေကြခြင်း ဖြစ်ကြောင်း အာမခံချက် ဖြစ်စေပါကြောင်း။

လူ့အဖွဲ့အစည်း တစ်ရပ်တွင် ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုထွန်းကားလာရေးနှင့် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ပြုစုပျိုးထောင်ရေးအတွက် လူ့အဖွဲ့အစည်းတိုင်းတွင် အဂတိလိုက်စားနိုင်သော အခွင့်အလမ်းနှင့် အပြုအမူများကို လျှော့ချနိုင်သည့် စနစ်တစ်ရပ် အခြေတကျတည်ရှိပြီး ဖြစ်စေရန်၊ လူမှုပတ်ဝန်းကျင်တစ်ရပ်လုံးတွင် အဂတိလိုက်စားမှုကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာအောင် ပြုပြင်ပြောင်းလဲရန်၊ လူတိုင်းကို မိမိတို့၏လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိအောင် ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ဤဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းတွင် အထက်ပါမဏ္ဍိုင်(၃)ရပ်ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဦးဆောင်ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

အဂတိလိုက်စားခြင်းရှောင်ကြဉ်နိုင်

ထို့နောက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ယနေ့ ပြုလုပ်သောအခမ်းအနားသည် အသိပညာပေးရေးဖြစ်ပြီး ဖြစ်ပွားနေသည့် ရောဂါကိုကုသခြင်းမဟုတ်ဘဲ၊ ရောဂါ၏ အရင်းအမြစ်ကို ရှာဖွေကုသခြင်းနှင့် ဆင်တူကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို အခိုင်အမာ တည်ဆောက်ရန်အတွက် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုစသည့် အခြေခံကောင်းများလိုအပ်ပြီး အဂတိလိုက်စားမှုကင်းစင်သည့် အုပ်ချုပ်ရေးစနစ်မြင့်မားတိုးတက်ရန် လူငယ်စခန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် လူမြောက်မြားစွာ အသိပညာတိုးပွားပြီး အဂတိလိုက်စားခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြုပြင်ပြောင်းလဲမှုလုပ်ကိုင်နိုင်

ယင်းနောက် UNODC မှ Country Manager , Ms.Marie Pagie Cauchoics က ယနေ့အချိန်တွင် ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၈ သန်းခန့်မှာ လူငယ်များဖြစ်ပါကြောင်း၊ အဆိုပါ လူငယ်များ၏ ထက်ဝက်ခန့်သည် အာရှနှင့် ပစိဖိတ်ဒေသများတွင် နေထိုင်သူများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် အသက် (၃၀)နှင့်အောက် ဖြစ်ပါကြောင်း၊ လူငယ်များသည် စွမ်းအားရှင်များ ဖြစ်သဖြင့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်နိုင်စွမ်းရှိပါကြောင်း၊ လူငယ်များအား စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်မှုများသည် ဖြောင့်မတ်တည်ကြည်မှုခိုင်မာရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေးတို့အတွက် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ပြောင်းလဲလိုစိတ်၊ အတွေးအခေါ်နှင့် တီထွင်ဖန်တီးမှုများဖြင့် ပြောင်းလဲမှုကို လုပ်ဆောင်နိုင်ပါကြောင်း၊ လူငယ်များသည် အနာဂတ်မျိုးဆက်သစ်များ ဖြစ်သဖြင့် အစိုးရအဖွဲ့အစည်းများ အနေဖြင့် လူငယ်များကို ပြုစုပျိုးထောင်ပေးရန်လိုအပ်ပါကြောင်း၊ YIC Camp သည် လူငယ်များကို မိမိတို့နှင့် သက်ဆိုင်ရာ နယ်ပယ်များတွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်သည့်လူငယ်များဖြစ်လာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း ၂/၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စခန်းဝင် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ တက္ကသိုလ်အလိုက် မိတ်ဆက်ပြီး ဇည့်သည် တော်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နိုဝင်ဘာ ၂၈ ရက်အထိကျင်းပမည်

မွန်းလွဲပိုင်း ဆွေးနွေးပို့ချမှုများကို ရွှေပြည်သာဟိုတယ်တွင် လည်းကောင်း၊ ညနေပိုင်းလှုပ်ရှားမှုများနှင့် တည်းခိုနေထိုင်မှုကို မန္တလေးနည်းပညာတက္ကသိုလ်တွင် လည်းကောင်း ဆောင်ရွက်ကြပြီး လူငယ်စခန်းကို နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာရေးသူများ၏ ရသစာဖတ်ဝိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

စာပေဖန်တီးသူနှင့် ခံစားသူတို့၏ ရသအမြင်များကို အပြန်အလှန်ဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် စာရေးသူများ၏ ရသစာဖတ်ဝိုင်းရာသီ(၂) ပွဲစဉ်(၃၂) ကို ယနေ့ မွန်းလွဲပိုင်းက သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

စာရေးဆရာ မင်းခိုက်စိုးစန် စာရေးသူများ၏ ရသစာဖတ်ဝိုင်းရာသီ(၂) ပွဲစဉ်(၃၂) တွင် မိတ်ဆက်စကားပြောကြားစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

အဆိုပါစာဖတ်ဝိုင်းတွင် ရသစာဖတ်ဝိုင်း တည်ထောင်သူ စာရေးဆရာမ မိချမ်းဝေနှင့် ရသစာဖတ်ဝိုင်းတာဝန်ခံ စာရေးဆရာ ကျော်ဇင်ကိုကို တို့က အမှာစကားပြောကြားကြပြီး စာရေးဆရာ မင်းခိုက်စိုးစန်နှင့် စာရေးဆရာ အရိုးတို့က မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ရသစာဖတ်ဝိုင်းတင်ဆက်မှု၊ ရသဝတ်မှုနှုတ်ကူးခြင်းအစီအစဉ်များအဖြစ် စာရေးဆရာ မင်းခိုက်စိုးစန် ရေးသားသည့် အိပ်မက်ဖမ်းမုဆိုးနှင့် ကျွန်တော့်ကို အမေသတ်ခဲ့တယ် ရသဝတ္ထုနှစ်ပုဒ်နှင့် စာရေးဆရာအရိုး ရေးသားသည့် မျောက်ပုံပြင် အသစ်စက်စက်နှင့် စက်ရုပ်ဆိုသည်မှာ ရသဝတ္ထုနှစ်ပုဒ်ကို တက်ရောက်လာကြသည့် စာရေးဆရာ၊ ဆရာမများက ဖတ်ကြားကြသည်။

ရသစာဖတ်ဝိုင်းစီစဉ်သူ စာရေးဆရာမ ယုဒါက "အခုလို စီစဉ်တာက ရသစာပေ ပြန့်ပွားဖို့အပြင် စာပေဖန်တီးသူနဲ့ စာဖတ်သူတွေ တွေ့မြင်ဖူးစေချင်ပြီး ဆွေးနွေးမှုတွေ ရှိစေချင်တာကြောင့် စီစဉ်ဖြစ်တာပါ"ဟု ပြောသည်။

စာရေးဆရာ အရိုးက "ဒီရသစာဖတ်ဝိုင်းမှာ ဖတ်ဖို့ ရွေးချယ်ရာမှာ ကျွန်တော်က အတွေးစာစုတွေ ရေးတာများတယ်။ ဒီထဲကနေ စိတ်ခံစားမှုနဲ့ အတွေးတစ်စုံတစ်ရာ ပေးနိုင်တဲ့ ဝတ္ထုတိုတွေကို ရွေးချယ်ခဲ့ပါတယ်။ လူငယ်တွေက အခုခေတ် လူမှုကွန်ရက်ပေါ်မှာ သတင်းအချက်အလက်ကို အဓိကဦးစားပေးကြတယ်။ တကယ်တမ်းဘဝကို စိတ်ချမ်းသာစွာနဲ့ ဖြတ်သန်းသွားဖို့ဆိုရင် စိတ်ဓာတ်ခွန်အားကို ပေးနိုင်တာက စာပေတွေပါပဲ။ စာပေတွေက ရရှိနိုင်တာက သတင်းအချက်အလက်ထက်ပိုပြီး တန်ဖိုးရှိတယ်။ ဒါကိုပိုပြီး အလေးအနက်ထား စဉ်းစားစေချင်တယ်" ဟု ပြောသည်။

စာရေးဆရာ မင်းခိုက်စိုးစန် ကလည်း "ရသစာပေကို ဖတ်ပြီးရင်နှလုံးသားက ရင့်ကျက်လာပြီး လောကခံတရားကြုံရတဲ့အခါ အေးအေးချမ်းချမ်း အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ပါတယ်။ နှလုံးသား မရင့်ကျက်တဲ့အခါ အလွန်နာကျင်တတ်ကြပြီး လူ့ဘဝကို အရှုံးပေးသွားတတ်တာတွေတောင် ရှိကြတယ်။ ဒီအခါ ခံနိုင်ရည်ရှိရှိ ဖြတ်သန်းနိုင်ဖို့ နှလုံးသားအရည်အသွေးတွေ ပြည့်ဝနေဖို့ လိုပါတယ်။ ဒါတွေကို စာအုပ်စာပေကောင်းတွေထဲမှာ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ကျွန်တော့်ရဲ့ ဝတ္ထုနှစ်ပုဒ်ကို ရွေးချယ်ဖြစ်တာက ကျွန်တော့်ဘဝမှာ ရင်ထဲကို ထိထိခိုက်ခိုက်နက်ရှိုင်းစွာ ခံစားရပြီးမှ ဘဝအချိုးအကွေ့မှာ တွေ့ကြုံတဲ့အဖြစ်အပျက်တွေကို ဖန်တီးခဲ့လို့ အမှတ်တရအဖြစ် ရွေးချယ်လိုက်တာပါ" ဟု ရသစာပေဖတ်ရှုခြင်းနှင့် ဝတ္ထုတိုရွေးချယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြောသည်။

ယင်းနောက် ရသစာဖတ်ဝိုင်းတက်ရောက်လာသူများ၏ ဆွေးနွေးလိုသည့်အကြောင်းအရာများကို စာရေးဆရာများက ပြန်လည်ဖြေကြားခဲ့ကြသည်။

မွန်းဦးနဒီ

ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

တရုတ်နိုင်ငံ ကွမ်ရီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ယမန်နေ့က ကွေ့လင်မြို့နယ်အတွင်းရှိ ခရီးသွားပြကွက်ပြုလုပ်ထားသော လီဂျန်မြစ်တစ်လျှောက်နေရာများအား မြစ်တွင်းသွားမော်တော်ဖြင့် လည်းကောင်း၊ ရန်းစုမြို့ရှိ ကျေးလက်ဒေသဆိုင်ရာ ပြကွက်နေရာများအား မော်တော်ယာဉ်ဖြင့် လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွေ့လင်မြို့မှ မြန်နှုန်းမြင့် ကျည်ဆန်ရထားဖြင့် ကွမ်ကျိုးမြို့သို့ ထွက်ခွာပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်နှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ သုတေသနလက်ထောက် ဦးစောပြည့်မှူးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(ယာဝုံ)**

သတင်းစဉ်

နေပြည်တော်ရှိတပ်မတော် စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း TNLA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရရှိမှု၊ ရခိုင်ပြည်နယ်အတွင်း AA အဖွဲ့၏ လုပ်ရပ်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှုများနှင့် ပတ်သက်၍ တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌဗိုလ်ချုပ် ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း TNLA လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်များနှင့် နမ့်ဆန်မြို့နယ်၊ မန်တုံဒေသ၊ ဟူခင်းကျေးရွာအုပ်စု၊ ဟိုမိန်းကျေးရွာအနီးတစ်ဝိုက်မှ TNLA အဖွဲ့၏ လက်နက်/ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိမှု၊ ရခိုင်ပြည်နယ်အတွင်း AA အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု၊ AA အဖွဲ့၏ မိုင်းထောင်ဖောက်ခဲ့မှု၊ အပြစ်မဲ့အရပ်သားများအား ဥပဒေမဲ့ဖမ်းဆီးသတ်ဖြတ်မှု စသည့်လုပ်ရပ်များ ဆောင်ရွက်နေသည့်အခြေအနေများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Defence& Security 2019 တက်ရောက်ခဲ့သည့် အခြေအနေများနှင့် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM–Plus (Vip Program) ပိတ်ပွဲသို့ တက်ရောက်ခဲ့မှု၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့မှုနှင့် ၂၀၁၉ခုနှစ်၊ ဧနန်ဝါရီ ၁ ရက်မှ နိုဝင်ဘာ၂၀ ရက်အထိ တိုင်းစစ်ဌာနချုပ်များအလိုက် မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဥပဒေချုပ်ရုံးမှ ဗိုလ်မှူးကြီး အောင်ခင်သိန်းက စစ်ဘက်တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသည့် သတင်းဌာနအသီးသီးတို့က သိရှိလိုသည်များ မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဥပဒေချုပ်ရုံးမှ ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ် သောင်းနိုင်တို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ရွှေပြည်သာမြို့နယ်ခန်းမ အဆောက်အအုံတည်ဆောက်ပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် သီရိမင်္ဂလာပတ်လမ်းထောင့်ရှိ စည်ပင်သာယာပိုင်စီမံကိန်းမြေတွင် တည်ဆောက်ပြီးစီးခဲ့သော မြို့နယ်ဂုဏ်ဆောင် မြို့နယ်ခန်းမအဆောက်အအုံသစ်လွှဲပြောင်းအပ်နှံခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာနှင့် ပန်းဖွားအက၊ ကရင်တိုင်းရင်းသားတို့၏ ကရင်ဒုံးယိမ်းအက၊ မြန်မာ့ရိုးရာခြင်းဝါသနာရှင်များ၏ ခြင်းအလှခတ်တင်ဆက်မှု၊ ခေတ်ပေါ် တေးဂီတသီဆိုဖျော်ဖြေခြင်းနှင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများကို ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ထည့်သွင်းကျင်းပမည်ဟု သိရသည်။

မြို့နယ်ခန်းမကို မြေဧရိယာအကျယ်အဝန်း (၃၅၀x ၁၁၀)ပေတွင် ခန်းမအဆောက်အအုံ အကျယ်အဝန်း (၁၈၅ ဒသမ ၉x ၈၀) ပေ အမြင့် ၂၄ ပေကို တစ်ထပ် Steel (Pitch Roof) အမျိုးအစားဖြင့် တည်ဆောက်ထားပြီး ကျန်မြေများတွင် ကားပါကင်၊ လူသွားလမ်း၊ ခြံစည်းရိုးအကာအရံ၊ ရေထုတ်ပြွန်အပါအဝင်အသုံးပြုရန် ရေနှင့် လျှပ်စစ်မီးတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၁ ဒသမ ၁ ဘီလီယံ အကုန်အကျခံကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

မြင့်သန်းကြည်
(ရွှေပြည်သာ)

ကလေးစာပေပွဲတော် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယမြောက်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို နိုဝင်ဘာ ၂၃၊ ၂၄ ရက်များတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ယနေ့ နံနက် ၉ နာရီမှစ၍ ဖျော်ဖြေရေးပွဲများ၊ ကျောင်းပေါင်းစုံမှ ပြခန်းများ၊ စာအုပ်ဆိုင်များ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စက္ကူ ခေါက်ပြိုင်ပွဲ၊ ကလေးစာပေပြခန်းများ၊ ကျေးနန်းစကားပြောပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ခုံဖိနပ်စီးပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲများဖြင့် ပွဲတော်က ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲမှုဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လင်းလင်းထွန်း(ပြန်/ဆက်)

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

ဒါရိုက်တာ အောမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း

ဒီတစ်ပတ် ကျွန်တော်တို့ရဲ့ ရုပ်ရှင်စကားဝိုင်းမှာ လာရောက်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်ကတော့ ထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မြန်မာ့ရုပ်ရှင်နဲ့ တစ်နှစ်တည်း၊ တစ်လတည်း မွေးဖွားလာတဲ့သူ ဖြစ်လို့ပါပဲ။ မြန်မာ့ရုပ်ရှင်ဟာ ၁၉၂၀ အောက်တိုဘာလ ၁၃ ရက်နေ့မှာ မွေးဖွားလာခဲ့ပါတယ်။ အခုကျွန်တော်နဲ့ ရုပ်ရှင်စကားဝိုင်းကို ဝင်ရောက်ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကြီးကတော့ ၁၉၂၀ အောက်တိုဘာလ ၁၆ ရက်နေ့မှာ မွေးဖွားလာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူကတော့ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လောကမှာ ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ အောမ်းရုပ်ရှင်၊ ဗြိတိသျှဘာသာမားရုပ်ရှင်ကုမ္ပဏီတွေထဲက အောမ်းရုပ်ရှင်ရဲ့ မျိုးဆက်တစ်ယောက်ဖြစ်ပါတယ်။ သူဟာ မြန်မာအဆွေကုမ္ပဏီက သူဌေးကြီး ဦးဘညွန့်နဲ့ ဇနီး ဒေါ်ငြိမ်းရှင်တို့ရဲ့ မြေးဦးလည်း ဖြစ်ပါတယ်။ ဦးဘညွန့်၊ ဒေါ်ငြိမ်းရှင်တို့ရဲ့ သမီးအကြီးဆုံး ဖြစ်တဲ့ ဒေါ်မြခင်ကနေပြီးတော့ မွေးဖွားလာတဲ့သား ဖြစ်ပါတယ်။



အမည် - ဦးတင်ယု
(၁၆. ၁၀. ၁၉၂၀ - ၅. ၁၀. ၂၀၁၃)
အနုပညာအမည် - အောမ်းမောင်တင်ယု
ရရှိခဲ့သောဆုများ နှင့် - ၁၉၆၀ ရုပ်ရှင်မောတ်ပုံအကယ်ဒမီဆု
တာဝန်ယူခဲ့သော - ပထမဆုံး ရုပ်ရှင်တစ်သက်တာဆု
အနုပညာလုပ်ငန်းများ - မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက

အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ -)
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

သူဌေး ဦးဘညွန့်နှင့် ဒေါ်ငြိမ်းရှင်

မြန်မာအဆွေ သူဌေးကြီးဦးဘညွန့်နဲ့ ဒေါ်ငြိမ်းရှင်တို့က မွေးဖွားလာတဲ့ သမီးကြီး ဒေါ်မြခင်ဟာ ရာဇဝတ်ဝန်ထောက် ဂျေမောင်စိန်နဲ့ အကြောင်းပါခဲ့ပါတယ်။ ဂျေမောင်စိန်နဲ့ ဒေါ်မြခင်ကနေပြီးတော့ အခုကျွန်တော်နဲ့ဆွေးနွေးမယ့် ဆရာမောင်တင်ယုနဲ့ သမီး မခင်မြင့်ကို မွေးဖွားခဲ့ပါတယ်။ ဆရာကြီးရဲ့ ဖခင်ဂျေမောင်စိန်ဆိုတာက လည်း နာမည်ကြီး ရုပ်ရှင်မင်းသား ကျော်ဟိန်းရဲ့ ဖခင်လည်း ဖြစ်ပါတယ်။

ကြည်စိုးထွန်း ။ ။ ဆရာကြီး ဦးတင်ယုရဲ့ ညီမဖြစ်တဲ့ ဒေါ်ခင်မြင့် ကလည်း မြဇော်ဖလင်ဆိုတာကို ထောင်ပြီးတော့ ဦးမြမောင်နဲ့ အိမ်ထောင်ပြုခဲ့ပါတယ်။ ဦးမြမောင်နဲ့ ဒေါ်ခင်မြင့်ကနေပြီးတော့ မြဇော်တို့၊ ကိုတိုးညွန့်တို့၊ စန္ဒာတို့၊ ဝင်းမာတို့ ဒီသားသမီးတွေကို မွေးဖွားခဲ့ပါတယ်။ ဒီတော့ ဆရာကြီးဟာ အောမ်းမျိုးဆက်ရဲ့ ပထမဆုံးမြေးမျိုးဆက်သစ်ဆိုလည်း မမှားပါဘူး။ အောမ်းမျိုးဆက်မှာ ပထမဆုံးသူဌေးကြီး ဦးဘညွန့်နဲ့ ဒေါ်ငြိမ်းရှင်တို့ရဲ့ မြေးဦးအနေနဲ့ ဆရာကြီးဟာ မွေးဖွားလာပြီးတော့ ဘယ်အချိန်မှာ ဆရာကြီးဟာ စပြီးတော့ ရုပ်ရှင်ထဲကို ဝင်ရောက်လာတယ်ဆိုတာ ကျွန်တော် သိချင်ပါတယ် ဆရာ။

ဦးတင်ယု ။ ။ မွေးတာကတော့ ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းက မြန်မာအဆွေတိုက် မွေးတာက လည်း လလယ်ခေါင် (၁၆) ရက်လေ။

ကြည်စိုးထွန်း ။ ။ ဆရာကြီး ဒီရုပ်ရှင်ကို စဝင်တဲ့ အခါကျတော့ ပညာပေးမှုပေါ့။ ဦးလေးတွေနဲ့ အတူတွဲပြီး လုပ်ဆောင်မှုတွေ ရှိမယ်လို့ထင်ပါတယ်။ အဲဒီတော့ ဦးလေးတွေထဲမှာ နာမည်ကြီးတာက ဦးတင်နွယ်ရှိမယ်။ ဦးမောင်မောင်စိုးရှိမယ်၊ ဦးညီပုရှိမယ်၊ ဦးတင်မောင်ရှိမယ်နော် ဆရာ။ အဲဒီထဲက ဆရာကြီးက ဘယ်ဦးလေးနဲ့များ ပိုပြီးတော့ခင်လဲဆိုတာ ကျွန်တော် သိချင်ပါတယ်။

ဦးတင်ယု ။ ။ ဦးတင်မောင်ကို အခင်ဆုံး။ သူငယ်ချင်းလိုပဲ နေတာ။

ကြည်စိုးထွန်း ။ ။ ဒါပေမယ့် အသက်ကတော့ ကွာတယ်နော် ဆရာ။

ဦးတင်ယု ။ ။ သူက ကျွန်တော့်အမေအိမ်မှာ လိုက်နေတာ။

ကြည်စိုးထွန်း ။ ။ သြော် ဒေါ်မြခင်အိမ်မှာ သူတို့က မောင်နှမကိုး ဆရာနော်။ အဲ သူက လူပျိုလား ဆရာ။

ရာဇဝတ်ဝန်ထောက် ဂျေမောင်စိန်နှင့် ဒေါ်မြခင်

ဦးတင်ယု ။ ။ လူပျိုပေါ့ လူပျိုကြီး။

ကြည်စိုးထွန်း ။ ။ သြော် လူပျိုကြီးလား၊ ကြီးမှ အိမ်ထောင်ကျတာပေါ့။ ဟုတ်ကဲ့ဆရာ ပြောပါဦး ဆရာ။

ဦးတင်ယု ။ ။ မွေးတော့ မော်လမြိုင်နဲ့ ရန်ကုန်နဲ့ကို ကူးချည်သန်းချည် သွားနေရတယ်။ ရန်ကုန်ကနေမှ မင်းဘူး။

ကြည်စိုးထွန်း ။ ။ မင်းဘူးမှာ အဖေရှိတာ ကိုးနော်။ အဖေက အဲဒီမှာ ရာဇဝတ်ဝန်ထောက်လား ဆရာ။

ဦးတင်ယု ။ ။ အဲဒီမှာ ကျောင်းနေတယ်။ ၁၇နှစ်သားကတည်းကရုပ်ရှင်ထဲမှာ ဝင်ဝင်လုပ်တယ်။ မှတ်တမ်းတင်လုပ်ပေမယ့် တစ်ခါတည်း တည်းဖြတ်ကို ဝင်တာ။

ကြည်စိုးထွန်း ။ ။ တည်းဖြတ်ပါတစ်ခါတည်း ဝင်တယ်။ အဲဒါ ဘယ်ဦးလေးလဲ ဆရာ။

ဦးတင်ယု ။ ။ ဦးတင်မောင်ပဲ၊ ဦးတင်မောင်ကားတွေမှာပဲ မှတ်တမ်းတင်တာ။

ကြည်စိုးထွန်း ။ ။ ဘယ်ကား တွေလဲ ဆရာ မှတ် မိ သ လောက် ပြောပါဦး။

ဦးတင်ယု ။ ။ မှတ်တမ်းတင်စလုပ်တာ ၁၉၃၇ ခုနှစ် (၁၇) နှစ်သား 'ဖူးစာရှင်' သံစုံသွင်း။

ကြည်စိုးထွန်း ။ ။ ဒီမှာ 'ဖူးစာရှင်' သံစုံသွင်းဆိုတော့ ဆရာ။ ဒီသံစုံသွင်းဆိုတဲ့ အဓိပ္ပာယ်ကို ဒီခေတ်လူငယ်တွေလည်း သိကြမယ်မထင်ဘူး ဆရာ။ ကျွန်တော် ကိုယ်တိုင်ကလည်း ကြည့်တော့ကြည့်ဖူးတယ် ဝိုးတိုးဝါးတားပဲ။အဲဒီတော့ သံစုံသွင်းဆိုတဲ့ အဓိပ္ပာယ်လေးနည်းနည်းရှင်းပြပါဦး ဆရာ။

ဦးတင်ယု ။ ။ ကျွန်တော်တို့အသံတိတ်မှာက စာတန်းတွေနဲ့ ပြတာ။ အဲဒီစာတန်းတွေကို လိုက်ဖတ်ပေးရတာ။ လိုက်ဖတ်ပေးပေမယ့် အိုက်တင်နဲ့ ဖတ်ပေးတာ။

စာမျက်နှာ ၇ သို့

ကျော်ဟိန်း

မြဇော်ဖလင်ပိုင်ရှင် ဦးမြမောင်



စာမျက်နှာ ၆ မှ

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့ ဆရာ။ အသံနေ အသံထားနဲ့။

ဦးတင်ယု ။ ။ အဲဒါလည်းပြီးရော။ Music ပါ တစ်ခါတည်းသွင်းတာ၊ ဆိုင်းကို အသံတွေထည့်ပေးလိုက်တာပေါ့။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့ ဆရာ။ အမှန်တော့ ပါးစပ်ပေါက်ကိုက်အောင် ပြောတာမဟုတ်ဘူး။ စာတန်းထိုးတဲ့အချိန်မှာ အသံနေအသံထားနဲ့ လိုက်ပြောတယ်။ နောက်ဂီတသံလည်းပါတယ်။ အဲဒါကို သံစုံသွင်းလို့ ခေါ်တယ်။ ဒီဟာက ကျွန်တော် ထင်တယ် ဆရာ၊ အသံတိတ်နဲ့ အသံထွက်ကြားထဲမှာ အသံထွက်ဖို့ ကြိုးစားရင်းနဲ့ သံစုံသွင်းဆိုတဲ့ ကားတွေကို

အောင်သပြေဇာတ်ကားမှ ဇာတ်ဝင်ခန်း

ကျွန်တော်တို့နိုင်ငံမှာ ရိုက်တဲ့သဘောထင်တယ်။

ဦးတင်ယု ။ ။ အသံထွက်ကျရင် ကောင်းအောင်လို့ ဒါတွေကို စမ်းစမ်းပြီး လုပ်တာ။

ကြည်စိုးထွန်း ။ ။ ကျွန်တော် ကြည့်ဖူးတယ် ဆရာ စောရသက်ပြင်းလား၊ ဘာလား။ အဲဒီလိုကား ကျော်ဆွေနဲ့ မြင့်မြင့်ခင် ထင်တယ်။ သံစုံသွင်းဆိုတာ အဲဒါမျိုးကြည့်ဖူးတယ် ဆရာ ထဲမှာ ဆရာကြီး ဦးတင်မောင်ပေါ့။ ဆရာ့ရဲ့ ဦးလေး ပြောဖူးတာ၊ ကျွန်တော်ကြားဖူးတာ၊ သူအဲဒီကားမှာ ပါတော်မူခန်း ထည့်တယ်လို့ ပြောတယ် ဆရာ။ ပါတော်မူခန်းထည့်တယ် နောက်တစ်ခု အလံပေါ့ ဆရာ။ ကျွန်တော်တို့ရဲ့ မြန်မာအလံက အောက်ကျပြီးတော့ ဗြိတိသျှအလံက အပေါ်တက်သွားတာတို့၊ ဘာတို့ သူထည့်တယ် ပြောတယ်။ ခံပြင်းတာပေါ့နော်။ စိတ်ထဲမှာ မခံချိမခံသာဖြစ်လာ ဘာညာဆိုတော့ အဲဒီမှာ အင်္ဂလိပ်အစိုးရက ကုမ္ပဏီကို ခေါ်ပြီးတော့ ဖျက်ခိုင်းတယ်လို့ ကြားတယ်၊ ဟုတ်လားဆရာ။

ဦးတင်ယု ။ ။ ဖျက်ခိုင်းတာကို ဒီကလည်း မဖျက်တော့ အဲဒီကားကို ပိတ်လိုက်တယ်။

ကြည်စိုးထွန်း ။ ။ သြော် ‘၁၉၃၈’ မှာ ချစ်စနိုး။ ချစ်စနိုးက အသံထွက်မဟုတ်လား ဆရာ။

ဦးတင်ယု ။ ။ အသံထွက် (၁၂) ပိုင်း။

ကြည်စိုးထွန်း ။ ။ သြော် ဟုတ်ကဲ့ ဆရာ၊ သြော် Actor တွေက မောင်တင်မောင်၊ ခင်နှင်းရီ။ ခင်နှင်းရီဆိုတာ ဦးမောင် မောင်စိုးရဲ့ ဇနီးမဟုတ်လား။ ဦးမောင်မောင်စိုးရဲ့ဇနီးဆိုတော့ ဦးတင်မောင်နဲ့ကျတော့ မရီးပေါ့။ ဦးမောင်မောင်စိုးက ဦးတင်မောင်ထက် ကြီးလား။

ဦးတင်ယု ။ ။ ကြီးတယ်။

ကြည်စိုးထွန်း ။ ။ အဲဒီတော့ မရီးပေါ့ ဆရာရဲ့။ မရီးနဲ့ မတ်နဲ့ တွဲပြီးတော့ ရိုက်တဲ့ကားပေါ့နော်။ အဲဒီတုန်းက ဒေါ်ခင်နှင်းရီက ဦးမောင်မောင်စိုးနဲ့ အိမ်ထောင်ကျပြီလား။ သြော် ကျပြီပေါ့ဆရာနော် မရီးနဲ့ မတ်နဲ့ ပါတဲ့ကားပေါ့။

ဦးတင်ယု ။ ။ ပြီးတော့ ‘လပြာသို’ လေးပိုင်း အသံထွက်။

ကြည်စိုးထွန်း ။ ။ ဆရာ ခုနဟာကျတော့ (၁၂) ပိုင်း၊ အခုကျ (၄) ပိုင်းဖြစ်သွားတယ်။ နည်းသွားတာပေါ့။

ဦးတင်ယု ။ ။ ‘လပြာသို’က စမ်းပြကြည့်တာ၊ ‘ချစ်စနိုး’နဲ့ တွဲပြတာ။

ကြည်စိုးထွန်း ။ ။ အဲဒီတော့ ‘ချစ်စနိုး’ က (၁၂) ပိုင်း၊ ‘လပြာသို’ က (၄) ပိုင်းဆိုတော့ (၁၆) ပိုင်း ဖြစ်သွားတာပေါ့နော်။

ဦးတင်ယု ။ ။ ဟိုတုန်းကတော့ ပြတာပဲ။

ကြည်စိုးထွန်း ။ ။ အဲဒီထဲမှာ ဆရာ သရုပ်ဆောင်က ‘တက္ကသိုလ်ဖေစန်း’ တို့၊ ‘မေသင်းကြိုင်’ တို့နော် ဆရာ။ တက္ကသိုလ်ဖေဆန်းဆိုတာက ဆရာတို့အေဝမ်း

တက္ကသိုလ်ဖေစန်း

ကြည်စိုးထွန်း ။ ။ ‘မြားနတ်မောင်’ က နာမည်ကြီးတယ် ဆရာ။

ဦးတင်ယု ။ ။ အဲဒီတုန်းကလည်း အသံထွက်ပဲ။ မှတ်တမ်းတင်ပဲ မှတ်တမ်းတင်တောင်မှ အချိန်ပြည့်မဟုတ်ဘူး။ မှတ်တမ်းတင်ရေးပြီးတာနဲ့ ကျောင်းသွားတက်။

ကြည်စိုးထွန်း ။ ။ ဆရာအဲဒီကား နာမည်ကြီးတယ်နော်။ ‘မြားနတ်မောင်’ က မောင်တင်မောင်နဲ့ မေရှင်နဲ့ နာမည်ကြီးပြီးတော့ ပရိသတ်ကလည်း ကြိုက်ကြတယ်။ နောက်တစ်ခါပြန်ရိုက်တယ်နော် ဆရာ။ မောင်ညွှန့်ဝင်းနဲ့ ခေါ်မြင့်မြင့်ခင်နဲ့ အေဝမ်းကပဲ ပြန်ရိုက်တာ ဆရာ။ မမထားနဲ့ အပါဆိုပြီးတော့။ ဆရာကြီး ဦးတင်မောင်ပဲ ရိုက်တာထင်တယ်။ သြော် ကြည့်ရတယ် ဆရာ အဲဒါလေး မှတ်မိသေးတယ်။ ကောင်းတယ် ဆရာ၊ ဟုတ်ကဲ့ ဆရာ။

ဦးတင်ယု ။ ။ ပြီးတော့ ချစ်အမျှ။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့ချစ်အမျှလည်း ကောင်းတာပဲ ဆရာ။

ဦးတင်ယု ။ ။ မှတ်တမ်းပဲ။

ကြည်စိုးထွန်း ။ ။ ဆရာ့ဥပစာတန်းတက် နေရာကနေ ကျောင်းက ထွက်တယ်ထင်တယ်။ တစ်လိမ်နှစ်လိမ်တို့၊ ချစ်အမျှတို့ ထင်တယ်နော်။

ဆက်လက်ဖော်ပြပါမည်

အခုဆရာပြောတော့ ပိုရှင်းသွားတာပေါ့နော်။ အဲဒီတော့ ဆရာ တဖြည်းဖြည်းနဲ့ အသံထွက်ခေတ်ကို ရောက်လုရောက်ခါနီးပေါ့နော်။

ဦးတင်ယု ။ ။ အဲဒါပြီးတော့ ၁၉၃၇ ခုနှစ်မှာပဲ အသံထွက်ရိုက်တယ်။ ‘အောင်သပြေ’ မှာတော့ တည်းဖြတ်နဲ့ Background Music တွေ သွင်းတဲ့ဟာကို တာဝန်ယူတယ်။

ကြည်စိုးထွန်း ။ ။ ‘အောင်သပြေ’ က ကျွန်တော်မှတ်မိသလောက် ဆရာ အဲဒီအချိန်က ဗြိတိသျှအစိုးရလက်အောက်မှာ ကျွန်တော်တို့က ရှိတာပေါ့။ အဲဒီ

၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့သော ကျွန်းစိုက်ခင်း နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပ

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၁၉၁၉ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် ကျွန်းစိုက်ခင်း သက်တမ်း နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၂၄

၁၉၁၉ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် ကျွန်းစိုက်ခင်း သက်တမ်း နှစ်(၁၀၀)ပြည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြီးဝိုင်း အကွက်အမှတ် (၂၀) တွင် ကျင်းပသည်။

ကြီးမားသည့်စိန်ခေါ်မှု

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပဲခူးရိုးမသည် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်၏ ရေဝေရေလဲဧရိယာဖြစ်ပြီး ဧရိယာအားဖြင့် ဧက ၁၂၅ သိန်းရှိကြောင်း၊ ပဲခူး၊ ရန်ကုန်၊ မကွေး၊ မန္တလေးစသည့် တိုင်းဒေသကြီးများနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့အတွင်း ကျရောက်ပါကြောင်း၊ ၁၉၈၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် အမျိုးသားသစ်တောသယံဇာတ စာရင်းကောက်စီမံကိန်း (NFI) အချက်အလက်များအရ တစ်ဧက ကျွန်းပေါက်ရောက်မှုသည် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ကို သိရပါကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်း နိုင်ငံ၏ အမျိုးမျိုးသော အမျိုးသားသယံဇာတများကို အလွန်အကျွံ ထုတ်ယူခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုသည် FRA 2015 အရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ နှစ်စဉ်ပြုန်းတီးမှုနှုန်းသည် နိုင်ငံဧရိယာ၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့် ဖြစ်သည့်အတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်တော ဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်တာ ရှိပြီဖြစ်ပါကြောင်း။

စီးပွားရေးကျွန်းစိုက်ခင်းများ

ပဲခူးရိုးမဒေသတွင် သစ်ထုတ်ယူမှုများကို မြန်မာဘုရင်များလက်ထက်မှ ၂၀၁၅ ခုနှစ်အထိ နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ထုတ်ယူခဲ့ကြသဖြင့် အဆိုပါထုတ်ယူမှုများကို ပြန်လည်ဖြည့်တင်းချိန်ညှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးကျွန်းစိုက်ခင်းများကို စီးပွားဖြစ် စိုက်ပျိုးတည်ထောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၁၉၈၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကျွန်းစိုက်ခင်းဧရိယာဧက ၃၆၀၈၀ ကို တည်ထောင်ပြီးဖြစ်ပါကြောင်း၊ တည်ထောင်ခဲ့သည့် အဆိုပါ စိုက်ခင်းများအနက် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းခဲ့ရသည့် စိုက်ခင်းများကို MRRP စီမံကိန်းအရ စီးပွားရေးစိုက်ခင်းဟောင်း ပြန်လည်ဆယ်တင်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စိုက်ခင်းဧရိယာများ ပြန်လည်ဖြစ်ထွန်းလာစေရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ က စိုက်ပျိုးခဲ့သည့် ကျွန်းစိုက်ခင်းတစ်ခင်း၏ လက်ရှိပကတိတည်ရှိမှုကို လေ့လာသုံးသပ်ခြင်းဖြင့် သမိုင်းထဲက စိုက်ခင်း၏ ဖြစ်ပေါ်တိုးတက်မှုများကို မှန်းဆနိုင်မည်ဖြစ်ပြီး အနာဂတ်စိုက်ခင်းများ၏ လားရာကိုလည်း တွက်ဆမျှော်မှန်းနိုင်မည် ဖြစ်ပါကြောင်း။

ရှေးယခင်က သစ်တောပညာရှင်များသည် သဘာဝ၏အတိုးအပွားကို သာထုတ်ယူခဲ့ကြပြီး သဘာဝသစ်တောများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လူသားစွမ်းအားဖြင့် တည်ထောင်သော သစ်တောစိုက်ခင်းများ၏ပမာဏအရွယ်အစားကို ချင့်ချိန်တည်ထောင်ခဲ့ကြသည်ဟု ယူဆမိပါကြောင်း၊ ယခုရောက်ရှိနေသည့် တောင်နဝင်းကြိုးဝိုင်း အကွက် အမှတ် (၂၀) အတွင်း ၁၉၁၈ ခုနှစ်တွင် ဧက ၈၀၊ ၁၉၁၉ ခုနှစ်တွင် ဧက ၈၀၊ ၁၉၂၀ ပြည့်နှစ်တွင် ဧက ၃၀ နှင့် ၁၉၂၁ ခုနှစ်တွင် ၇၈ ဧကဖြင့် ကျွန်းစိုက်ခင်းများကို စုစုပေါင်း ၂၆၈ ဧကသာ တည်ထောင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် သိရှိသတိပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကျွန်းစိုက်ခင်း ၂၆၈ ဧက အတွင်း ၂၀၀၃ ခုနှစ်တွင် ကောက်ယူခဲ့သည့်စာရင်းအရ အပင်စုစုပေါင်း ၇၃၄၆ ပင်ရှိ၍ လုံးပတ်လေးပေနှင့် အထက် ၅၆၆၃ ပင်ရှိသည့်အတွက် ကြီးထွားမှုကောင်းမွန်သည့်စိုက်ခင်းများ ဖြစ်ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်းက အဆိုပါ ၂၆၈ ဧကအနက် ၂၄၃ ဧက အတွင်း အပြောင်ရှင်းစနစ်ဖြင့် ခုတ်လှဲထုတ်ယူခဲ့ရာ စုစုပေါင်း ၅၁၅၂ ဒသမ ၀၇ တန်ထွက်ရှိ၍ ၁ ဧက ပျမ်းမျှတန် ၂၀ ခန့် ထွက်ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

နှစ် ၁၀၀ ကျော် စိုက်ခင်းများ

ထို့နောက် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဦးက ပဲခူးတိုင်းဒေသကြီး အတွင်းရှိ စိုက်ခင်းများ စိုက်ပျိုး တည်ထောင်ပြီးစီးမှု အခြေအနေနှင့် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်းအတွင်းရှိ နှစ် ၁၀၀ ကျော် စိုက်ခင်းများ၏ အခြေအနေများကို တင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ် ၈၉ / ၃ အနီးရှိ တောင်ဝူခရိုင် ဖြူးမြို့နယ် ဖြူးကွန်းကြိုးဝိုင်း အကွက်အမှတ် ၈ အတွင်း စိုက်ပျိုးတည်ထောင်ထားသော ၁/၂၀၁၉စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၀၀ သို့ရောက်ရှိပြီး ကျွန်းစိုက်ခင်းအတွင်း သီးနှံ၊ သစ်တောရောနှောစိုက်ပျိုးသည့် တောင်ယာစနစ်ဖြင့် နန္တင်းပင်နှင့် ကျွန်းပင်များရောနှောစိုက်ပျိုးထားမှု အခြေအနေများအားကြည့်ရှုသည်။

ကျွန်းစိုက်ခင်း ၁၂၅ ဧက

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အုတ်တွင်း-ပေါက်ခေါင်းကားလမ်းဘေး မိုင်တိုင်အမှတ် ၉၀/၀ အနီး အုတ်တွင်းမြို့နယ် သစ်တော ဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသည့် ၁/၂၀၁၆ ကျွန်းစိုက်ခင်း ၁၂၅ ဧက တတိယနှစ်ပေါင်းရှင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၁၉၁၉ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် နှစ်(၁၀၀)ပြည့် ကျွန်းစိုက်ခင်း။

မြောင်းမြမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ကျင်းပ

မြောင်းမြ နိုဝင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူးဦးသောင်းတင်ထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံသို့ဒေသဆိုင်ရာသတင်းများပေးပို့ပြီး ထူးချွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး (အသံလွှင့်) ဒေါ်သိလ္လာစိုးက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(ယာဝုံ)**

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံဝန်ထမ်းများက မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဒေသခံများက ဒုံးယိမ်းအက၊ ဝါးညှပ်အကတို့ဖြင့် ပါဝင်ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာ့အသံရေဒီယို အစီအစဉ်များဖြစ်သည့် ပြည်သူ့ကြားက စကားသံ၊ ရင်ခွေ့မိုး (ဇာတ်လမ်းသရုပ်ပြ)၊ ပြိုးပဒေသာနှင့် မုသားနောက်ကွယ်ကဘဝများ အစီအစဉ်တို့ကို ကောက်နုတ်မိတ်ဆက် သရုပ်ပြသပြီး ပြည်သူ့အတွက် ထာဝရ မြန်မာ့အသံသီချင်းကို အဖွဲ့လိုက် သီဆိုဖျော်ဖြေကြကာ အခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဆက်လက်ကျင်းပရန် စီစဉ်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

လူထုဒေါ်အမာ (၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အမရပူရ တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပမည်

အမရပူရ နိုဝင်ဘာ ၂၄

မြန်မာ့စာပေလောကနှင့် သတင်းစာလောကတွင် ထင်ရှားကျော်ကြားပြီး အမှန်တရားနှင့် ပြည်သူလူထုဘက်မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကလောင်အစွမ်းဖြင့် ဆောင်ရွက်ခဲ့သော စာရေးဆရာမ၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ (၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို အမရပူရမြို့ တောင်သမန်အင်းစောင်းရှိ တောင်လေးလုံးကျောင်းတိုက် သူဌေးဘုရားရေပြင်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သားဖြစ်သူ ဆရာ ညီပုလေးထံမှ သိရသည်။

အမည်ရင်းမှာ ဒေါ်အမာဖြစ်ပြီး ၁၉၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် အဖ ဦးထင်၊ အမိ ဒေါ်စုတို့က မန္တလေးမြို့ ဂုန္တန်ရပ်တွင် မွေးဖွားခဲ့သည်။ မွေးချင်း ၁၂ဦးအနက် စတုတ္ထမြောက်သမီးဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၃၃ ခုနှစ်မှ ၁၉၃၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၊ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီအေအောက်တန်းတွင် ပညာသင်ကြားခဲ့ပြီး ဒုတိယကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်များတွင် ခင်လဝင်း၊ မြမဥူ ကလောင်အမည်များဖြင့် စာပေများ စတင်ရေးသားခဲ့သည်။ မန္တလေးမြို့၌ မြန်မာစက္ကူဆိုင်ဖွင့်လှစ်ခဲ့သည်။ ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် လူထုဦးလှနှင့် လက်ထပ်ခဲ့ပြီး သားသမီးငါးဦး ထွန်းကားခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် လူထုဂျာနယ်အယ်ဒီတာ၊ ၁၉၄၆ ခုနှစ်တွင် လူထုသတင်းစာအယ်ဒီတာအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ စာအုပ်ပေါင်း ၄၀ ကျော် ရေးသားထုတ်ဝေခဲ့ပြီး နောက်ဆုံးအချိန်အထိ မဂ္ဂဇင်းများကို စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူချစ်သော အနုပညာသည်များ စာအုပ်ဖြင့် စာပေဗိမာန် မြန်မာ့ယဉ်ကျေးမှု အနုပညာဆိုင်ရာစာပေ ပထမဆုရရှိခဲ့သည်။ ကလောင်အမည်ခွဲများမှာ ခင်လဝင်း၊ ဇဗ္ဗူဒီပါအောင်ထွန်း၊ ဖခင်အောင်နိုင်၊ ဖိုးသာအောင်၊ မြမဥူအမာ၊ အမာ(တက္ကသိုလ် သပိတ်မှောက်ကျောင်းသူ)၊ အင်းလျားအဆောင်သူတစ်ဦးတို့ ဖြစ်သည်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် အသက် (၇၀)ပြည့်မွေးနေ့မှစပြီး မွေးနေ့အထိမ်းအမှတ်ပွဲများကို တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပခဲ့သည်။ မဟာဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြစကြာကျောင်းတိုက်နှင့် ဝိဇိတာရုံကျောင်းတိုက်တို့တွင်လည်း မွေးနေ့ပွဲများ ကျင်းပခဲ့ဖူးသည်။ ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက် နံနက် ၈ နာရီ ၃၇ မိနစ်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

အောင်စံမောင်

မြစ်ကြီးနား၌ အမျိုးသမီးများ အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

မြစ်ကြီးနား နိုဝင်ဘာ ၂၄

အမျိုးသမီးများ အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ၂၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဦးနေဝင်း၊ မြစ်ကြီးနားပညာရေးကောလိပ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်းတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ ပါဝင်ခဲ့ကြကာ မြို့တော်ခန်းမ၌ စုရပ်ပြုလုပ်၍ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး တက်ရောက်လာသူများအား အမျိုးသမီးများအကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အမှတ်တရဦးထုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ပန်းမာလာရနံ့များ သင်းပျံ့ဝေ၊ အကြမ်းဖက်မှုမှ ပပျောက်စေ

* ယနေ့ကမ္ဘာ ပြည်မြန်မာတွင်
မာလာခိုင်းနှိုင်း ပန်းရိုင်းကစ
ရရှိခံစား ခွင့်ရေးများကို
ကျား မတန်းတူ ခွဲမမူဘဲ
"အမျိုးသမီးများအပေါ်
အကြမ်းဖက်မှု ပပျောက်ရေး"
လူထုအတွင်း လှုံ့ဆော်ခြင်းကို
မြို့တွင်းပြည်နှံ့
ကျယ်ကျယ်ပြန့်အောင်
တပ်လှန့်လှုပ်ရှား ပြုခဲ့ပြီ။

* "မြန်မာနိုင်ငံလုံးဆိုင်ရာ
အမျိုးသမီးကော်မတီ"
ဦးဆောင်ချီ၍ တူညီဖွဲ့စည်း
အမျိုးသမီးများနှင့် ဌာနဆိုင်ရာ
ပူးပေါင်းကာနွဲ့ စွဲမြဲအသိ
ရင်ထဲရှိအောင်
ရွက်ဆောင်ကြိုးပမ်း
ပြည်အဝှမ်း(ဝန်း)။
မာလာပန်းတို့ လန်းပါစေ။
ထုံသင်းမွှေးပျံ့ ရနံ့ဝေ။

* နိုင်ငံ၊ စီးပွား ကဏ္ဍများနှင့်. . . .
ယဉ်ကျေး၊ လူမှု ပြည်သူ့ရေးရာ
ဖြာဖြာနယ်များ မခွဲခြားဘဲ
ကျား၊ မ မဟူ ညီမျှတူရေး
ဆောင်ရွက်ပေးမှ မနှေးကမ္ဘာ
ဂုဏ်သိက္ခာပန်း ညှိုးမနွမ်းဘဲ
အေးချမ်းသာယာ ပန်းမာလာတို့
သင်းကာရနံ့ မွှေးပျံ့ပြီ။
စွမ်းကုန်ဖူးပွင့် လှပမည်။

* သြော် . . . .
ကမ္ဘာကြီးအတွက် . . . .
အနာဂတ်အတွက် . . . .
ကလေးများအတွက် . . . .
မိသားစုအတွက် . . . .
ပုခက်လွှဲသော လက်များပိုင်ရှင်
မြတ်ဂုဏ်အင်ကို ကြင်နာမေတ္တာ
ဖြူစင်စွာဖြင့် . . . .
ကရုဏာထား မခွဲခြားဘဲ . . . .
တို့များတွဲလက် ပူးပေါင်းယှက်စို့
"ပန်းမာလာရနံ့များ သင်းပျံ့ဝေ"
အမျိုးသမီးများအပေါ်
အကြမ်းဖက်မှုမှ ပပျောက်စေ။ ။

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပမည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကို ကြိုဆိုဂုဏ်ပြုပါသည်။)

မင်းသန်းနိုင်(မုဒုံ)

ကရင်ပြည်နယ်အစိုးရအဖွဲ့ သံလွင်အနောက်ခြမ်းကျေးရွာများ ရေရရှိရေး တွင်းတူးစက်ကြီးများဖြင့်တူးဖော်ပေး

ဘားအံ နိုဝင်ဘာ ၂၄

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်အနောက်ခြမ်း ဘားကပ်၊ ရသေ့ပျံ၊ ပန်းကုန်းကျေးရွာအုပ်စုရှိ ကျေးရွာအချို့တွင် သောက်ရေ၊ သုံးရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကျေးရွာသူ၊ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေကို ရရှိစေရေးအတွက် အနက်ပေရာနှင့်ချီ တူးဖော်နိုင်သော ကျောက်ဖောက်တွင်းတူး စက်ကြီးများဖြင့် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။

ရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများ၌ ရေရှည်ကာလများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ပညာရှင်များပါဝင်သည့် မြေအောက်ရေအခြေအနေ တိုင်းတာသည့်အဖွဲ့ဖြင့် ကွင်းဆင်းတိုင်းတာခဲ့ပြီး ရေတွင်းကုန်း၊ နတ်ကုန်း၊ ၄က်ပျောတောနှင့် ကော့ပတိုင်ကျေးရွာတို့တွင် ကျောက်ဖောက်တွင်းတူး စက်ကြီးများဖြင့် စက်ရေတွင်းတစ်တွင်းစီ တူးဖော်ပေးသွားမည်ဖြစ်ရာ ယခုအခါ ရေတွင်းကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျောက်ဖောက် တွင်းတူးစက်ကြီးဖြင့် လည်းကောင်း၊ နတ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ပရဝဏ်အတွင်း၌ အမှတ်(၂)ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ မှ တွင်းတူးစက်ကြီးဖြင့် လည်းကောင်း၊ ၄က်ပျောတော ကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)မှ ကျောက်ဖောက် တွင်းတူးစက်ကြီးဖြင့် လည်းကောင်း စက်ရေတွင်းတစ်တွင်းစီကို တူးဖော်ပေးလျက်ရှိပြီး ကော့ပတိုင်ကျေးရွာတွင်လည်း စက်ရေတွင်းတစ်တွင်းကို တူးဖော်ပေးသွားမည်ဖြစ်သည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နတ်ကုန်းကျေးရွာတွင် ၂၀၁၆-၂၀၁၇ ခုနှစ်က တူးဖော်ပေးခဲ့သော စက်ရေတွင်း တစ်တွင်းကို အဆင့်မြှင့်တင်ရေစင်ဆောက်လုပ်ပေးပြီး ကျေးရွာပြည်သူများ လွယ်လင့်တကူ သောက်သုံးရေများ လာရောက်သယ်ယူနိုင်ရေး ကျေးရွာလမ်းမကြီးဘေးတွင် အများသုံးရေတိုင်များ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးခင်မောင်ဝင်းက "ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ရေလိုအပ်ချက်ရှိတဲ့ကျေးရွာတွေကို ဦးစားပေးအလိုက် နှစ်စဉ်ရေအရင်းအမြစ် လုပ်ငန်းသစ်တွေဆောင်ရွက်ပေးနေသလို ရှိပြီးသား အများသုံးသောက်ရေသုံးရေတွင်းတွေကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးတာတွေရှိပါတယ်။ ရေရှည်မှာ ကျေးရွာပြည်သူ ပူးပေါင်းပါဝင်မှုနဲ့ အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးဝေရေးစနစ်တွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု ပြောသည်။

နတ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ပရဝဏ်အတွင်း၌ အမှတ်(၂)ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ မှ တွင်းတူးစက်ကြီးဖြင့် ရေရရှိရေး တူးဖော်ပေးစဉ်။

ယခု တူးဖော်ပေးလျက်ရှိသည့် စက်ရေတွင်း တွင်းနက်များသည် ကရင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စက်ရေတွင်း တစ်တွင်းလျှင် တစ်ရက်ပျမ်းမျှ ရေဂါလန်ထောင်ချီ ထွက်ရှိနိုင်မည်ဖြစ်ပြီး အဆိုပါ ကျေးရွာများရှိ အိမ်ခြေ ၅၀၃ လုံးမှ လူဦးရေ ၂၀၂၃ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေသုံးရေများကို ရာသီမရွေး၊ အချိန်ကာလမရွေး ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

စောမျိုးမင်းသိန်း
(ပြန်/ဆက်)

သီပေါ ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲနှင့် ဒေသစာရီလှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

သီပေါ နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရွေးနှစ်ပေါင်း ၁၂၇ နှစ်က အုန်းတောင်စော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော်ကို **(ယာပုံ)** နတ်တော်လဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ (၁၆) ကြိမ်မြောက် ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ် လှည့်လည်အပူဇော်ခံနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

သာသနာရေးဆိုင်ရာများလျှောက်ထား

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာ နာယူကြသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဝေဇင်ထွန်း၏ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းစံတင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူးဦးမြသန်းက ပွဲတော်ကျင်းပရေးလုပ်ငန်းစီမံချက်ကို ဖတ်ကြားတင်ပြ၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးကာ စီမံချက်ပါ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

အင်းစိန်သတင်းစာဆရာအသင်း၏ ပဋ္ဌမအကြိမ် သတင်းထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက အင်းစိန် မြို့နယ် သတင်းစာဆရာအသင်း၏ ပဋ္ဌမအကြိမ် သတင်းထူးချွန်ဆုနှင့် ပညာရည်ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ရန်ကုန်)မှ တာဝန်ရှိသူများ၊ မြို့နယ်သတင်းစာဆရာအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ၎င်းတို့၏ အခြေခံပညာထူးချွန်ဆုရသားသမီးများ၊ ၂၀၁၉ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

"ကျွန်တော်တို့ ဒီလိုဆုချီးမြှင့်ဂုဏ်ပြုပွဲကို ၂၀၁၅ ခုနှစ်ကစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့တာ အခုဆို ငါးကြိမ်မြောက်ရှိပါပြီ။ သတင်းအကောင်းဆုံးဆု၊ သတင်းဆောင်းပါးအကောင်းဆုံးဆု၊ သတင်းဓာတ်ပုံအကောင်းဆုံးဆု၊ ဒီနှစ်ထူးခြားတာက သတင်းသူရဲကောင်းဆု တိုးပြီးချီးမြှင့်နိုင်ခဲ့တာပါပဲ" ဟု အင်းစိန်မြို့နယ် သတင်းစာဆရာ အသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) က ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာအုပ်စု ရွှေလှေကျေးရွာ တပ်မတော်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိသာရဒ (သဒ္ဓမ္မဇောတိကဓဇ) ဘဝနတ်ထံပျံ့လွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာအုပ်စု ရွှေလှေကျေးရွာ တပ်မတော်ကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိသာရဒ မဟာထေရ်မြတ်ကြီးသည် သက်တော် ၁၀၃ နှစ်၊ သိက္ခာတော် ၈၄ ဝါ အရ ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၂-၁၁-၂၀၁၉၊ သောကြာနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံ့လွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၁-၁၂-၂၀၁၉ တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်ဩဝါဒါစရိယ
ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ရွှေလှေကျေးရွာအုပ်စု၊ ရွှေလှေကျေးရွာ တပ်မတော်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသာရဒ (သဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျှာသည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာ ခမည်းတော် ဦးဖိုးချိန်၊ မယ်တော် ဒေါစိန်ခင်တို့မှ ၁၂၇၉ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျှာသည် ၁၂၉၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေရွာ ဒကွိဏ္ဏာရာမတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ဦးဟံသာ၊ ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပြီး ၁၂၉၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဒကွိဏ္ဏာရာမတောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မင်းဂရုရွှေလှေကျေးရွာ၊ ကျိုက္ခနိမ်စေတီတော် ရင်ပြင်တော်အနီး ဥဒကုက္ခေပရေသိမ်၌ ခမည်းတော် မယ်တော် အမှူးရှိသော ရဟန်းဒါယကာဦးဟံသာ၊ ရဟန်းဒါယိကာမ ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဒကွိဏ္ဏာရာမကျောင်းနှင့် ရန်ကုန်မြို့၊ အိမ်တော်ရာ ဓမ္မရုံသီ ဝိဋ္ဌကတ်စာသင်တိုက်ဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပန်းတနော်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိစာမေးပွဲဖြစ်မြောက်ရေး ဆောင်ရွက်တော်မူခြင်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ စေတီတော်များ၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်တို့အား ပညာသင်ကြားပေးတော်မူခြင်းနှင့် တိုင်းဒေသကြီး ဩဝါဒါစရိယ၊ တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်၊ သံဃသမ္မတိရသံဃာ့ကိုယ်စားလှယ်၊ ၁၃၇၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယစသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝိရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋ္ဌိပတ္တိမာမဂဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ သုံးပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘဝနတ်ထံပျံ့လွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၃ နှစ်၊ သိက္ခာတော် ၈၄ ဝါ အရ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၂-၁၁-၂၀၁၉၊ သောကြာနေ့၊ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံ့လွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၁-၁၂-၂၀၁၉ တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

လမ်းလယ်မီးတိုင်များ ကသာမြို့တွင် စတင်စိုက်ထူ

ကသာ နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ မြို့၏သန့်ရှင်းသာယာလှပရေးကို အစဉ်တစိုက် ပြုပြင်လုပ်ဆောင်လျက်ရှိရာ ယခုအခါ ကသာမြို့တွင် မီးတိုင်ပေါင်း ၃၀ စိုက်ထူမည်ဖြစ်ပြီး လတ်တလောတွင် ၂၁ တိုင် စတင်စိုက်ထူထားပြီးဖြစ်ကြောင်း သိရသည်။

ကျန်ရှိသည့် မီးတိုင်ကိုးတိုင်ကို စုပေါင်းရုံးကြီးရှေ့တွင် စိုက်ထူသွားမည်ဖြစ်ပြီး မြို့တော်ခန်းမနှင့် ဘီအိုစီကုန်းတက်ကြားတွင်လည်း မီးတိုင် ၁၁ တိုင်ကို ထပ်မံစိုက်ထူသွားမည် ဖြစ်သည်။

အဆိုပါအစီအစဉ်သည် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်တစ်ခုဖြစ်ပြီး မီးတိုင်တစ်တိုင်၏ ကုန်ကျစရိတ်သည် ငွေကျပ် ၁၈ သိန်းဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ထားပြီး လိုအပ်သည့် ကုန်ကျငွေများကို မြို့နယ်ဒေသခံ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်များက စုပေါင်းထည့်ဝင် လှူဒါန်းထားကြကြောင်း သိရသည်။

ထို့အပြင် မီးတိုင်ပေါင်း ၅၀ ခန့် စိုက်ထူသွားနိုင်ရန် ရည်ရွယ်ထားပြီး မြို့အထွက် သံလမ်းကျော် လေးလမ်းသွား လမ်းအကျယ်အထိဆိုပါက ပေ ၁၂၀၀၀ ခန့်ရှိကာ တိုင်ပေါင်း ၇၀ ခန့် ထပ်မံစိုက်ထူရန် လိုအပ်မည်ဖြစ်သောကြောင့် မီးတိုင်အလှုရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း လမ်းလယ်မီးတိုင်ဖြစ်မြောက်ရေးကော်မတီက ကြိုတင်နှိုးဆော်ထားကြောင်း သိရသည်။

လမ်းလယ်မီးတိုင်များ စိုက်ထူရခြင်းမှာ မြို့သန့်ရှင်းသာယာလှပရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် ညအခါ ခိုး၊ ဆိုး၊ နှိုက်များ ပပျောက်စေရန် ရည်ရွယ်၍ စိုက်ထူရခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောသည်။

လူအောင်(ကသာ)

လျှပ်စစ်အန္တရာယ် သတိပြုကာကွယ်

MFF ယူ-၁၄ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

မျိုးဆက်သစ်ကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ ပူးပေါင်းကျင်းပသည့် MFF 100 Plus Cup Boy's ယူ-၁၄ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ မန္တလေး၊ တနင်္သာရီ၊ မွန်နှင့် ကရင်အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

ကွာတားဖိုင်နယ်ပွဲများတွင် မန္တလေးအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ တနင်္သာရီအသင်းက ဧရာဝတီအသင်းကို ငါးဂိုး-နှစ်ဂိုး၊ မွန်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကရင်အသင်းက ရှမ်းတောင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလေးအသင်းနှင့် တနင်္သာရီအသင်း၊ မွန်အသင်းနှင့် ကရင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးဖလား ဗိုလ်လုပွဲ ကျင်းပ

သနပ်ပင် နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ၂၀၁၉ ခုနှစ် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးဖလား ရှစ်မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးမြို့နယ်အသင်းနှင့် သနပ်ပင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သနပ်ပင်မြို့နယ်အသင်းက ပဲခူးမြို့နယ်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသွားသော သနပ်ပင်မြို့နယ်အသင်းကို ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၏ ဆုကြေးငွေနှင့် ဒိုင်းဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှမိုး(သနပ်ပင်)

ပွင့်လင်းရာသီအကြိုကာလ ရန္တပိုကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူများ အိုးများ စတင်ထုတ်လုပ်

မန္တလေး နိုဝင်ဘာ ၂၄

မကြာမီရောက်ရှိလာတော့မည့် ပွင့်လင်းရာသီ နွေဦးကာလအတွက် ဧရာဝတီမြစ်ကမ်းဘေးရှိ အိုးလုပ်ငန်းလုပ်ကိုင်သူများ စတင်သက်ဝင်လှုပ်ရှားကာ စျေးကွက်သို့ အချိန်မီ ဖြန့်ချိရောင်းချနိုင်ရန် အိုးများစတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

အိုးတွေ စတင်ထုတ်လုပ်နေ

"အိုးဖုတ်တဲ့ ပြာသိုလရာသီ နီးလာပြီဖြစ်တဲ့အတွက် ဧရာဝတီမြစ်ဘေးက အိုးလုပ်ငန်းလုပ်ကိုင်သူတွေ အိုးတွေ စတင်ထုတ်လုပ်နေကြပါပြီ။ ကျွန်တော်တို့ကလည်း သူတို့ဆီက အိုးတွေကို စျေးကွက်ကိုတစ်ဆင့် ပြန်လည်ရောင်းချဖို့ ကြိုတင်မှာယူကြပါတယ်။ အိုးလုပ်တဲ့ရွာတွေထဲမှာတော့ ရန္တပိုကျေးရွာက ထုတ်လုပ်တဲ့အိုးက အကောင်းဆုံးပါပဲ"ဟု မန္တလေး ဧရာဝတီဆိပ်ကမ်းတွင် အိုးများဖြန့်ချိရောင်းချသည့် မြင်းခြံမြို့မှ ကိုဇော်ဝင်းထွန်းက ပြောသည်။

ဖြန့်ချိရောင်းချပေးနေ

အဆိုပါ အိုးများကို ဧရာဝတီအရှေ့ဘက်ကမ်းနံဘေးရှိ မြင်းခြံမြို့နယ် ရန္တပိုကျေးရွာနှင့် ရွှေဘိုမြို့နယ် ကျောက်မြောင်းရွာအနီး ခက်တင်ကျေးရွာများမှ အများဆုံး ထုတ်လုပ်ကြသည်။ အိုးအမျိုးအစား ၁၀ မျိုးခန့်ကို ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် မန္တလေးမြို့သို့ အဓိကတင်ပို့ရောင်းချကြသည့်အပြင် ခန္ဓီး၊ မော်လိုက်၊ ဟုမ္မလင်းနှင့် ပုဂံညောင်ဦးမြို့နယ်များသို့လည်း တင်ပို့ကာ အိုးအမျိုးအစားပေါ်မူတည်၍ ဒွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ လက်ကားဖြန့်ချိရောင်းချပေးနေကြောင်း သိရသည်။

ရန္တပိုအိုးများကို လူကြိုက်များ

အိုးများထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်စေရန်အတွက် ကျွမ်းကျင်မှုနှင့် စေတနာပေါင်းစပ်၍ ပုံဖော်ထုဆစ်ထားသဖြင့် ရန္တပို အိုးများကို လူကြိုက်များခြင်းဖြစ်ကြောင်း၊ အိုးလုပ်ငန်းလုပ်ကိုင်သည့် ရန္တပိုရွာသားတစ်ဦးက ပြောသည်။

အရည်းအသွေးကောင်း

"အိုးတစ်လုံးကို ပုံဖော်ထုလုပ်ရင် အဓိက စေတနာပဲ။ ဒုတိယအချက်ကတော့ ရှုံ့စေးပေါ့။ ရန္တပိုရွာက ရှုံ့စေးက အိုးလုပ်ဖို့အသင့်တော်ဆုံးပါ။ ဒါ့အပြင် တစ်ရွာလုံးကလည်း မွေးကတည်းက ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးမကျန် ကိုယ့်ရွာရဲ့လက်မှုလုပ်ငန်းဖြစ်တဲ့ ဒီအိုးလုပ်ငန်းကိုပဲ တန်ဖိုးထားလုပ်ကိုင်နေကြတော့ ကျွမ်းကျင်နေကြပြီ။ ဒါကြောင့် အရည်အသွေးကောင်းတဲ့အိုးတွေကို ထုတ်လုပ်နိုင်တာပေါ့" ဟု ၎င်းကပြောသည်။

လက်ဆင့်ကမ်းထိန်းသိမ်း

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ အိမ်ခြေ ၁၀၀ ကျော်ရှိသော ရန္တပိုကျေးရွာတွင် အိုးလုပ်ငန်းကို မိရိုးဖလာစီးပွားရေးလုပ်ငန်းအဖြစ် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်း၍ တစ်ရွာလုံး လုပ်ကိုင်ဆောင်ရွက်နေပြီး အဆိုပါဒေသမှ ထွက်ရှိသည့် အိုးများမှာ အရည်အသွေးကောင်းမွန်သဖြင့် စျေးကွက်တွင် လူကြိုက်များလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စပါးစျေးမကောင်း၍ တောင်သူများရောင်းချခြင်းမရှိသေးဘဲ အခြောက်လှန်းခြင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်လျက်ရှိ

ပေါင်းတည် နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့အတွင်းရှိ ကျေးရွာများတွင် ယခုအခါ ဒေသခံတောင်သူများ၏ စပါးရိတ်သိမ်းခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်နေမှုများနှင့် စပါးအခြောက်လှန်းခြင်း လုပ်ကိုင်ဆောင်ရွက်မှုများကို တွေ့မြင်နေရသည်။

စပါးများ ရိတ်သိမ်းခြွေလှေ့နေစဉ်။

တောင်သူများ စပါးစိုက်ပျိုးခြင်း၏ အကျိုးရလဒ်ခံစားမှုများကို သိရှိနိုင်ရန် ရှားစီးဘိုရွာမှ တောင်သူ ဦးစိန်ဝင်းလှိုင်ကို မေးမြန်းခဲ့ရာ ကျေးရွာများ၌ စပါးစျေးမကောင်း၍ တောင်သူများ၏ အိမ်တိုင်းလိုလိုတွင် စပါးပုံများမြင်တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်နှစ်က စပါးစပေါ်ချိန်တွင် ရတနာဘိုး စပါးတင်း ၁၀၀ လျှင် ဒွေကျပ် ခြောက်သိန်းကျော်ဖြင့် စတင်ရောင်းချရကြောင်း၊ အဝယ်လိုက်ချိန်တွင် ဒွေကျပ် ခုနစ်သိန်းထိ ရောင်းခဲ့ရကြောင်း၊ ယခုနှစ် စပါးစပေါ်ချိန်မှာ စပါးတင်း ၁၀၀ ကို ဒွေကျပ် ၄၄၀၀၀၀ မှ စပါးခြောက်လျှင် ဒွေကျပ် ၄၇၀၀၀၀ သာ ရောင်းချရသဖြင့် စိုက်ပျိုးစရိတ်၊ စက်ငှားခနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ နုတ်လိုက်ပါက အရှုံးပေါ်နေကြောင်း ပြောကြားသည်။

ယခုအချိန်၌ ဒွေလိုအပ်နေသူ တောင်သူများကသာ ရောင်းချကြပြီး စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် တတ်နိုင်သူ၊ အခြားဝင်ငွေရှိသော တောင်သူအများစုမှာ လက်ရှိရာသီဥတုအခြေအနေအရ လယ်ထဲမှစပါးကို ဦးစားပေးအဖြစ် အိမ်သို့အမြန်သယ်ယူပြီး အခြောက်လှန်းနေရကြောင်း၊ ခြောက်ပြီးသားစပါးများကို သိုလှောင်ထားကာ စျေးကောင်းရသည်အထိ စောင့်ပြီးရောင်းချတော့မည်ဖြစ်ကြောင်း ပြောပြသည်။

ရိတ်သိမ်းခြွေလှေ့စက်ဝယ်ယူထားသည့် တောင်သူ တစ်ဦးက ရိတ်သိမ်းစက် အသုံးပြုမှုနှင့်ပတ်သက်၍ စက်ဖြင့်စပါးရိတ်သိမ်းခ တစ်ဧကလျှင် ဒွေကျပ် ၄၅၀၀၀ ရရှိကြောင်း၊ လဲနေသည့်စပါးခင်းဆိုလျှင် တစ်နေ့ ခုနစ်ဧကခန့်သာ ရိတ်သိမ်းနိုင်ပြီး မလဲသည့်စပါးခင်းဆိုလျှင် တစ်နေ့ ၁၂ ဧကကျော် ရိတ်သိမ်းနိုင်ကြောင်း၊ စက်မောင်းသူမှ ဆီဖိုးနုတ်ပါက တစ်နေ့လျှင် စက်၏ လုပ်အားခ ဒွေကျပ် သုံးသိန်းခန့်ရရှိကြောင်း၊ စက်တန်ဖိုးမှာ ဒွေကျပ်သိန်း ၄၅၀ ပေးဝယ်ရပြီး ဘဏ်နှင့်ချိတ်ဆက် ဝယ်ယူသဖြင့် အရစ်ကျပေးဆပ်ရကာ သုံးနှစ်ကျော်မှသာ စက်တန်ဖိုးအရင်းကျေပြီး ပိုလျှံမည်ဖြစ်ကြောင်း ပြောပြသည်။ ယခုအခါ ကျေးရွာများ၌ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် စက်ကိုသာ အဓိကသုံးစွဲတော့သဖြင့် လူငယ်များအတွက် အလုပ်အကိုင်ရှားပါးလာကြောင်း၊ အခြားမြို့ကြီးများနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သူ များပြားလာကြောင်း သိရသည်။

တောင်သူအများစုအနေဖြင့် ရာသီဥတုကိုမှီကာ ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေကောင်းမွန်သည့်သီးနှံကိုသာ စိုက်ပျိုးလိုကြောင်း၊ စိုက်ပျိုးရေးနည်းစနစ်ကောင်းများ တောင်သူပညာပေးပို့ချမှုများနှင့် နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့နေမှုကို ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတောင်သူအချို့က ပြောသည်။

တင်ဝင်းဧော်(မင်းသားကြီး)

လက်ဖက်သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော်ရေး ဆွေးနွေး

လောက်ကိုင် နိုဝင်ဘာ ၂၄

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကောင်အထည်ဖော်ရေးနည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် တာရှေတန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးအိုက်ကောနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့က တောင်သူများဘေးအန္တရာယ်ကင်းရှင်းသော စိုက်ပျိုးရေးသီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း အမှာစကား ပြောကြားပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးမိုးမင်းစိုးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရေး၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေး စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမှူး ဦးမြင့်လွင်က လက်ဖက်သီးနှံအတွက် စိုက်ပျိုးရေးဆိုင်ရာ လက်မှတ်လျှောက်ထားနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

မောင်ကျော်ကြီး

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(ဆဌမပွဲစဉ်) ပညာရှင်အဆင့်တွင် ဘိုဘို ဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာဝီဂျီအေတို့ကစီစဉ်၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆဌမပွဲစဉ်) နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်ပြိုင်ပွဲတွင် ဘိုဘို ဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော အင်းဝဘဏ်လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အင်းဝဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးစိုးလွင်ကျော်က လက်ခံရယူသည်။ ဆက်လက်၍ အထက်မြန်မာပြည် ဂေါက်သီးအဖွဲ့ချုပ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဧော်အောင်က ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်းသို့ အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုဌေးများကိုပေးအပ်ရာ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်းတာဝန်ခံ ဗိုလ်မှူးနေအောင်က လက်ခံရယူသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဓိကကူညီပံ့ပိုးပေးသော ကုမ္ဗဏီများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အထက်မြန်မာပြည် ဂေါက်သီးအဖွဲ့ချုပ် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုက ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၃ ချက်ဖြင့် ဒုတိယရရှိခဲ့သော ပြိုးပြိုးထွေးနှင့် စုစုပေါင်းရိုက်ချက် ၂၂၉ ချက်ဖြင့် ပထမရရှိခဲ့သော ထက်ထက်နလွင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာဝီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၃ ချက်ဖြင့် ဒုတိယရရှိခဲ့သော လှိုင်မင်းထက်နှင့် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိခဲ့သော ထက်မိုးလှိုင်တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ထက်မိုးလှိုင်နှင့် လှိုင်မင်းထက်တို့သည် စုစုပေါင်းရိုက်ချက်တူညီနေသဖြင့် ကျင်းပို တစ်ကျင်းထပ်မံ ယှဉ်ပြိုင်ကစားရာ ထက်မိုးလှိုင်က အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပညာရှင်အဆင့် ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ပထမရရှိခဲ့သော ဘိုဘို (HAN Golf Academy) အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက ဂုဏ်ပြုဆုဖလားနှင့် အင်းဝဘဏ်လီမိတက်အုပ်ချုပ်မှူ ဒါရိုက်တာ ဦးအောင်ငွေဦးက ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး ဆုရကစားသမားများနှင့် တာဝန်ရှိသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

နိုင်ငံတကာအားကစားသတင်းအတိုအထွာ

ဂျူဗင်တပ်စ် အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်လျက်ရှိ

အီတလီစီးရီးအေ ပွဲစဉ် ၁၃ အဖြစ် အတ္တလန္တာနှင့် ဂျူဗင်တပ်စ်၊ မီလန်နှင့် နာပိုလီ၊ တိုရီနိုနှင့် အင်တာမီလန်အသင်းတို့ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ အတ္တလန္တာနှင့် ဂျူဗင်တပ်စ်အသင်းတို့ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ရမှတ် ၃၅ မှတ်ဖြင့် ဆက်လက် ဦးဆောင်ထားနိုင်ဆဲဖြစ်သည်။ ဒုတိယနေရာမှ လိုက်လံဖိအားပေးလျက်ရှိနေသည့် အင်တာမီလန်အသင်းက တိုရီနိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အေစီမီလန်နှင့် နာပိုလီအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

စမောလင်း တစ်ဂိုးသွင်းပြီး နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့

အီတလီစီးရီးအေ ပွဲစဉ် ၁၃ အဖြစ် နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ရိုးမားနှင့် ဘရက်စ်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထိုပွဲတွင် ခံစစ်ကစားသမား စမောလင်းသည် တစ်ဂိုးသွင်းပြီး နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့သည်။

ပရီမီယာလီဂ် လက်ကျန်ပွဲစဉ်အဖြစ် ဗီလာနှင့် ကာဆယ် ယနေ့ကစားမည်

ပရီမီယာလီဂ် ပွဲစဉ် ၁၃ လက်ကျန်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် အက်စ်တွန်ဗီလာနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ပရီမီယာလီဂ်ပွဲစဉ် ၁၂ ပွဲကစားပြီးချိန်တွင် သုံးပွဲသာ အနိုင်ရရှိထားပြီး နှစ်ပွဲသရေ၊ ခုနစ်ပွဲအထိ ရှုံးနိမ့်ထားကာ ရမှတ် ၁၁ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၇ နေရာတွင် ရပ်တည်နေကာ နယူးကာဆယ်အသင်းက ပရီမီယာလီဂ် ၁၂ ပွဲကစားပြီးချိန်တွင် လေးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးထားပြီး ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၄ တွင် ရပ်တည်နေသည်။ နောက်ဆုံးကစားခဲ့သည့် ငါးပွဲကို ကြည့်လျှင်လည်း ဗီလာအသင်းက နှစ်ပွဲနိုင်၊ သုံးပွဲရှုံးကာ နယူးကာဆယ်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားကြောင်း တွေ့ရသည်။

ဧနီအိုလိုကို မန်ယူနှင့် ပီအက်စ်ဂျီ ခေါ်ယူလို

မန်ယူနှင့် ပီအက်စ်ဂျီအသင်းတို့သည် ရိုးမားအသင်းမှ အီတလီကွင်းလယ်ကစားသမား ဧနီအိုလို (၂၀နှစ်) အတွက် ပေါင် ၅၂ သန်း ပေးချေပြီး အသင်းသို့ ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပါးရော့သ်ကို ခေါ်ယူရန် ဒေါ့မွန် ချိန်ရွယ်နေ

ဒေါ့မွန်အသင်းသည် တော့တင်ဟမ်အသင်းမှ အသက် ၁၇ နှစ်အရွယ် တိုက်စစ်ကစားသမား ပါးရော့သ်ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း၊ အဆိုပါ ကစားသမားကို ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မိုဗစ်ကို ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေ

အေစီမီလန်အသင်းသည် ဧလာတန် အီဗရာဟီမိုဗစ် (၃၈နှစ်) ကို ဆန်စီယိုသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေသည်။ ဆွီဒင်တိုက်စစ်မှူးဟောင်း မိုဗစ်သည် အယ်လ်အေဂလက်စီအသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့နေသူလည်းဖြစ်သည်။

ဘင်ဟာမာကို ခေါ်ယူရန် ဗီလာ စိတ်ဝင်စားနေ

အက်စ်တွန်ဗီလာအသင်းသည် ဘရန့်ဖို့ဒ်အသင်းမှ အယ်လ်ဂျီးရီးယားတောင်ပိုင်းကစားသမား ဘင်ဟာမာ (၂၄နှစ်) ကို ဧန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

● *ကျောဖုံးမှ*

ရလဒ်ကောင်းရဖို့ ကြိုးစားသွားမှာဖြစ်ပြီး မလေးရှားနဲ့ပွဲမှာ ရလဒ်ကောင်းရဖို့လည်း မျှော်လင့်ထားပါတယ်''ဟု ပြောကြားသည်။

မလေးရှားအသင်းနည်းပြချုပ် ကင်မ်ဆွီးက ''ဒီနှစ်ဆီးဂိမ်းပြိုင်ပွဲက အရင်ကထက် ပိုပြီး အကြိတ်အနယ်ရှိမယ်လို့ ထင်ပါတယ်။ အသက်ကျော်ကစားသမား နှစ်ဦး ပါဝင်ခွင့်ရတဲ့အတွက် ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပါတယ်။ နောက်တစ်ဆင့်တက်ဖို့အတွက်ဆိုရင် ပွဲတိုင်းက အရေးကြီးပါတယ်''ဟု ပြောကြားသည်။

မြန်မာအသင်းနှင့် မလေးရှား အသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် တွေ့ဆုံခဲ့ပြီး မလေးရှားအသင်းက သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ယခုနှစ်တွင် ရှုံးကြွေး ပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ညီမြတ်သော်တာ

◆ *ကျောဖုံးမှ*

Laura Zwaantje Jantina Nijburg တို့က ရရှိကြသည်။

Half marathon အမျိုးသား ပထမဆုကို ကိုဌေးကိုကို၊ ဒုတိယဆုကို နောင်ဂျာနှင့် အမျိုးသမီး ပထမဆုကို ဟောင်ကောင်မှ Ms.Nicola Jane Wan Yer က လည်းကောင်း၊ Full marathon အမျိုးသား ပထမဆုကို ဂျာမနီနိုင်ငံမှ Mr.M.Heiner Bufe ၊ ဒုတိယဆုကို အီတလီနိုင်ငံမှ Mr.Ernesto Ciravegna ၊ အမျိုးသမီး ပထမဆုကို အင်္ဂလန်နိုင်ငံမှ Ms. Nivola Cooper က လည်းကောင်း ရရှိကြသည်။

ပြိုင်ပွဲတွင် အသက်အငယ်ဆုံး အပြေးသမားအဖြစ် အသက် ၈ နှစ် အရွယ် မောင်မိုးသစ်လု က ဒုတိယ အကြိမ်မြောက် ပါဝင်ခဲ့ပြီး အသက် အကြီးဆုံးအဖြစ် အသက် ၇၆ နှစ် အရွယ်ရှိ ဦးစောမောင်မောင်ထွေးက တန်းပြည့် မာရသွန်တွင် (၇)ကြိမ် မြောက်အဖြစ် နှစ်စဉ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

သက်လွင်တိုး



တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် (၄၆)ကြိမ် မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပရာ အသင်းလိုက် တံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ဆွတ်ခူးရရှိသွားသည်။

အဆိုပါ ပြိုင်ပွဲတွင် ကာယဗလ မောင် အသက် ၂၁ အောက်၊ ၆၀၊ ၇၀၊ ၈၀ ကီလိုတန်းများ၊ အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲများမှ ပဏာမရွေးချယ်ပြီး အပြည်ပြည်ဆိုင်ရာ သတ်မှတ် ကိုယ်ဟန်ပြတို့ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီး ကီလိုတန်း အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီနှင့် အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြ သည်။ ထို့နောက် အသင်းလိုက် တံခွန်စိုက်ဆုဖလား ရရှိသွားသော ရမှတ် ၁၂၁ မှတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ချီးမြှင့်သည်။**(အောက်ပုံ)**

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားသမား ၁၅၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြ သည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၄

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက အင်းတော်မြို့နယ် ထီးချိုင့်-ကျောင်းကုန်းသွား ကားလမ်း မိုင်တိုင်အမှတ် (၁/၁)တွင် နော်မျိုးရိန် မောင်းနှင်ပြီး ဘောက်လာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃၅၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ အဆိုပါနေရာ၌ ဇော်ဒန်အောင်(၁)ကိုဇော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၀၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၆၅၀ နှင့် ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက် နယ်မြေ(၁၀) သီတာလမ်းနေ တင်နိုင်မင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သီတာလမ်းနေ နေရဲလင်း(၁)ကိုရဲ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု လွယ်စတုံ(အပေါ်)ကျေးရွာနေ မစန်းစန်းအေး၏ နေအိမ်တဲကို ရှာဖွေရာ တဲအတွင်းကွပ်ပျစ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ထိုင်းဘတ်ငွေ ၅၄၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဥပဒေအရ အရေးယူထား

အလားတူ ညနေ ၆ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု လွယ်ပါရင်(၂)ကျေးရွာ အနီး မိုင်းဆတ်-တာချီလိတ် ကားလမ်းမပေါ်တွင် ယာဘာ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ယာဘာအား ဖမ်းဆီးရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင်ပါဝင်သော သေဆုံးသူ မိသားစုဝင်များနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့

ဂန့်ဂေါ နိုဝင်ဘာ ၂၄

ဂန့်ဂေါမြို့နယ် ပုံညာတောင်အဆင်း သရက်ပင်ကွေ့၌ နိုဝင်ဘာ ၂၂ ရက်က ပုလဲမြို့နယ်မှ ဦးသန့်စင်ဦး မောင်းနှင်သည့် ခြောက်ဘီး ယာဉ်တိမ်းမှောက်ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်ခြောက်ဦး သေဆုံး၍ ၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများမှာ ကျောမြို့ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိရာ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မင်းလွင်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးတို့က နိုဝင်ဘာ ၂၃ ရက်က သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သေဆုံးသူများ၏ မိသားစုဝင်များ၊ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူရမည့် လူနာများ၊ ဒဏ်ရာရရှိသူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၇၈၀၀၀၀ အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိ နှင့်အဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ၁၄၄

မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နထားကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြင်းခြံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြင်းခြံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲရန်အောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀ ခန့်ကို မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မိဘအုပ်ထိန်းသူများ သိသင့်သိထိုက်သည့်အချက်များ၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များအား ပညာပေးဟောပြောကြောင်း သိရသည်။

ရဲပြန်ကြား

ရန်ကုန်

မြောက်ဥက္ကလာပမြို့နယ်(က) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပရာ ဝေဘာဂီနယ်မြေ ရဲစခန်းမှူး ရဲအုပ်သက်နိုင်ဦး၊ နယ်ထိန်းအရာရှိ ဒုရဲအုပ် သန်းကျော်လင်းတို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ၀၀၇

ကွမ်းခြံကုန်း

ကွမ်းခြံကုန်းမြို့နယ် သပြုစမ်းကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ညွှန့် နေအိမ်တွင် နိုဝင်ဘာ ၂၂ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ပြီး ကွမ်းခြံကုန်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ကွမ်းခြံကုန်းမြို့မရဲစခန်းခေတ္တစခန်းမှူးရဲအုပ် တင်လင်းမောင်တို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ဝမ်းတွင်း

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပဲနံ့သာကျေးရွာအုပ်စု ကန်ကြီးကျေးရွာ ဓမ္မာရုံတွင် ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ရင်ထွေး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်စွာဟိန်းတို့အဖွဲ့က နိုဝင်ဘာလ တတိယပတ်က မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများပယောက်စေရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ကန်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရဲပြန်ကြား

၇မြို့နယ် ရွှေတွင်းတူးကျေးရွာရှိ စပါးခင်းများထဲသို့ တောဆင်ရိုင်း သုံးကောင် ဝင်ရောက်ဖျက်ဆီး

၇ နိုဝင်ဘာ ၂၄

ရခိုင်ပြည်နယ် ၇မြို့ ရွှေတွင်းတူးကျေးရွာမှ နှစ်မိုင်ခန့်အကွာ စပါးခင်းများထဲသို့ ယနေ့နံနက် ၁ နာရီခန့်က တောဆင်ရိုင်းသုံးကောင် ဝင်ရောက်ဖျက်ဆီးသွားခဲ့ရာ ဒေသခံများ၏ စပါးခင်းများ၊ ကွမ်းခြံ၊ တဲနှင့် ၄က်ပျောခင်း၊ ပြောင်းခင်းများ ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းများကြောင့် ဦးသန်းထွန်း၏ လယ်တွင် စပါး ၁၀ တင်း၊ ဦးအောင်ကိုမ၏ လယ်တွင် စပါးတင်း ၂၀၊ ဦးစံသိန်း၏ လယ်တွင် စပါး ငါးတင်းခန့်၊ ဦးခင်ရွှေ၏လယ်နှင့် ဦးနိုင်ဝင်း၏ လယ်တို့တွင် စပါး ၁၀ တင်းခန့်၊ ဦးဇော်ဝင်းနိုင်၏ ကွမ်းခြံ၊ ဦးပါလေး၏ တဲတစ်လုံးနှင့် ၄က်ပျောခင်းနှင့် ပြောင်းခင်းများ ဧကဝက်ခန့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟိုပုံး၊ ပင်လောင်း၊ မိုးနဲနှင့် မိုင်းပန်မြို့နယ်တို့ရှိ ဘိန်းစိုက်ခင်းများဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်က ကျောက္ကချားကျေးရွာ၏ အနောက်မြောက်ဘက် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း စုစုပေါင်း ၂၂ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ ပင်လောင်းမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်အယ်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာနှင့် အမြင့်တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင် ၁၁ ဧကခန့်၊ တင်းထက်ကျေးရွာ အနောက်မြောက် တစ်မိုင်ခန့်အကွာတို့တွင် အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့် စုစုပေါင်း ၂၄ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ထို့အပြင် မိုးနဲမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့၏ အရှေ့မြောက်ဘက် ၁၄ မိုင်ခန့်အကွာ နောက်လိုင်ကျေးရွာအနီး၌ အမြင့် ၁၀ လက်မခန့် အပင်ပေါက် ဘိန်းစိုက်ခင်း ၁၉ ဧကခန့်၊ နောင်ပယ်ကျေးရွာ၏တောင်ဘက် ၃ မိုင်ခန့်အကွာ၌ အမြင့် ၂ ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၀ ဒသမ ၂ ဧကခန့် စုစုပေါင်း ၁၉ ဒသမ ၂ ဧကခန့် အား လည်းကောင်း၊ အလားတူ လင်းခေးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့နယ် ဝမ်ကျူကျေးရွာအနီး တစ်ဝိုက်၌ အမြင့်နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄ ဒသမ ၅ ဧကခန့်၊ မိုင်းပန်မြို့မရဲစခန်းမှ ဒုရဲအုပ် နေလင်းဦးနှင့် ပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် ကုန်းဆုံးကျေးရွာ၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့်သုံးပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခြောက်ဧကခန့်တို့အား လည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

သာစည်မြို့နယ်တွင် တစ်ရက်အတွင်း လိုင်စင်မဲ့ယာဉ် လေးစီးဖမ်းဆီးရမိ

သာစည် နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် နိုဝင်ဘာ ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့နှင့် သာစည်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ကျွဲတပ်ဆုံကျေးရွာရှိ တိုးဂိတ်တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် မွန်းလွဲ ၂ နာရီခန့်က မိတ္ထီလာ-တောင်ကြီးကားလမ်းအတိုင်း မိတ္ထီလာမြို့မှ တောင်ကြီးမြို့ဘက်သို့ မိတ္ထီလာမြို့ ပြည်သာယာ (၁)လမ်းနေ ဝေဇင်ဦး (၃၄ နှစ်) မောင်းနှင်လာသော လိုင်စင်မဲ့ယာဉ်ကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီခန့်တွင် အဆိုပါလမ်းအတိုင်း မိတ္ထီလာမြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ လှိုင်သာယာမြို့နယ် စမ်းချောင်းရပ်ကွက်နေ ယာဉ်မောင်း သူရ (၂၅ နှစ်) မောင်းနှင်လာသောယာဉ်ကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါလမ်းအတိုင်း မိတ္ထီလာမြို့မှ တောင်ကြီးမြို့ဘက်သို့ ကလေးမြို့ သဇင်ရပ်ကွက်နေ ယာဉ်မောင်း ဟောက်မွန်းဆန်(ခ)စံဝီး (၂၅ နှစ်) မောင်းနှင်လာသော လိုင်စင်မဲ့ယာဉ်ကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် အဆိုပါလမ်းအတိုင်း မိတ္ထီလာမြို့မှ တောင်ကြီးမြို့ဘက်သို့ မောင်းနှင်လာသော လိုင်စင်မဲ့ယာဉ်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သာစည်မြို့မရဲစခန်းမှ သိရသည်။

လိုင်စင်မဲ့ယာဉ်များအား သိမ်းဆည်းထားပြီး လိုင်စင်မဲ့ယာဉ်မောင်းနှင်သူများကို ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

မော်တော်ပေါ်မှ ချင်းတွင်းမြစ်အတွင်း ပြုတ်ကျခဲ့သူ၏ ရုပ်အလောင်း ငါးရက်အကြာတွင် တွေ့ရှိ

ဖောင်းပြင် နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သာစည်ကျေးရွာအနီးတွင် မုံရွာမြို့မှ ဆယ်ဇင်းကျေးရွာသို့ ချင်းတွင်းမြစ်ကြောင်အတိုင်း ပြေးဆွဲနေသည့် ဇော်ဟိဏ်း(၁) အမည်ရှိ ရေယာဉ်ပေါ်တွင် မုံရွာမြို့မှ လိုက်ပါလာခဲ့သူ ကနီမြို့နယ် ဆယ်ဇင်းကျေးရွာနေ ဦးအောင်ဇင်ဝင်း (၃၇ နှစ်) သည် နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီခန့်က ဖောင်းပြင်မြို့နယ် သာစည်ကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း မော်တော်ပေါ်မှ ပြုတ်ကျခဲ့ရာ ၎င်းပြုတ်ကျခဲ့ပြီး ငါးရက်အကြာ နိုဝင်ဘာ ၂၂ ရက်တွင် ရုပ်အလောင်းမှာ ချင်းတွင်းမြစ်အတွင်း ပြန်ပေါ်ခဲ့သဖြင့် ဖောင်းပြင်မြို့နယ်ပရဟိတအသင်းကသွားရောက်ဆယ်ယူပြီး ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်လျက်ရှိ

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဖောင်းပြင်မြို့မရဲစခန်းတွင် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၁-၂၀၁၉ (တနလင်္ဂနေ့)

နံနက်ပိုင်း

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဆော်ရက် (ဘ)ကူးမားနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၉:၁၅ – BBC Click
- ၁၁:၁၅ – လုံမမှတ်စု(၁၁၄)
- ၁၁:၃၀ – မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂:၃၀ – "မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr.Chen Hai နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၃:၄၅ – ထူးခြားစုံလင် အာရှပစ်ဖိတ် အစီအစဉ်
- ၁၄:၀၀ – "အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (ဖိလစ်ပိုင်နိုင်ငံ) (မြန်မာအသင်းနှင့် မလေးရှားအသင်း)

ညပိုင်း

- ၁၇:၀၅ – This Week's Special Interest
- ၁၇:၃၅ – Yes or No Talk Show
- ၁၉:၂၀ – "ဦးကျော်သူ(ခေါ်) ရိုလန်ချောင်ထရီနှင့် ကိုကို(စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းခန်း"
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – ငလျင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (Cut-2) (ကျောင်းစာသင်ခန်း)
- ၂၀:၃၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ "အဆင့်မြှင့်တင် ရန်ကုန်မြို့ပတ် ရထားလမ်းတစ်ခွင်"
- – "၂၀၁၈ ခုနှစ်အတွက် အမျိုးသား စာပေ တစ်သက်တာဆုရနှင့် တွေ့ဆုံခြင်း"
- – မြန်မာမျိုးဆက်သစ်အစီအစဉ်
- – နိုင်ငံခြားဇာတ်လမ်းတွဲ

ကိုလံဘီယာတွင် ဆန္ဒပြမှုများမပြီးဆုံးသေး၍ လုံခြုံရေးတပ်ဖွဲ့ကို လမ်းများတွင် ဆက်လက်ထားရှိမည်

ဘိုဂိုတာ နိုဝင်ဘာ ၂၄

ကိုလံဘီယာနိုင်ငံတွင် ဆန္ဒပြမှုများ ဆက်လက်ပေါ်ပေါက်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့များကို ဆက်လက်တာဝန်ချထားဦးမည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတ အိုင်ဗန်ဂျုတ်က ပြောသည်။ နိုဝင်ဘာ ၂၁ ရက်မှ စတင်ကာ ကိုလံဘီယာနိုင်ငံတွင် အစိုးရကိုဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

တစ်နိုင်ငံလုံးအနှံ့အပြား၌ လူပေါင်း ၂၅၀၀၀၀ ကျော် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။ အစပိုင်းတွင်ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြပြီးနောက်ပိုင်းတွင် ရဲများနှင့်ဆန္ဒပြသူများကြား ပဋိပက္ခများ ဖြစ်ပေါ်လာသည်။ အများပြည်သူအဆောက်အုံများကို ဖျက်ဆီးလုယက်မှုများ ဖြစ်ပေါ်လာခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ အဆောက်အအုံများ ဖျက်ဆီးလုယက်ခြင်းများနှင့် အကြမ်းဖက်မှုများကို ဆန့်ကျင်ကြောင်း ကိုလံဘီယာသမ္မတကနိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။ နိုင်ငံအတွင်းအကျင့်ပျက်ခြစားမှုများနှင့် ခြိုးခြံချွေတာရေး အစီအစဉ်များကို ဆန့်ကျင်ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး ပဋိပက္ခများအတွင်း လူသုံးဦးသေဆုံးခဲ့ပြီးဖြစ်သည်။ မြို့တော် ဘိုဂိုတာတွင် ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ထုတ်ပြန်ထားသည်။

သို့သော်လည်း ယင်းသို့အမိန့်ထုတ်ရုံမျှဖြင့် လမ်းများပေါ် တွင်ဆန္ဒပြသူများလျော့ပါးသွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ နိုဝင်ဘာ ၂၃ ရက်တွင် ဘိုဂိုတာအမျိုးသားပန်းခြံအနီးတွင် ဆန္ဒပြသူများထပ်မံစုဝေးလာခဲ့ပြီး ရာနှင့်ချီသည့် လူများကိုလူစုခွဲရန် ရဲများက မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ကြသည်။ နိုဝင်ဘာ ၂၂ ရက် နောင်းပိုင်းကလည်း နိုင်ငံ၏အနောက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲအရာရှိသုံးဦး သေဆုံးခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ယခုဖြစ်ပေါ်နေသည့်ဆန္ဒပြပွဲများ ဆက်စပ်မှုရှိ မရှိကိုမူ မသိရသေးပေ။ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာသည် မူးယစ်ကုန်ကူးမှုများနှင့် မူးယစ်ဂိုဏ်း အချင်းချင်းအကြမ်းဖက်မှုများ ပေါ်ပေါက်လေ့ရှိသည့် နေရာလည်း ဖြစ်သည်။

ဘီဘီစီ

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ပဋိပက္ခဖြစ်ပွားနေကြစဉ်။

အမေရိကန်မှ ဝင်ရောက်လာသည့် တရားမဝင်လက်နက်များကြောင့် မက္ကဆီကိုဌ် ရာဇဝတ်မှုများမြင့်တက်လာ

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၄

အမေရိကန်မှ တရားမဝင်လက်နက်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် မက္ကဆီကိုရှိ ဒုစရိုက်အဖွဲ့အစည်းများ၏ အန္တရာယ်ပိုမိုဆိုးရွားလာရခြင်း ဖြစ်ကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အမေရိကန်က လက်နက်များ မှောင်ခိုရောင်းချနေသည့်အတွက် မက္ကဆီကိုရှိ လူသတ်မှုများ ပိုမိုမြင့်တက်လာရခြင်း ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။ လက်နက်များ မှောင်ခိုဝင်ရောက်လာမှုကို နည်းပညာဆိုင်ရာ နည်းလမ်းများဖြင့် တားဆီးရန် အမေရိကန်နှင့် မက္ကဆီကို လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်များ နိုဝင်ဘာ ၂၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ထဲတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ မက္ကဆီကို အစိုးရက ဖမ်းဆီးရမိခဲ့သည့် လက်နက်ပေါင်း ၇၄၃၂ ခု ရှိခဲ့ပြီး ယင်းတို့ထဲတွင် အမေရိကန်ထုတ် စက်သေနတ်များနှင့် ရိုင်ဖယ်သေနတ်များပါဝင်နေကြောင်း သိရသည်။

ကိန်းဂဏန်းဖော်ပြချက်များအရ မက္ကဆီကိုရှိ ဒုစရိုက်အဖွဲ့များ အသုံးပြုနေသည့် လက်နက် ၁၀ ခုတွင် ခုနစ်ခုမှာ အမေရိကန်မှ တင်သွင်းသည့် လက်နက်များ ဖြစ်နေသည်ဟု ဆိုသည်။

သို့ဖြစ်ရာ အမေရိကန်မှ မှောင်ခိုဝင်ရောက်လာနေသည့် လက်နက်များကြောင့် အများပြည်သူလုံခြုံရေး ထိခိုက်လျက်ရှိပြီး မက္ကဆီကိုနှင့် အမေရိကန် နှစ်နိုင်ငံအကျိုးစီးပွားကိုလည်းထိခိုက်စေသည်ဟု မက္ကဆီကို ဘက်က ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်ရာ တရားမဝင်လက်နက်များ ဝင်ရောက်မှုကို တားဆီးရန်နှင့် နှစ်နိုင်ငံရာဇဝတ်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် ဥပဒေအရဆောင်ရွက်ရန် အဆိုပြုထားကြောင်း သိရသည်။

ဆင်ဟွာ

ဓားစာခံများကို ၁၅ နာရီကြာ ဖမ်းဆီးထားသူကို နယူးဇီလန်ရဲများက ပစ်ခတ်ဖမ်းဆီး

ဝယ်လင်တန် နိုဝင်ဘာ ၂၄

ကလေးငယ်များကို ဓားစာခံအဖြစ် ၁၅ နာရီကြာ ဖမ်းဆီးထားသည့် အမျိုးသားတစ်ဦးကို နယူးဇီလန်ရဲများက နိုဝင်ဘာ ၂၄ ရက်တွင် ပစ်သတ်လိုက်ကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံမြောက်ပိုင်းကျွန်းရှိ တာရန်ဂါမြို့ အဆောက်အအုံတစ်ခုသို့လာရောက်ရန် ဒေသခံရဲများကို အကူအညီတောင်းခံခဲ့ကြောင်း နယူးဇီလန်ရဲများက ပြောသည်။

ဒေသစံတော်ချိန် နံနက် ၀၀ နာရီ ၂၅ မိနစ်တွင် အမျိုးသားတစ်ဦးက ဓားကိုင်ကာ ခြိမ်းခြောက်နေသည့်အတွက် ရဲများကို အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးသည်နေအိမ်အတွင်းမှ လွတ်မြောက်ပြီး ဘေးအိမ်သို့အကူအညီတောင်းကာ ရဲများထံ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ကလေးသုံးဦးမှာနေအိမ်အတွင်း ကျန်ရှိခဲ့သည်။

ဓားကိုင်ခြိမ်းခြောက်သည့်အမျိုးသားသည်နေအိမ်အတွင်း ကလေးငယ်တစ်ဦး၏ လည်ပင်းတွင် ဓားထောက်ကာ ခြိမ်းခြောက်နေသည်ကို တွေ့ရသည်။ ထို့နောက် ဒုတိယကလေးကိုပါ ခေါ်ဆောင်ကာ အိမ်အတွင်းဝင်သွားခဲ့သည်။ ရဲများသည် နေအိမ်အတွင်းကျန်ရှိနေသည့် တတိယကလေးငယ်ကို ကယ်တင်ရန် စီစဉ်ခဲ့ကြသည်။

အိမ်အတွင်းအပူချိန်မြင့်မားမှု၊ ကလေးငယ်များ အစာရေစာပြတ်တောက်မှုတို့ကြောင့် နာရီပေါင်းများစွာကြာလာသည့်အခါ ကလေးငယ်များ၏ ကျန်းမာရေးကို စိုးရိမ်လာရသည်။ ထို့ကြောင့် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ရဲများသည် နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဓါးကိုင်ခြိမ်းခြောက်နေသည့် အမျိုးသားနှင့် ရင်ဆိုင်ကာ ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ ဓါးစာခံအဖြစ်ဖမ်းဆီးခံထားရသည့် ကလေးငယ်များမှာ ဒဏ်ရာရရှိခဲ့ခြင်းမရှိပေ။ အခင်းဖြစ်ပွားရသည့်အကြောင်းအရင်းကိုဆက်လက်စုံစမ်းသွားမည်ဟု နယူးဇီလန်ရဲများ ကပြောသည်။

ဆင်ဟွာ

လက်ဘန္တန်နိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ လက်ဘန္တန်နိုင်ငံသားများက အမေရိကန်ကို ဆန့်ကျင်

ဘေရွတ် နိုဝင်ဘာ ၂၄

လက်ဘန္တန်နိုင်ငံရှိ အမေရိကန်သံရုံးရှေ့တွင် နိုဝင်ဘာ ၂၄ ရက်က လူရာပေါင်းများစွာ ဆန္ဒပြခဲ့ကြသည်။ လက်ဘန္တန်နိုင်ငံ၏အရေးကို အမေရိကန်က ဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

လက်ဘန္တန်နိုင်ငံ၏ တစ်ပြည်လုံးအနှံ့ ဆန္ဒပြပွဲများပေါ်ပေါက်သည်ကို ပြည်ပမှဝင်ရောက် စွက်ဖက်သည့်အတွက် ဆန့်ကျင်ကြခြင်းဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသည်။

ထို့နောက်ဆန္ဒပြသူများသည်အမေရိကန်နှင့် အစ္စရေးအလံတို့ကို မီးရှို့ခဲ့ကြသည်။ နိုင်ငံခြားသံရုံးများက ဝင်ရောက်စွက်ဖက်ခြင်းကို အပြစ်တင်ခဲ့ကြသည်။

အကယ်၍ ဟစ်ဇဘိုလာအဖွဲ့ကို လက်နက်ဖျက်သိမ်းရန် လက်ဘန္တန်တပ်ဖွဲ့မှ လုပ်ဆောင်ပါက ပြည်တွင်းစစ်ဖြစ်လာနိုင်သည်ဟု လက်ဘန္တန်နိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးအကဲဟောင်း ဂျက်ဖရီဖဲလ်မန်းက ပြောဆိုခဲ့သည့်နောက် အမေရိကန်အပေါ် လက်ဘန္တန်များ၏ ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ဟစ်ဇဘိုလာခေါင်းဆောင် ဆေယက်ဟက်ဆန်နက်စ် ရာလာကလည်း လက်ဘန္တန်နိုင်ငံ၏ ဆန္ဒပြပွဲများနောက်ကွယ်တွင် အမေရိကန်ရှိသည်ဟု ဆိုကာ စွပ်စွဲခဲ့သည်။

ဆင်ဟွာ

အီရတ်တွင် အက်ဖ် ၁၆ တိုက်လေယာဉ်များဖြင့် အိုင်အက်စ်တို့ ပုန်းအောင်းရာနေရာများကို တိုက်ခိုက်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် အိုင်အက်စ် အကြမ်းဖက်သမားများ ပုန်းအောင်းနေသည့် နေရာများကို အက်ဖ် ၁၆ တိုက်လေယာဉ်များဖြင့် လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အီရတ်တပ်ဖွဲ့မှ နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ဆူလာဟူဒင် ပြည်နယ်တွင် စစ်ဆင်ရေးဆင်နွှဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပုန်းခိုရာနေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး နောက်ထပ်အသေးစိတ် အချက်အလက်များ ပြောပြခဲ့ခြင်းမရှိပေ။

သို့သော် နောက်ထပ်အသေးစိတ်အချက်အလက်များကို မကြာမီ ထုတ်ပြန်သွားမည်ဟု သိရသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် ပုန်းအောင်းနေသည့် အကြမ်းဖက်သမားများအားလုံး သေဆုံးသွားခဲ့သည်ဟု ဆူလာဟူဒင်ပြည်နယ်ရှိ ဟတ်ရ်ရှာဘ်တပ်ဖွဲ့မှ သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

၂၀၁၇ ခုနှစ် နောင်းပိုင်းတွင် အိုင်အက်စ် အကြမ်းဖက်သမားများကို အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက အပြည့်အဝ နှိမ်နင်းနိုင်ခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ တိုးတက်လာခဲ့သည်။

ဆင်ဟွာ



အီရတ်နိုင်ငံမြောက်ပိုင်းရှိ အိုင်အက်စ်အဖွဲ့ အခြေစိုက်ခဲ့သည့် အဆောက်အအုံတစ်ခု ဖျက်ဆီးခံထားရမှုကို တွေ့ရစဉ်။

ဟောင်ကောင်အတွက် အရေးကြီးတဲ့ ဒေသရွေးကောက်ပွဲ

ကလျာမိုးမြင့်

ရွေးကောက်ပွဲအတွက် မဲပေးရန် တန်းစီစောင့်ဆိုင်းနေကြသည့် ပြည်သူများ။

တရုတ်နိုင်ငံရဲ့ နယ်နိမိတ်တစ်ခုအဖြစ်တည်ရှိနေပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုတဲ့ ဝိသေသတစ်ခုနဲ့ ရပ်တည်နေတဲ့ ဟောင်ကောင်မြို့မှာ ဒေသရွေးကောက်ပွဲတွေကို နိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) မှာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီမိုကရေစီလိုလားတဲ့ ဆန္ဒပြလူပ်ရှားသူအုပ်စုတွေက ဒေသရွေးကောက်ပွဲတွေကို အနောင့်အယှက်မပြုဖို့ ပြည်သူလူထုကို တိုက်တွန်းနေပါတယ်။

သုံးဆလောက်များလာ

နိုင်ငံရေးဆိုင်ရာ ဆူပူအုံကြွမှုတွေ လပေါင်းများစွာကြာအောင်ဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာ ရွေးကောက်ပွဲတွေကျင်းပမှုက တရုတ်အစိုးရဆီကို မက်ဆေ့ချ်တစ်ခုပေးပို့နိုင်လိမ့်မယ်လို့ ဆန္ဒပြအုပ်စုတွေက မျှော်လင့်ထားကြဟန်ရှိပါတယ်။ မဲရုံတွေမှာ တန်းစီစောင့်ဆိုင်းနေကြတဲ့ လူတန်းရှည်ကြီးကို တွေ့မြင်နေရပြီး အာဏာပိုင်တွေရဲ့ပြောစကားအရဆိုရင် မဲရုံတွေမှာ စောစီးစွာလာရောက်မဲပေးကြတဲ့ လူအရေအတွက်ဟာ ပြီးခဲ့တဲ့ ဒေသရွေးကောက်ပွဲမှာတုန်းကထက် သုံးဆလောက်ပိုများနေတယ်လို့ သိရပါတယ်။

တကယ်လို့သာ မဲရုံတွေကို ပြင်းပြင်းထန်ထန်နှောင့်ယှက်ဟန့်တားမှုတွေလုပ်လာခဲ့မယ်ဆိုရင်တော့ မဲပေးခြင်းကို ရပ်ဆိုင်းပစ်မယ်ဆိုပြီး အာဏာပိုင်တွေက သတိပေးထားပါတယ်။ ကနဦးမဲပေးမှုမှာ နှောင့်ယှက်ဟန့်တားမှုတွေ ကြုံခဲ့ရတာကြောင့် မဲရုံတွေကို ပိတ်ပစ်နိုင်တဲ့အခြေအနေတွေဖြစ်လာမှာကို စိုးရိမ်ရတယ်ဆိုပြီး နိုင်ငံရေးကျွမ်းကျင်သူတွေကလည်း အကြံပြုထားပါတယ်။

ကောင်စီရဲ့ လွှမ်းမိုးမှု

ဟောင်ကောင် ဒေသကောင်စီအတွက် ကောင်စီဝင် ၄၀၀ကျော်ကို ရွေးကောက်သွားဖို့ရှိတယ်လို့ သိရပါတယ်။ဒီမိုကရေစီလိုလားတဲ့ တက်ကြွလှုပ်ရှားသူတွေက ၎င်းတို့အနေနဲ့ ကောင်စီအတွက် ပိုပြီးကိုယ်စားပြုနိုင်ဖို့ မျှော်လင့်ထားကြတာဖြစ်ပါတယ်။ ကောင်စီဟာမြို့ရဲ့ အမှုဆောင်ချုပ်ကို ရွေးချယ်တဲ့နေရာမှာ အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးသက်ရောက်မှုရှိပါတယ်။

ဆန္ဒပြသူတွေနဲ့ ရဲတပ်ဖွဲ့အကြား ဆက်တိုက်ဆိုသလို ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကြောင့်ဖြစ်ရတဲ့ ပြင်းထန်တဲ့ အဓိကရုဏ်းတွေကို စိတ်ပျက်လက်ပျက်ဖြစ်နေကြတဲ့အကြောင်း ဖော်ပြဖို့ရာအတွက် အခုအချိန်မှာ ပေကျင်းလိုလားတဲ့ ကိုယ်စားလှယ်တွေက ၎င်းတို့ကို ထောက်ခံကြဖို့ မဲဆန္ဒရှင်တွေကို တိုက်တွန်းနေချိန်လည်းပဲ ဖြစ်ပါတယ်။

လူဦးရေရဲ့ထက်ဝက်ကျော်မဲပေး

မဲရုံတွေကို နိုဝင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မဲပေးဖို့ မှတ်ပုံတင်ထားတဲ့သူဟာ စံချိန်တင် ၄သောင်း၁သန်းရှိပြီး ဟောင်ကောင်လူဦးရေ ၇ဒသမ ၄ သန်းရဲ့ ထက်ဝက်ကျော်လောက်အထိ ရှိပါတယ်။ မဲရုံတွေစတင်ဖွင့်လှစ်လိုက်ပြီး နှစ်နာရီအကြာမှာပဲ ပြည်သူ ၄၃၀၀၀၀ လောက်ဟာ စပြီးမဲထည့်နေကြပြီဆိုတာကို South China Morning Post သတင်းမှာ ဖော်ပြထားပါတယ်။ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် အလားတူ ရွေးကောက်ပွဲမှာတုန်းက အဲဒီအချိန်အတောအတွင်း မဲထည့်ဝင်သူ အရေအတွက်ဟာ ၁၂၀၀၀၀ ကျော်ရှိခဲ့တာမို့ တော်တော်လေးကို တိုးပွားလာတဲ့ မဲဆန္ဒရှင်အရေအတွက်လို့ ဆိုရမှာပါ။

မထင်မရှားရှိနေ

ဒေသကောင်စီဝင်နေရာ ၄၅၂ခုအတွက် ကိုယ်စားလှယ်လောင်း ၁၀၀၀ ကျော်တို့ဟာ ပထမဆုံးအကြိမ်အဖြစ် ယှဉ်ပြိုင်နေကြခြင်းဖြစ်ပြီး ၎င်းတို့အားလုံးဟာ စကားစစ်ထိုးပွဲ ကျင်းပခဲ့ပြီးပြီဖြစ်ပါတယ်။ နောက်ထပ်ကောင်စီဝင် နေရာ ၂၇ နေရာကို ကျေးလက်ဒေသတွေက ကိုယ်စားလှယ်တွေအတွက် ခွဲဝေသတ်မှတ်ပေးထားပါတယ်။ မဲရုံအချို့ရဲ့ အပြင်ဘက်နဲ့ လမ်းတွေပေါ်မှာ ရဲတွေကိုတွေ့ပေမယ့် မထင်မရှားအသွင်နဲ့ပဲ ရှိနေကြတယ်လို့ ဆိုပါတယ်။

စိန်ခေါ်မှုတွေများတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပေမယ့် ဒီနေ့လိုမျိုး ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက်မျိုးမှာ တည်ငြိမ်ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်အခြေအနေတစ်ခုရှိနေတာကိုတော့ ကျေနပ်မိတယ်လို့ ဆိုရမှာပဲလို့ ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲ ကယ်ရီလမ်က မဲပေးမှုအပြီးမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဘာကြောင့်အရေးကြီးတာလဲ

တကယ်တော့ ဒေသကောင်စီတွေကိုယ်တိုင်ဟာ အမှန်တကယ်လုပ်ပိုင်ခွင့်အာဏာဆိုလို့ မရှိသလောက်ဖြစ်ပြီး များသောအားဖြင့် ဒေသအဆင့်မှာ ယခုလို ရွေးကောက်ပွဲကျင်းပမှုတွေ ပိုပြီးကျင်းပကြတာ ဖြစ်ပေမယ့် ယခု ရွေးကောက်ပွဲကတော့ဖြင့် ယခင်နဲ့မတူ တစ်မူခြားနားလို့ နေပါတယ်။

အစိုးရကိုဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေ စတင်ခဲ့တဲ့ ဇွန်လကစပြီး ယခု ရွေးကောက်ပွဲတွေဟာ ပထမဆုံးအကြိမ်ဖြစ်တာမို့ စစ်မှန်တဲ့ နောက်ဆုံး စမ်းသပ်မှုတစ်ခုလိုမျိုး ဆောင်ရွက်ကြမှာဖြစ်သလို လက်ရှိအစိုးရအတွက် ထောက်ခံမှုဘယ်လောက်ထိ ရှိတယ်ဆိုတာကို ထင်ဟပ်စေမယ့်ရွေးကောက်ပွဲလို့လည်း မှတ်ယူရဖွယ်ရှိပါတယ်။

နည်းလမ်းကောင်းတစ်ခု

ဟောင်ကောင်ပြည်သူတွေ အနေနဲ့ကတော့ ဒီရွေးကောက်ပွဲဟာ ဟောင်ကောင်နဲ့ ဟောင်ကောင်အကြီးအကဲ ကယ်ရီလမ်အပေါ် ယေဘုယျအားဖြင့် ၎င်းတို့ရဲ့ သဘောထားအမြင်ကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုနိုင်မယ့် နောက်ထပ်နည်းလမ်းကောင်းတစ်ခုအဖြစ် စပြီးထင်မြင်နေကြပြီဖြစ်ပါတယ်။

ဒါပြီးရင်တော့ ဟောင်ကောင်အမှုဆောင်ချုပ်ရွေးချယ်ဖို့ကိစ္စတွေ ထပ်ပြီးဖြစ်လာဖို့ ရှိနိုင်ပါတယ်။ ဟောင်ကောင်ရွေးကောက်ပွဲစနစ်အရ ဒေသကောင်စီဝင် ၁၁၇ ဦးဟာလည်းပဲ အဖွဲ့ဝင် ၁၂၀၀ ရှိတဲ့ ကော်မတီမှာ နေရာရကြမှာဖြစ်ပြီး ကော်မတီဟာ ဟောင်ကောင်ရဲ့အမှုဆောင်ချုပ်ကို မဲပေးရွေးချယ်တာဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီလိုလားတဲ့ အနိုင်ရဒေသကောင်စီတစ်ခုက နောက်ဆုံးမှာ အများဆုံးခွဲတမ်းရရှိနိုင်ခဲ့မယ်ဆိုရင် မြို့ရဲ့ နောက်ထပ် ခေါင်းဆောင်ဖြစ်လာမယ့်သူကို ပြောနိုင်ပြီဖြစ်ပါတယ်။

ဘယ်သူတွေယှဉ်ပြိုင်

ရွေးကောက်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်နေကြသူတွေထဲမှာ လူသိများတဲ့ ပုဂ္ဂိုလ်အချို့ရဲ့ နာမည်တွေပါဝင်နေပါတယ်။ ပေကျင်းထောက်ခံတဲ့ ဥပဒေပြုအမတ် ဂျူနီယပ်စ်ဟိုဟာ ဟောင်ကောင်ရှိ အငြင်းပွားမှုအရှိဆုံး နိုင်ငံရေးသမားတွေထဲက တစ်ယောက်ဖြစ်ပါတယ်။

ယခုလအစောပိုင်းမှာ မစ္စတာ ဟိုဟာ ၎င်းကိုထောက်ခံသူအဖြစ် အယောင်ဆောင်ထားတဲ့ အမျိုးသားတစ်ဦးက ဓားဖြင့်ထိုးနှက်တိုက်ခိုက်မှုကို ခံခဲ့ရပါတယ်။ ၎င်းဟာ ဖြစ်ရပ်များစွာမှာ ဟောင်ကောင်ရဲတပ်ဖွဲ့ကို ထောက်ခံတဲ့ ၎င်းရဲ့ရပ်တည်ချက်ကို ပွင့်ပွင့်လင်းလင်း အသံထွက်ဖော်ပြခဲ့သူပါ။

နောက်တစ်ဦးကတော့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်တဲ့ ဂျင်မီရှမ်ပါ။ ဆန္ဒပြစုဝေးချီတက်မှု အချို့ကို စီစဉ်တဲ့ ပြည်တွင်းလူ့အခွင့်အရေးတပ်ဦးဆိုတဲ့ တက်ကြွလှုပ်ရှားမှုအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ မကြာသေးခင်ကမှ နာမည်ရလာတဲ့သူဖြစ်ပြီး ယခုယှဉ်ပြိုင်မှုဟာ ၎င်းရဲ့ ပထမဆုံးအကြိမ်ယှဉ်ပြိုင်မှုလို့ သိရပါတယ်။

မစ္စတာရှမ်ဟာလည်းပဲ နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခံထားရသူဖြစ်ပြီး သတင်းဓာတ်ပုံတွေမှာ ၎င်းတိုက်ခိုက်ခံရပြီး လမ်းပေါ်မှာ သွေးသံရဲရဲနဲ့ လဲကျနေတဲ့ပုံရိပ်ကို တွေ့ရပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မရတဲ့ နာမည်ကြီးနေသူ နောက်တစ်ဦးကတော့ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ဂျီရှူအောဝေါင်ဖြစ်ပြီး ၎င်းကို ရွေးကောက်ပွဲတွေအတွင်း ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားပါတယ်။

ကိုးကား- ဘီဘီစီ

နိုင်ငံတကာသတင်းတိုတွာ

ကျိုဒို ကာတွန်းရုပ်ရှင်စတူဒီယိုကို ဖြိုဖျက်မည်

တိုကျို နိုဝင်ဘာ ၂၄

ပြီးခဲ့သည့် ဇူလိုင်လက မီးရှို့တိုက်ခိုက်ခံခဲ့ရပြီးနောက် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးသွားခဲ့သည့် ကျိုဒို ကာတွန်းရုပ်ရှင် စတူဒီယိုအဆောက်အအုံကို ဖြိုချဖျက်ဆီးပစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျိုဒို ကာတွန်းရုပ်ရှင် စတူဒီယို မီးရှို့တိုက်ခိုက်ခံခဲ့ရမှုအတွင်း ဝန်ထမ်း၃၆ ဦးသေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၃ ဦးရှိခဲ့သည်။

ကျိုဒိုကာတွန်းရုပ်ရှင် ကုမ္ပဏီက အဆောက်အအုံဖြိုချမည့် အစီအစဉ်ကို နိုဝင်ဘာ ၂၃ ရက်တွင် ဒေသခံပြည်သူများသို့ ရှင်းပြခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

အဆောက်အအုံဖြိုဖျက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများဖြစ်သည့် ငြမ်းစင်ပြုလုပ်ခြင်းနှင့် အဆောက်အအုံ၏ကြွင်းကျန်သည့် အစိတ်အပိုင်းများ ရှင်းလင်းခြင်းကို နိုဝင်ဘာ ၂၅ ရက်တွင် စတင်မည်ဖြစ်ကာ နှစ်ကုန်သည် အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ မိုးခေါင်ရေရှားခြင်းကို အပြင်းအထန်ရင်ဆိုင်ရဖွယ်ရှိ

ဖနောင်ပင် နိုဝင်ဘာ ၂၄

မဲခေါင်မြစ်ဝှမ်းဒေသ၏ အနိမ့်ပိုင်းရှိ နိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ယခုအချိန်မှစတင်ကာ ဇန်နဝါရီလမတိုင်မီအထိ အပြင်းအထန်မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ရဖွယ်ရှိပြီး စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှုကို ခြိမ်းခြောက်လာနိုင်ကြောင်း ကျွမ်းကျင်သူ ပညာရှင်များက သတိပေးခဲ့သည်။

မဲခေါင်မြစ်ဝှမ်း ကော်မရှင်၏ ထုတ်ပြန်ချက်အရ မိုးခေါင်ရေရှားဖြစ်ပွားမှုသည် မဲခေါင်မြစ်ရေမျက်နှာပြင်ကို နှစ်ပေါင်းဖဝအတွင်း အနိမ့်ဆုံးအမှတ်အထိ ကျဆင်းသွားစေကာ မဲခေါင်မြစ်ဝှမ်းဒေသ အနိမ့်ပိုင်းတွင် တည်ရှိနေသည့် အစိတ်အပိုင်းများ အနေဖြင့် ဇွန်လမှစတင်ကာ ဒေသအတွင်း မြစ်ရေစီးဆင်းမှုနှုန်း နှေးကွေးသည့် အခြေအနေကို ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

မိုးခေါင်ရေရှားမှု ဖြစ်ပွားနိုင်သည့် နိုင်ငံလေးခုတို့အနက် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လာအို နှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ယှဉ်လျှင် အဆိုးရွားဆုံးထိခိုက်ခံစားရနိုင်ကြောင်း ကော်မရှင်က ဖော်ပြသည်။

စိုစွတ်သော ရာသီအတွင်း မိုးရေလုံလောက်စွာမရရှိမှု၊ မုတ်သုန်မိုး စောစီးစွာဆုတ်ခွာသွားမှုနှင့် အပူချိန်မြင့်တက်စေအောင် ဖန်တီးသည့် အယ်နီညိုဖြစ်စဉ်တို့ကြောင့် မိုးခေါင်ရေရှားမှု ဖြစ်ပွားရကြောင်း မဲခေါင်မြစ်ဝှမ်းကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗန်ကောက်ပို့စ်

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် သံတောင်ကြီးမြို့နယ် ကျေးရွာများမှ ပြည်သူများ တွေ့ဆုံ

ဘားအံ နိုဝင်ဘာ ၂၄

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ ဌာနများမှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါ၍ ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ဘောဂလိမြို့ အစွန်ဝိုင်းရှိ မြို့ပြနှင့် အလုမ်းဝေးသော သပြေညွန့် စံပြကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများသို့ နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းသွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နောက်မကျအောင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သပြေညွန့်၊ ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ပြီးနောက် သပြေညွန့် စံပြကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ ပြည်နယ် ဝန်ကြီးချုပ်က သပြေညွန့်ရွာသည် ဘောဂလိမြို့ အပိုင်အတွင်း တည်ရှိသော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း မြို့နယ်များ၊ ကျေးရွာများမှ ဖြတ်သွားရခြင်းဖြစ်၍ အလုမ်းဝေးနေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကောင်းမွန်ဖို့ လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရ အနေဖြင့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းအတွက် အသက်မွေးပညာရပ်များ အခမဲ့သင်ကြားပေးနေသလို သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ပေးနေ၍ မရရှိပါက ပြောကြားစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကလေးမိခင်များအား လက်ဆောင်များပေးအပ်စဉ်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်းကာ အခမဲ့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည့် သပြေညွန့်၊ ကျေးရွာအုပ်စုနှင့် မဲတင်းတိမ်ကျေးရွာအုပ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၄၅၅ ကတ်ကိုလည်းကောင်း၊ မသန်စွမ်းသူ တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် သံတောင်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၆၄ ဦးအတွက် ကျပ် ၁၃၉၂၀၀၀၀၊ သံတောင်မြို့အတွင်းရှိ မသန်စွမ်းသူ ၆၇ ဦးအတွက် ကျပ် ၂၀၁၀၀၀၀၊ လပ်သိုမြို့အတွင်းရှိ မသန်စွမ်းသူ ၁၄၁ ဦးအတွက် ကျပ် ၄၂၃၀၀၀၀ နှင့် ဘောဂလိမြို့အတွင်းရှိ မသန်စွမ်းသူ ၇၁ ဦးအတွက် ကျပ် ၂၁၃၀၀၀၀ ကိုလည်းကောင်း၊ သပြေညွန့် အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများနှင့် ဆိုလာမီးများကိုလည်းကောင်း ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ သပြေညွန့်၊ ကျေးရွာအုပ်စုနှင့် မဲတင်းတိမ်ကျေးရွာအုပ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများက တောင်းဆိုကြသည့် လိုအပ်ချက်များနှင့်ပတ်သက်၍ ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ သပြေညွန့်-ကနစို-မုတ်ကတိမြောင်-ဇင်တိုင်ကလေး ကျေးရွာများကို ဆက်သွယ်သွားလာနိုင်ပြီး အဆိုပါ ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်စေသည့် ယောက်သဝ ချောင်းကူးတံတားကိုလည်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ကျိုက်မရောမြို့နယ်မှ ကျေးရွာကွန်ကရစ်လမ်းကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

ကျိုက်မရော နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လှကဇိုင်းကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေနှင့် ထု ခြောက်လက်မရှိ လှကဇိုင်းကျေးရွာ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ကျိုက်မရော မြို့နယ်အတွင်း ကျေးရွာများ၌ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်လာနိုင်သဖြင့် ကျေးလက် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာကာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း ပြောကြားပြီးနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကိုလိုက်လံကြည့်ရှုခဲ့သည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ၌ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်လှစ်

သနပ်ပင် နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ ဝင်းအတွင်း၌ ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသွားခဲ့သည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာ ခရမ်းစံပြရွာ ဓမ္မမေဒနီကျောင်းမှ တိုက်အုပ်ဆရာတော်၊ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစံကြည်နှင့် ဆေးရုံကော်မတီဝင် ဦးကျင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဆေးရုံကော်မတီဝင် ဦးအောင်မြင့်သူက ခရမ်းစံပြဆေးရုံ၏ သမိုင်းကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဆေးရုံကော်မတီ ဥက္ကဋ္ဌ ဦးလှအုန်းတို့က ခရမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံ၏ လိုအပ်ချက်များနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါဝန်ထမ်းအိမ်ရာသည် အလျား ၈၈ ပေ၊ အနံ ၂၄ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၅၃ ဒသမ ၀၉ သန်းဖြင့် သူရနိုင်အောင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ကာ လူနာဆောင်၊ စက်ခြံနှင့် ကွန်ကရစ်လမ်းကို ခရမ်းစံပြကျေးရွာ ဆရာတော်နှင့် စေတနာရှင် ပြည်သူများက စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ခရမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံတွင် ဆေးရုံအုပ်ကြီး အပါအဝင် ကျန်းမာရေးဝန်ထမ်း ရှစ်ဦးရှိပြီး သနပ်ပင်မြို့နယ်အတွင်းရှိ ခရမ်း၊ ခရမ်းစက်၊ ခရမ်းညောင်ပင်၊ မကြက်စု၊ သူဌေးကုန်း၊ သုံးခွ၊ ဖရဲ၊ စွန်ပိ၊ ကမာဖရံ၊ ငါးကြီးဝင်း၊ ကလိုင်၊ ကသဲကုန်း၊ လောင်မီး၊ လောင်မီးချောင်းဝ၊ ရေကျော် ကျေးရွာများနှင့် ကော့ပြတ်ရပ်ကွက်၊ ဂုံးကျော်ရပ်ကွက် စသည့် ရပ်ကွက်များမှ ဒေသခံပြည်သူများ အားထားနေရသည့် တိုက်နယ်ဆေးရုံဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

စလင်းမြို့မရဲစခန်း အချုပ်ခန်းကို မင်းဘူးခရိုင်တရားသူကြီးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

စလင်း နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရဲစခန်း အချုပ်ခန်းကို မင်းဘူးခရိုင်တရားသူကြီး ဦးဌေးအောင်နှင့် အဖွဲ့က နိုဝင်ဘာ ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်က လိုက်လံရှင်းလင်းပြသခဲ့သည်။

ရဲစခန်းရှိ အမျိုးသားအချုပ်ခန်းမှာ အချုပ်သား ၁၁ ဦးဆံ့ဖြစ်သော်လည်း လက်ရှိအချိန်တွင် ၂၂ ဦးကို ချုပ်ထားရပြီး အမျိုးသမီး အချုပ်ခန်းမှာလည်း အချုပ်သူ သုံးဦးဆံ့ဖြစ်သော်လည်း အချုပ်သူ လေးဦးကို ချုပ်ထားရကြောင်း သိရသည်။ ခရိုင်တရားသူကြီးက အချုပ်သားများအား နေရေး၊ ထိုင်ရေး၊ စားရေးနှင့် ကျန်းမာရေး အခက်အခဲများရှိမရှိ မေးမြန်းခဲ့ပြီး အချုပ်သားများက အခက်အခဲမရှိကြောင်း၊ မတရား နှိပ်စက်ညှဉ်းပန်းခြင်း မရှိကြောင်း၊ တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ ရှေ့နေရှေ့ရပ်ငှားခြင်း၊ တွေ့ဆုံခြင်စသော ဥပဒေပါ အခွင့်အရေးများ အားလုံးရရှိကြကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အချုပ်ခန်းမှာ ခိုင်ခံ့လုံခြုံ စိတ်ချရပြီး လေဝင်လေထွက် ကောင်းမွန်သလို အလင်းရောင်လည်း ကောင်းမွန်စွာရရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အချုပ်ခန်းတစ်ခန်း ထပ်မံဆောက်လုပ်ခွင့်ပြုနိုင်ရေးအတွက် တွက်ချက်တင်ပြ တောင်းခံ သွားရန် ခရိုင်တရားသူကြီးက အကြံပြုခဲ့ကြောင်း သိရသည်။

သန်းမြင့် (ပြန်/ဆက်)

ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွားကျေးရွာကို မြို့အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

ဟားခါး နိုဝင်ဘာ ၂၄

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွားကျေးရွာကို မြို့အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်သည့် အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆူရ်ခွားမြို့ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့အဝင်နေရာ၌ ဆူရ်ခွားမြို့ ဖွင့်ပွဲ အထိမ်းအမှတ် မုခ်ဦးကို ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဆူရ်ခွားမြို့ ကမ္ဘည်းကျောက်စာကို ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဧည့်သည်တော်များက ဆူရ်ခွားမြို့အတွင်း လှည့်လည်ကြည့်ရှုပြီးနောက် ဆူရ်ခွားမြို့ဖွင့်ပွဲ ဒုတိယပိုင်း အခမ်းအနားကို ဆူရ်ခွားမြို့ ဘုရားကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားပြီးနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဆူရ်ခွားကျေးရွာ၏ သမိုင်းအစဉ်အလာကြီးမားမှု၊ ဆူရ်ခွားမြို့အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်ပတ်သတ်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဆူရ်ခွားမြို့ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးဗန်ကျဲအိုက ကျေးဇူးတင်စကား ပြောကြားကာ ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ဆူရ်ခွားမြို့မှ ဒေသခံလူငယ်များအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆူရ်ခွားမြို့ ကမ္ဘည်းကျောက်စာကို ပြည်နယ်ဝန်ကြီး ဦးဝီကောက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

ဟားခါးမြို့နယ် ဆူရ်ခွားကျေးရွာအုပ်စုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေလ ၁၆ ရက် အမိန့်ကြော်ငြာစာ အမှတ်(၁၂၈/၂၀၁၉)ဖြင့် ဆူရ်ခွားမြို့ အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ဆူရ်ခွားမြို့တွင် ဆိုင်လိုသာရရပ်ကွက်နှင့် စလုံပူးရပ်ကွက်ဟု ရပ်ကွက်နှစ်ခု ပါဝင်ကြောင်း၊ မြို့ဧရိယာမှာ ၂၅၉၇၃ ဧက ကျယ်ဝန်းကြောင်း သိရသည်။ ဆူရ်ခွားမြို့သည် မြောက်ဘက်တွင် ဟားခါးမြို့နှင့် မိုင် ၅၀၊ တောင်ဘက်တွင် မတူပီမြို့နှင့် မိုင် ၅၀ နှင့် ရေဇွာမြို့နှင့် ၅၅ မိုင်ခန့်၊ ကွာဝေးပြီး ဟားခါး-မတူပီ လမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျသော မြို့တစ်မြို့ လည်းဖြစ်သည်။

ဆူရ်ခွားမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အပါအဝင် ဌာနဆိုင်ရာရုံးပေါင်း ၁၇ ခုကို ဖွင့်လှစ်သွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ဆူရ်ခွားမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေရဲစခန်း၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းစသည့် ရုံးဌာနငါးခု ဖွင့်လှစ်၍ ပြည်သူများအား ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

ကိုရီးယားနည်းပညာဖြင့် သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူနိုင်တော့မည်

နေပြည်တော် နိုဝင်ဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ယင်းမျှော်မှန်းချက်အားလက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေမည့် "Korea Vocational Training Centre" စီမံကိန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Foundation For Life and Culture Movement (FLCM Foundation)တို့ ပူးပေါင်း၍ ရန်ကုန်မြို့တွင် ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က နေပြည်တော် ရုံးအမှတ် (၁၆) ၌ ကျင်းပသည်။

ထို့နောက် တောင်ကိုရီးယားနိုင်ငံ ဂူမီမြို့တွင် အခြေစိုက်ဖွဲ့စည်းထားသည့် FLCM Foundation က အမေရိကန်ဒေါ်လာ ၉ သိန်းကျခံကာ ရန်ကုန်မြို့တွင် Korea Vocational Training Centre အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်နှင့် FLCM Foundation မှ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် ပညာရေးဆုံးခန်းတိုင် သင်ကြားနိုင်ခဲ့ခြင်းမရှိသည့် လူငယ်လူရွယ်များကို ကိုရီးယားနည်းပညာဖြင့် သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ လေ့လာသင်ယူခွင့်ရရှိစေမည်ဖြစ်ကာ ကျွမ်းကျင်လုပ်သားများအဖြစ် အလုပ်အကိုင်ရရှိစေရန်နှင့် ကိုယ်ပိုင်အလုပ်ရုံလုပ်ငန်းများ တည်ထောင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းများကို နေပြည်တော်ရုံးချုပ်၌ လစဉ်ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သင်တန်းပေါင်း ၅၀၂ ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား ၁၀၃၆၃ ဦးအား အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းသင်တန်း ၃၆၅ ကြိမ် ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ဒေသအသီးသီး၏တောင်းဆိုမှုများဖြင့်လည်းအသက်မွေးဝမ်းကျောင်းအတတ်ပညာများ ဖြန့်ဝေပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြောသည်။

ညီညီသန်း (နေပြည်တော်)

ပုဂံလက်မှုယွန်းထည်များ ပြည်ပဈေးကွက်လိုအပ်နေပြီး ပညာရပ်ဆက်လက်ရှင်သန်နိုင်ရန် ကြိုးပမ်းနေ

ပုဂံ နိုဝင်ဘာ ၂၄

ပုဂံဒေသမှ ထွက်ရှိသော ယွန်းထည်ပစ္စည်းများအတွက် ခိုင်မာသောဈေးကွက်ရရှိစေရန် ပြည်ပဈေးကွက်လိုအပ်လျက်ရှိကြောင်းနှင့် ၁၁ ရာစုခန့်ကပင် စတင်ပေါ်ထွန်းခဲ့သည့် ရှေးဟောင်းမြန်မာ့လက်မှုယွန်းထည်ပညာရပ်များ တိမ်ကောပပျောက်သွားခြင်းမရှိဘဲ ဆက်လက်ရှင်သန်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းထွက်ပစ္စည်းဖြစ်သော တင်းဝါးဖြင့် ယွန်းထည်များပြုလုပ်ရာတွင် ဒီဇိုင်းမဖော်မီ ဝါးကို လိုအပ်သောပုံစံ ဖြတ်တောက်စိပ်၍ လိုအပ်သော အထူအပါး ရရှိရန် နှီးဖြာပြီးသောအခါ ရရှိလာသော နှီးများဖြင့် မိမိပုံဖော်လိုသော လက်မှုပစ္စည်းများကို လက်ဖြင့်ရက်၍ ပြုလုပ်ခြင်းဖြစ်သည်။ မည်သည့် ယွန်းထည်ပစ္စည်းကိုမဆို လက်ဖြင့်သာ ပုံဖော်ရက်လုပ်ပြီး ယခင်က ဆွမ်းအုပ်၊ လက်ဖက်အုပ်၊ ဗန်း၊ ဆန်ကော၊ ဖျာနှင့် တောင်းများကိုသာ ရိုးရာအတိုင်း ထုတ်လုပ်ခဲ့ရာမှ နောက်ပိုင်းတွင် ပြောင်းလဲလာသော ခေတ်နှင့်အညီ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လာသောကြောင့် ယနေ့တိုင် ပုဂံမှထွက်ရှိသော ယွန်းထည်လက်မှုပစ္စည်းများကို နိုင်ငံခြားသားခရီးသွားများအနေဖြင့် စိတ်ဝင်စားမြတ်နိုးလျက်ရှိသည်။

"လက်ရှိမှာ ပြည်တွင်းဈေးကွက်အတွက်ပဲ ထုတ်လုပ်တာများတယ်။ ပြည်ပခရီးသွားတွေအကြိုက် သူတို့က ပုံစံပြပြီး ရက်လုပ်ပေးရတဲ့ ပစ္စည်းတွေလည်း ရှိပါတယ်။ ခေတ်မီဆန်းသစ်တဲ့ပုံစံတွေကို နိုင်ငံခြားသားတွေ ပိုကြိုက်တာများတယ်။ ဝါးနဲ့လုပ်တဲ့ပစ္စည်းတွေက သုတ်တဲ့ သစ်စေးအပေါ်မှာမူတည်တယ်။ များများသုတ်ထားရင် နှစ်ကြာရှည်ခံတယ်။ ရှေးဟောင်းယွန်းထည်ပစ္စည်းတွေက နှစ်တစ်ရာနီးပါးခံတဲ့အတွက် ကျွန်တော်တို့ထုတ်လုပ်တဲ့ ပစ္စည်းတွေကလည်း သုံးစွဲမှုနဲ့ ဈေးနှုန်းအပေါ်မှာမူတည်ပြီး ခံနိုင်ရည်ရှိကြပါတယ်။ ပုဂံမှာ ၁၁ ရာစုက ပေါ်ထွန်းခဲ့တဲ့ ရှေးဟောင်းလက်မှုပညာရပ်တွေရှင်သန်အောင် ထိန်းသိမ်းထားဆဲပါပဲ။ ခိုင်မာတဲ့ ပြည်ပဈေးကွက် မရှိသေးတာကြောင့် ပုဂံရဲ့ လက်မှုပစ္စည်းတွေဟာ ပြည်ပကို မထိုးဖောက်နိုင်သေးတာပါ။ လုပ်ဆောင်စရာတွေလည်း အများကြီးရှိနေပါသေးတယ်" ဟု ညောင်ဦးမြို့ရှိ ပစ်တိုင်းထောင်ယွန်းထည်လုပ်ငန်းရှင် ဦးမောင်မောင်က ပြောသည်။

ပုဂံတွင် တစ်နှစ်ပတ်လုံး နိုင်ငံခြားခရီးသွားများဝင်ရောက်လေ့ရှိပြီး အဓိကခရီးသွားရာသီဖြစ်သည့် နိုဝင်ဘာလဆန်းပိုင်းမှ ဧပြီလဆန်းပိုင်းအတွင်း ခရီးသွားများပြားလေ့ရှိသောကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေသောကာလဖြစ်သည်။ ယခုနှစ်တွင် ပုဂံသို့ ခရီးသွားဝင်ရောက်မှုပုံမှန်အတိုင်းသာရှိနေ၍ ယွန်းထည်လက်မှုပစ္စည်းအရောင်းအဝယ်ပါးနေသော်လည်း လက်မှုပညာရှင်များအနေဖြင့် ယွန်းထည်လုပ်ငန်းများ ဆက်လက်ရှင်သန်စေရန် လုပ်ကိုင်လျက်ရှိသည်။

ယွန်းထည်ပစ္စည်းတစ်ခုရရှိရန် ခြောက်လမှ ဆယ်လအထိ ကြာမြင့်တတ်ပြီး ပစ္စည်းမျိုးစုံထုတ်လုပ်သည့်အတွက် တစ်နှစ်ပတ်လုံး လည်ပတ်လုပ်ကိုင်ရသောကြောင့် ယွန်းထည်လုပ်ငန်းမှာ အရင်းအနှီးကြီးသော လုပ်ငန်းဖြစ်သည်။ အဓိကဈေးကွက်အနေဖြင့်မူ ခရီးသွားလုပ်ငန်းအပေါ်တွင်သာ မှီခိုနေရပြီး နိုင်ငံခြားခရီးသွားလုပ်ငန်း ကောင်းမွန်ပါက ပုဂံဒေသမှ လက်မှုပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်လေ့ရှိကြောင်း သိရသည်။

ပုဂံဒေသတွင် လက်ဆင့်ကမ်းထိန်းသိမ်းလာသော ယွန်းထည်လုပ်ငန်းများမှ လက်မှုပစ္စည်းမျိုးစုံထုတ်လုပ်လျက်ရှိပြီး လုပ်ငန်းရှင်ပေါင်း ၁၀ ဦးခန့်ရှိသည်။ ပုဂံညောင်ဦးမြို့နယ်အတွင်းမှ မြင်းကပါ၊ ဖွားစော၊ မင်းနံသူနှင့် သူဌေးကုန်း စသည့်ကျေးရွာများတွင်လည်း မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေသူပေါင်း နှစ်ထောင်ခန့်ရှိကြောင်း သိရသည်။

သန်းထိုက်

ဖားကန့်မြို့မှ စတုတ္ထတန်းကျောင်းသား မောင်ဆွတ်မိုင်အောင်

Junior Mister Continental 2019 ဆုရရှိ

ဖားကန့် နိုဝင်ဘာ ၂၄

ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ဆွတ်ငိုင်ယန်(စံပြ-မူလွန်) ကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်ဆွတ်မိုင်အောင်သည် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ကျင်းပသော Prince & Princess International 2019 ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၏ ဥရောပဆိုင်ရာ အကောင်းဆုံးလူငယ်ဆု(Junior Mister Continental 2019) ကို နိုဝင်ဘာ ၁၇ ရက်က ဆွတ်ခူးရရှိခဲ့သည်။

နိုင်ငံပေါင်း ၆၀ မှ ပါဝင်ယှဉ်ပြိုင်သူ ၈၀ ကျော်ရှိသည့်အနက် မြန်မာနိုင်ငံကိုယ်စားပြု ကိုးဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မောင်ဆွတ်မိုင်အောင်လည်း KST Model Agency မှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ယနေ့တွင် ဆွတ်ငိုင်ယန်(စံပြ-မူလွန်)ကျောင်းသို့ ပြန်လည်ရောက်ရှိလာသော မောင်ဆွတ်မိုင်အောင်အား အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးနော်ဆန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဖားကန့်အ.ထ.က မှ ဘင်ခရာအဖွဲ့ဖြင့် ကြိုဆိုခဲ့ကြသည်။

မောင်ဆွတ်မိုင်အောင်၏ မိခင်ဖြစ်သူ ဒေါ်ဆိုင်းနန်က "ကျွန်မက ကလေးဝါသနာပါတာကို ဖြည့်ဆည်းပေးဖို့ ရည်မှန်းထားပါတယ်။ နောက်ပြီး ပညာရေးနဲ့ ပတ်သက်ပြီးလည်း မပျက်ကွက်ရအောင်၊ နိုင်ငံ့သားကောင်းရတနာဖြစ်အောင် ပြုစုပျိုးထောင်ဖို့ တာဝန်ရှိတယ်လို့ ခံယူထားတာပါ" ဟု ပြောသည်။

"ဒီကလေးက ကျောင်းစာမှာ ထူးချွန်တယ်။ အတန်းစဉ်ဆက် ဆုတွေရရှိခဲ့တာပါ။ ဒီလိုပြိုင်ပွဲဝင်မယ်ဆိုတော့ နိုင်ငံတကာမှာ အဆင်ရောပြေပါ့မလားလို့တော့ စိုးရိမ်မိတယ်။ ကိုယ့်ကလေးက အဝတ်အစားကအစ မပြည့်မစုံနဲ့ ဆိုတော့လေ။ ဒါပေမယ့် ကလေးက အကောင်းဆုံးလုပ်နိုင်တယ်။ သူ့အတွက်ရောကျောင်းအတွက်ပါ ဂုဏ်ယူရပါတယ်" ဟု ဆွတ်ငိုင်ယန် (စံပြ-မူလွန်) ကျောင်းကျောင်းအုပ်ဆရာကြီး ဦးနော်ဆန်းက ပြောသည်။

မောင်ဆွတ်မိုင်အောင်သည် ပန်းချီပြိုင်ပွဲများတွင်လည်း မကြာခဏ ဆုရရှိသူတစ်ဦးဖြစ်ကြောင်း သိရသည်။

Junior Mister Continental 2019 ဆုရှင် မောင်ဆွတ်မိုင်အောင်က "သားကြီးလာရင်လည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတွေရရှိအောင် ဆက်လက်ကြိုးစားသွားဦးမှာပါ" ဟု ပြောကြားခဲ့သည်။

တာလင်းမောင် (ပြန်/ဆက်)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၁၁-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၈၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၁၅၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၈၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၁၅၃၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၉၀၀/၉၆၀	ကျပ်	၉၅၅/၉၇၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၁၀/၉၇၀	ကျပ်	၉၇၀/၉၉၀	ကျပ်
အောက်တိန်း ၉၂	၈၄၀/၈၈၀	ကျပ်	၉၁၀/၉၂၅	ကျပ်
အောက်တိန်း ၉၅	၉၄၀/၉၈၀	ကျပ်	၁၀၂၅/၁၀၄၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၁၆	.	၄
ဥရောပ	တစ်ယူရို	ကျပ်	၁၆၇၇	.	၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၃	.	၂
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၅၇	.	၂
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၉၆	.	၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၃၀	.	၇
တရုတ်	တစ်ယွမ်	ကျပ်	၂၁၅	.	၄၄
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁	.	၁၂၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၈	.	၈၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၃	.	၆၉
ထိုင်း	တစ်ဘတ်	ကျပ်	၅၀	.	၂၃၇

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၇၁၇	၈၅၈၆၅၀၀
MTSH	၃၈၅၀	၃၈၅၀	၈၉၃၁	၃၄၃၈၄၃၅၀
MCB	၈၃၀၀	၈၃၀၀	၂၀၀	၁၆၆၀၀၀၀
FPB	၂၃၀၀၀	၂၃၀၀၀	၁၇၁	၃၉၃၃၀၀၀
TMH	၃၀၀၀	၃၀၀၀	၁	၃၀၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဝက်သက်နှင့် ဂျိုက်သိုး အပိုဆောင်းကာကွယ်ဆေး အလေးထားထိုးနှံပေး

• • • မောင်သင်းပျို့ • • •

၂၀၁၉ ခုနှစ် အောက်တိုဘာလက တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ သွားလာရေးခက်ခဲသောဒေသများမှ မြို့နယ်ပေါင်း ၉၆ မြို့နယ်တွင်ရှိသော ကလေးသူငယ်များကို ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခဲ့ပြီ ဖြစ်သည်။ ယခုနိုဝင်ဘာလတွင်လည်း ကျန်မြို့နယ်ပေါင်း၂၃၄ မြို့နယ်တွင်ရှိသည့် အသက် ၉ လမှ ၅ နှစ်ခွဲအောက်ရှိ ကလေးသူငယ်များကို ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးကို ထိုးနှံပေးမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကင်းဝေး၍ ကိုယ်ဝန်ဆောင်မိခင်များ ကြံ့တွေ့နေရသည့် မွေးရာပါ ဂျိုက်သိုးရောဂါ ကင်းစင်ပပျောက်မည်ဖြစ်သည်။ ကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်းကို နိုဝင်ဘာ၂၆ ရက်မှ ၂၈ ရက်နေ့အထိ သုံးရက်တိုင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာတို့၏ စုရပ်နေရာများတွင် ထိုးနှံရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသိပေးနှိုးဆော်ထားပြီး ဖြစ်သည်။



မဖြစ်မနေထိုးနှံပေးဖို့လိုအပ်

နိုင်ငံတစ်နိုင်ငံ၏ လူစွမ်းအား ဖွံ့ဖြိုးတိုးတက်မှုတွင် ကျန်းမာရေးကဏ္ဍသည် အရေးပါသောအခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိသောကြောင့် နိုင်ငံအတွင်းရှိ အသက် ၅ နှစ်အောက် ကလေးငယ်များသေဆုံးမှု လျှော့ချနိုင်ရန်နှင့်၂၀၂၃ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကင်းဝေး၍ မွေးရာပါ ဂျိုက်သိုးရောဂါကင်းစင်ပပျောက်စေရန် ကာကွယ်ဆေးအပိုဆောင်း ထိုးနှံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ မိခင်များက မိမိတို့၏ရင်သွေးငယ် ကလေးငယ်များ ကူးစက်မှုမြန်ဆန်သောရောဂါကင်းဝေးစေရန် သတ်မှတ်ရက်သုံးရက်တွင် ကာကွယ်ဆေးများကို မဖြစ်မနေ ထိုးနှံကြရန် အထူးအရေးကြီးပါသည်။

လူဦးရေထူထပ်၍ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလွှမ်းခြုံမှုအားနည်းသော ဒေသများတွင်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ကျန်းမာရေး ဝန်ထမ်းများ မရောက်ရှိနိုင်သော နေရာများတွင်လည်းကောင်း၊ အဆိုပါနေရာများမှ မြို့ပေါ်သို့ ရွှေ့ပြောင်းလာသူများတွင်လည်းကောင်း ဝက်သက်ရောဂါကူးစက်ဖြစ် ပွားမှုများရှိခဲ့ပြီး အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကပ်အသွင်ဖြစ်ပွားသေဆုံးမှုများရှိခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ဝက်သက်ရောဂါကပ်အသွင် ၂၁ ကြိမ်ဖြစ်ပွားခဲ့၍ ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားခဲ့ရာ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၅ ရက်မှ ၂၉ ရက်အတွင်း ကာကွယ်ဆေးကိုထိုးနှံခဲ့၍ နိုဝင်ဘာလတွင် တစ်နိုင်ငံလုံး၌ ကာကွယ်ဆေးအပိုဆောင်း ထိုးနှံမှုကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တစ်ရပ်အနေဖြင့် ကာကွယ်ဆေး ၁၁ မျိုးကို ထိုးနှံပေးလျက်ရှိသည်။ ထိုကာကွယ်ဆေးကိုထိုးနှံပေးခြင်းဖြင့် ပြင်းထန်တီဘီရောဂါ၊ ပိုလီယို အကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညာချောင်းဆိုးရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက် အမြှေးရောင်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ မွေးကင်းစကလေး မေးခိုင်ရောဂါနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါဖြစ်ပွား သေဆုံးမှုတို့ကို လျှော့ချပေးလျက်ရှိသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ တို့ကို ကာကွယ်နိုင်သော ကာကွယ်ဆေးနှစ်မျိုးကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်ကာကွယ်ဆေးထိုးသော အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းပိုးကို ၂၀၀၇ ခုနှစ် တွင် နောက်ဆုံးအကြိမ်တွေ့ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပိုလီယိုကင်းစင်ကြောင်း ကြေညာပြီးနောက်ပိုင်း၌ အသွင်ပြောင်းပိုလီယိုပိုးကို ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ် ဧပြီလ၃၃ ရက်နေ့တွင်တစ်ကြိမ် ထပ်မံတွေ့ရှိ ခဲ့ခြင်းဖြစ်သည်။ ထိုကလေးငယ်သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် နေထိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ရောဂါကူးစက်နိုင်မှုများသော နေရာဒေသနှင့် လူအုပ်စုများသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ် ၁၂ မြို့နယ်တွင်လည်း အသွင်ပြောင်းပိုလီယိုကူးစက်မှု ကင်းစင်ရန် ရည်ရွယ်လျက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးကိုအသက် ၉ လ အရွယ်တွင်တစ်ကြိမ်နှင့် အသက်၁၈ လတွင်တစ်ကြိမ်ဖြင့်ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီး ဝက်သက်ရောဂါ ဖြစ်ပွားမှုနှင့် ထိုရောဂါ၏ နောက်ဆက်တွဲပြင်းထန်ရောဂါများ ဖြစ်ပွား သေဆုံးမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ဂျိုက်သိုးရောဂါ ကူးစက်ခံရပါက ဝေဒနာပြင်းထန်ခြင်းမရှိသော်လည်း အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်တွင် ကူးစက်ခံရပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးသေဆုံးခြင်း၊ မွေးဖွားလာမည့်ကလေးငယ်များ မွေးရာပါနားမကြား ဆွံ့အခြင်း၊ နှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါနှင့် နားမကြားရောဂါစသော ချို့ယွင်းချက်များ ဖြစ်ပေါ်၍ အင်္ဂါချို့ယွင်းသောကလေးများကို မွေးဖွားတတ်လေ့ရှိသည်။

"ကျွန်တော်တို့ အခုအကြိမ် ဆောင်ရွက်ရမှာက အလွန်အရေးကြီးပါတယ်။ နိုင်ငံတစ်ဝန်းလုံး ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၆ ရက်မှ၂၈ ရက်အထိ ထိုးနှံပေးမှာပါ။ အသက် ၉ လကနေ ၅ နှစ် ၆ လ အသက်အုပ်စု ကလေးငယ်များကို ထိုးနှံပေးမှာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ရည်မှန်းကလေး ၅၇၄၂၀၀ ကို အဓိကထားပြီး ထိုးနှံ ပေးသွားမှာပါ။ ကလေးတစ်ဦးကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဒေါ်လာ ကုန်ကျမယ်လို့ ခန့်မှန်းထားတာကြောင့် ကာကွယ်ဆေးကို အားလုံးထိုးနှံပေးဖို့လိုပါတယ်။ ဝက်သက်ရောဂါဟာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့အတွက် ကူးစက်မြန်ပါတယ်။ နောက်ဆက်တွဲပြဿနာက ကိုယ်ရေခန်းခြောက်ပြီး ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တာ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပြင်းထန်အာဟာရချို့တဲ့ရောဂါတွေ အဖြစ်များတာကြောင့် ကျွန်တော်တို့အတွက် အရေးကြီးတယ်။ နောက်တစ်မျိုးက ဂျိုက်သိုးရောဂါပါ။ ဝက်သက်ရောဂါလို မပြင်းထန်ပေမယ့် ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဂျိုက်သိုးရောဂါဖြစ်ရင် ကိုယ်ဝန်ပျက်ခြင်း၊ မွေးရာပါသေဆုံးခြင်းတွေ ဖြစ်တတ်ပါတယ်။ မွေးလာရင်လည်း ကလေးမှာ နှလုံးရောဂါ၊ မျက်စိအတွင်းတိမ်နဲ့ဆွံ့အနားမကြားစတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် အဲဒီရောဂါနှစ်မျိုးကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ကာကွယ်ဆေး မထိုးထားတဲ့ကလေးတွေကို ကူးစက်နိုင်တာကြောင့် အားလုံးဆေးမထိုးနှံတဲ့သူမရှိအောင် နိုင်ငံတစ်ဝန်းမှာ အပို ဆောင်ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ပါတယ်။ ကာကွယ် ဆေးထိုးနှံခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းမှာ ငါးနှစ်အောက် ကလေးသေဆုံးမှုလျှော့ချခြင်းနဲ့ ၂၀၂၃ ခုနှစ်မှာ ဝက်သက်ရောဂါနဲ့ ဂျိုက်သိုးရောဂါကင်းစင် ပပျောက်စေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး (ရန်ကုန်တိုင်းဒေသကြီး)ဒုတိယဌာနကြီးရေးမှူးချုပ်ဒေါက်တာထွန်းမြင့်က ပြောသည်။

ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်

၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝက်သက်ရောဂါ ၁၃၈၉ ဦး ဖြစ်ပွားခဲ့ပြီး (ဓာတ်ခွဲခန်းအတည်ပြုချက်အရ) ၆၆၃ ဦးသည် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်သည်။ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝက်သက်ရောဂါကြောင့် ၃၂၆၅ ဦး ဆက်လက်ဖြစ်ပွားခဲ့ပြီး ၁၀၆၆ ဦးသည် ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ဒဂုံအရှေ့၊ ဒဂုံတောင်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်တို့တွင် အများဆုံး ဖြစ်ပွားခဲ့ရာ သေဆုံးမှုအချို့လည်း ရှိခဲ့သည်။ ဝက်သက်ရောဂါမှာ တစ်ဦးဖြစ်ပွားပါက တစ်အိမ်လုံးသို့ ကူးစက်မြန်တတ်သောကြောင့် ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားလျက်ရှိသော ဆင်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်သောကြောင့် ကူးစက်တတ်သည့်အတွက် ခြင်ကိုက်ခံမှုမရှိရန် ဆောင်ရွက်ခြင်းဖြင့် ရောဂါကင်းဝေးစေမည်ဖြစ်ပြီး ဝက်သက်ရောဂါသည် ခြင်ကိုက်ခြင်းမှဖြစ်ပွားခြင်း မဟုတ်သောကြောင့် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်စေမည်ဖြစ်သည်။ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကို သတ်မှတ်ထားသော အသက် အပိုင်းအခြား အတိုင်း ထိုးနှံသွားရမည်ဖြစ်ရာ အပိုဆောင်းထိုးနှံပေးရာတွင် ကလေးငယ်များအားလုံး ထပ်မံထိုးနှံရန် လိုအပ်ခြင်း ဖြစ်သည်။

ရန်ကုန်မြို့တွင်ရှိသော ဆေးရုံကြီး ၁၁ ရုံမှ လေ့လာချက်များတွင် ဓာတ်ခွဲအတည်ပြုသော မွေးရာပါ ဂျိုက်သိုးရောဂါဖြစ်ပွားမှုသည် အရှင်မွေး ၁၀၀၀ တွင် ၀ ဒသ ၁ ဦးနှုန်း ဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးနှံသော ၉ လအရွယ် ကလေးငယ်အား ဝက်သက်ရောဂါ ကာကွယ်ဆေးတစ်မျိုးတည်း ထိုးနှံပေးခြင်းထက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဧနဝေါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ထိုးနှံခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လမှစတင်၍ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်းထိုးနှံခြင်းဖြစ်သည်။ နှစ်စဉ်ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေး မရရှိသော ကလေးငယ်များ ကျန်ရှိမှုများလာခြင်းကြောင့် သုံးနှစ်မှ လေးနှစ်လျှင်တစ်ကြိမ် ဝက်သက်ရောဂါ ကပ်အသွင် ဖြစ်ပွားခြင်း ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်မှစတင်၍ သုံးနှစ် အကြာ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာတစ်နိုင်ငံ လုံးတွင်ရှိသော ကလေးငယ်များအား" နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုး ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံခြင်းလုပ်ငန်း ၂၀၁၉ " အစီအစဉ်ဖြင့် ထပ်မံဆောင်ရွက်ခြင်းပင်ဖြစ်သည်။

အားလုံးပူးပေါင်းပါဝင်ကြပါ

အသက် ၉ လမှ ၅ နှစ် ၆ လအထိ ကလေးငယ်ဦးရေ ၅၇၀,၀၀၀ ခန့်အား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ထိုးနှံပေးမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါကာကွယ်မှု မရှိသော အသက်အုပ်စု ကလေးများအား ဝက်သက်ရောဂါ ကာကွယ်မှုပေးနိုင်ခြင်း၊ ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ခြင်းနှင့် မွေးရာပါ ဂျိုက်သိုးရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်မှု ရရှိစေမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ အသက်ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုလျှော့နည်းကျဆင်းရေး ရည်မှန်းချက်ရောက်ရှိရန် အထောက်အပံ့ဖြစ်စေ လျက်ရှိရာ မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကင်းဝေးပြီး မွေးရာပါ ဂျိုက်သိုးရောဂါ ကင်းစင်ပပျောက်စေရန်နှင့် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှု ထပ်မံလျှော့ချနိုင်သော အကျိုးကျေးဇူးတို့ကို ရရှိစေမည်ဖြစ်သည်။ ထိုရည်မှန်းချက်အောင်မြင်ရန် နိုင်ငံအတွင်းရှိ ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာဒေသများမှ ရပ်မိရပ်ဖများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှု၏ ခွန်အားတစ်ရပ်အဖြစ် အနာဂတ်မျိုးဆက်သစ်ကလေးငယ်တို့၏ ကျန်းမာကြံ့ခိုင်သော လူမှုဘဝအသီးအပွင့်ကို ခံစားရရှိစေမည်ဖြစ်သည်။ ။

> "ဝက်သက်ရောဂါသည် ခြင်ကိုက်ခြင်းမှဖြစ်ပွားခြင်း မဟုတ်သောကြောင့် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်စေမည်ဖြစ်သည်။ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကို သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ထိုးနှံသွားရမည်ဖြစ်ရာ အပိုဆောင်းထိုးနှံပေးရာတွင် ကလေးငယ်များအားလုံး ထပ်မံထိုးနှံရန် လိုအပ်ခြင်းဖြစ်သည်"

ဓာတုဆေးအသုံးပြုမှု လျှော့ချနိုင်ရေး အကျိုးပြုအဏုဇီဝကပ်ပါးမှိုထရိုင်ခိုဒါးများကို အသုံးပြုသင့်ဟုဆို

မုံရွာ နိုဝင်ဘာ ၂၄

သီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများ အသုံးချမှုလျှော့ချနိုင်ရေးအတွက် အကျိုးပြုအဏုဇီဝကပ်ပါးမှိုထရိုင်ခိုဒါးများကို အသုံးပြုသင့်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန (နေပြည်တော်)မှ သုတေသနအရာရှိ ဒေါ်မြင့်ရီက ပြောသည်။

ထရိုင်ခိုဒါးများကပ်ပါးမှိုသည် အကျိုးပြုအဏုဇီဝကပ်ပါးမှိုတစ်မျိုးဖြစ်ပြီး ကွန်ပေါင်းနှင့်အင်ဇိုင်း အမျိုးမျိုးထုတ်လုပ်လျက် မြေကြီးနှင့် အပင်အဖြစ်ပတ်ဝန်းကျင်တွင် လွတ်လပ်စွာ အဆွေးစားနေထိုင်နိုင်ခြင်း၊ သီးနှံရောဂါဖြစ်မှုများအား ဟန့်တားနိုင်သည့် ကွန်ပေါင်းများ ထုတ်ခြင်း၊ သီးနှံရောဂါမှိုအားကပ်ပါးပြုနိုင်ခြင်း၊ သီးနှံရောဂါဖြစ်မှိုနှင့်အပြိုင်ရေ၊ နေရာ၊ အာဟာရကို ရယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်။

"အပင်တွေရဲ့ မြေဆောင်ရောဂါတွေကို ကာကွယ်နှိမ်နင်းတဲ့နေရာမှာ သုံးတယ်။ နောက်ပြီးအပင်တွေရဲ့ ကြီးထွားမှုကို အားပေးတဲ့နေရာတွေမှာလည်း သုံးတယ်။ နောက်တစ်ခု အပင်အဟောင်းတွေကို ဆွေးမြည့်စေတဲ့ သတ္တိရှိတာကြောင့် သဘာဝမြေဆွေးလုပ်တဲ့နေရာမှာလည်း သုံးတယ်။ အပင်တွေမှာ ကျရောက်တဲ့ အန္တရာယ်ပြုမှုတွေကို ပိုပြီးတိုက်ခိုက်တယ်။ မှိုတွေမှာ အပင်တွေလိုပဲထိုးဖောက်တဲ့ အင်္ဂါလေးရှိတယ်။ အဲဒီအင်္ဂါနဲ့ တခြားမှိုတွေကို ထိုးဖောက်လိုက်ပြီး တခြားမှိုထဲမှာရှိနေတဲ့ အစာရေစာတွေကို စုပ်ယူလိုက်တယ်။ တခြားမှိုတွေကို သတ်လိုက်တယ်။ နောက်တစ်ခုက

အင်ဇိုင်းတွေ ထုတ်တယ်။ အဲဒီလို အင်ဇိုင်းတွေ ထုတ်လိုက်တဲ့အတွက် တခြားမှိုတွေမှာ ရှင်သန်တဲ့ဆဲလ်တွေပျက်စီးသွားတယ်။ ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်လို့ တခြားမှိုတွေကို လွှမ်းပြီးအုပ်သွားနိုင်တဲ့ သတ္တိရှိတယ်။ သူကထုတ်တဲ့ အင်ဇိုင်းတွေကြောင့် တခြားမှိုတွေကို ဟန့်တားနိုင်တယ်။ သူကထုတ်တဲ့ တချို့အင်ဇိုင်းတွေက အပင်တွေကိုကြီးထွားစေတာကြောင့် အပင်တွေမှာခံနိုင်ရည်အားကို တိုးစေတယ်။ ထရိုင်ခိုဒါးမားသုံးထားတဲ့ အပင်တွေမှာ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိတာတွေ၊ ကာကွယ်နှိမ်နင်းနိုင်တဲ့အစွမ်း သတ္တိတွေရှိတယ်" ဟု စိုက်ပျိုးရေး သုတေသနဦးစီးဌာန (နေပြည်တော်) မှ သုတေသနအရာရှိက ပြောသည်။

အကျိုးပြုအဏုဇီဝကပ်ပါးမှို ဖြစ်သော ထရိုင်ခိုဒါးမားကို ၁၉၉၂ ခုနှစ်မှ စတင်ပြီး ပျဉ်းမနားရေဆင်း ဒေသ စိုက်ပျိုးမြေများမှ ထုတ်ယူ သုတေသနလုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုအခါတွင် ရောဂါနှိမ်နင်းရေးနှင့် သဘာဝမြေဆွေးထုတ်လုပ်မှုများတွင် ၉၀ ရာခိုင်နှုန်းကျော် အောင်မြင်နေကြောင်း သိရသည်။

ဝင်းဦး(ဧရယျာတိုင်း)

ပေါ်ဦးပေါ်ဖျား နှမ်းနက်နှင့် နှမ်းဖြူအသစ်များ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာ

မန္တလေး နိုဝင်ဘာ ၂၄

ယခုရက်ပိုင်းအတွင်း ဆောင်းဦးရာသီအဖြစ် ဗန်းမော်၊ ကသာ၊ ထီးချိုင့်မြို့နယ်များမှ စတင်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား နှမ်းနက်များနှင့် ရွှေဘို၊ ဝက်လက်မြို့နယ်များမှ ထွက်ရှိလာသည့် နှမ်းဖြူအသစ်များ မန္တလေးဈေးကွက်သို့အဖွင့်ဈေး ကောင်းစွာဖြင့် စတင်ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ယခုရာသီတွင် ထွက်ရှိလာသည့် ဆောင်းဦးနှမ်းနက်နှင့် နှမ်းဖြူများ အနက် နှမ်းနက်မှာ မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် မိုးဦးနှမ်းနက်များထက် အရည်အသွေး ပိုမိုကောင်းမွန်သဖြင့် လက်ရှိတွင် ဈေးကွက်အတွင်း၌ လက်ကျန် မိုးဦးနှမ်းနက်ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၅၀၀၀ ဈေးရှိသော်လည်း ယခုထွက်ရှိလာသည့် ဆောင်းဦးနှမ်းနက်များမှာ ငွေကျပ် ၂၅၈၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သည့်အပြင် ဆောင်းဦးနှမ်းဖြူများမှာလည်း မန္တလေးဈေးကွက် အတွင်း ယခင်နှစ် ကာလတူထက် ဈေးနှုန်းအနည်းငယ်မြင့်တက်ကာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၅၂၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

''ဗန်းမော် ကသာဒေသက ထွက်ရှိလာတဲ့ နှမ်းနက်တွေကတော့ နှစ်စဉ် ဆောင်းဦးပေါက် ဒီလိုရာသီမှာ မန္တလေးဈေးကွက်ကို အချိန်မှန် ဝင်ရောက်လေ့ရှိတယ်။ မနှစ်က ဒီလို အချိန်မှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ်နှစ်သိန်းသုံးသောင်းပဲရှိတဲ့ ဒီနှမ်းနက်က ဒီနှစ်မှာတော့ နှစ်သိန်းငါးသောင်း ရှစ်ထောင်ကျပ်ဈေးအထိ အဖွင့်ဈေးအမြင့်နဲ့ အရောင်းသွက်နေပါတယ်။ နယ်စပ်မှာ အခြားကုန်ပစ္စည်းတွေ အရောင်းအဝယ်ထိုင်းမှိုင်းနေပေမယ့် ဒီနှမ်းနက်ကတော့ တရုတ်ဈေးကွက်မှာ ဝယ်လိုအား အမာခံရှိနေတဲ့အတွက် အရောင်းအဝယ်ပုံမှန်သွက်နေပါတယ်။ ဒီနှမ်းနက်လိုပဲ ပြောင်းနဲ့ စပါးသီးနှံတွေလည်း ဘယ်လိုစိန်ခေါ်မှုမျိုးပဲရှိရှိ ပုံမှန် အရောင်းသွက်နေဖို့ ၂၀၂၀ ကာလမှာ တောင်သူနဲ့ ကုန်သည်တွေအားလုံး မျှော်လင့်နေကြပါတယ်'' ဟု ၎င်းက ပြောသည်။

နှမ်းနက်ကို ပြည်တွင်း၌ စားသုံးမှုအလွန်နည်းပါးကာ ပြည်ပပို့ကုန်အတွက်သာ အားထားစိုက်ပျိုးသည့် သီးနှံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ ဈေးကွက်မှ ဆေးဝါးနှင့် အလှကုန် ပစ္စည်းများထုတ်လုပ်ရန် အဓိက ဝယ်ယူလျက်ရှိသည့်အပြင် ဂျပန်နိုင်ငံမှလည်း နှစ်စဉ်ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။

အဆိုပါ နှမ်းနက်ကို မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိပြီး ကချင်ပြည်နယ်တွင် ဆောင်းဦးသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မိတ္ထီလာမြို့နယ်၌ ငရုတ်သီး အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ

မိတ္ထီလာ နိုဝင်ဘာ ၂၄

မိတ္ထီလာမြို့နယ်သီးတက္ကန်(မြောက်)ကျေးရွာရှိ ငရုတ်စိုက်တောင်သူများ ငရုတ်သီးအထွက်နှုန်း နည်းသော်လည်း ဈေးကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သီးတက္ကန်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ကျေးရွာအတွင်း အိမ်ခြေ ၈၂ အိမ်တို့သည် နှမ်း၊ ဝါ၊ နေကြာ၊ ပဲအမျိုးမျိုး နှင့်အတူ ငရုတ်များကိုလည်း စိုက်ပျိုးလျက်ရှိသည်။ ငရုတ်များ စိုက်ပျိုးရာတွင် မိုးထောင်ငရုတ်သီးများကို စိုက်ပျိုးကြပြီး ငရုတ်စိုက်ပျိုးသည့် နယုန်လတွင် ငရုတ်ပျိုးပင်များကို သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ဝယ်ယူ၍ စိုက်ပျိုးကြသည်။ ယင်းငရုတ်ပင်များ စတင်စိုက်ပျိုးသည့်အချိန်မှ ၁၅ ရက် ကျော်လျှင် အပင်ကြီးထွားဆေး၊ ပိုးမွှား ရောဂါ ကာကွယ်ဆေးများ၊ သီးပွင့်ဆေးများကို ငရုတ်ပင်များအပေါ် မူတည်၍ ဖျန်းပေးရသည်။ ငရုတ်သီးပေါ်ချိန်ဖြစ်သည့် သီတင်းကျွတ်လတွင် ငရုတ်သီးများကို ငရုတ်စိုက်ဧက တစ်ဧကတွင် ငရုတ်ခူးဆွတ်သူငါးဦးမှခုနစ်ဦးအထိ ခူးဆွတ်ပြီး ငရုတ်သီးများ ခူးဆွတ်ပြီးစီးပါက ငရုတ်သီးခြောက်များ ရရှိစေရန် ရေနွေးဖြောနေလှန်း၍ အခြောက်ခံထားပေးရ သည်။

မိတ္ထီလာမြို့နယ်၌ ငရုတ်သီးခူးနေကြသည်ကို တွေ့ရစဉ်။

အဆိုပါ မိုးထောင်ငရုတ်သီးသည် မြေအမျိုးအစားပေါ်မူတည်၍ ယခင် နှစ်က ငရုတ်သီးစိုက်ဧက တစ်ဧကလျှင် ပိသာ ၂၀၀ ကျော် ၃၀၀ နီးပါးထွက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် တစ်ဧကလျှင် ပိသာ ၁၀၀ ကျော်သာ ထွက်ရှိသည်။ ထိုသို့ တစ်ဧကငရုတ်သီးပိသာ ၁၀၀ ကျော်ထွက်ရှိသော်လည်း ငရုတ်သီးခြောက် တစ်ပိသာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချရသည့်အတွက် စိုက်ပျိုးစရိတ်များကာမိကာ အမြတ်ငွေပိုထွက်သဖြင့် ယခုနှစ် ငရုတ်စိုက်ပျိုးရသည်မှာ အဆင်ပြေလျက်ရှိကြောင်း သီးတက္ကန် (မြောက်) ကျေးရွာနေ ဦးကျော်မြင့်က ပြောကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ပခုက္ကူမြို့၌ ကြက်မွေးမြူရေးဆိုင်ရာ ဟောပြောဆွေးနွေး

ပခုက္ကူ နိုဝင်ဘာ ၂၄

De Heus Myanmar Co.,Ltd. မှ ကြီးမှူးကျင်းပသော ကြက်မွေးမြူရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်က ပခုက္ကူမြို့ အောင်သရဖူဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးဆိုင်ရာထုတ်လုပ်ဖြန့်ဖြူးမှုနှင့် မွေးမြူရေးနည်းလမ်းများ၊ တိရစ္ဆာန်အမျိုးအစားနှင့်ထုတ်လုပ်သည့်နည်းပညာအပေါ်စျေးနှုန်းကွာခြားမှုများ၊ ကြက်အမျိုးအစားနှင့်အသက်အပိုင်းအခြားအလိုက် အစာကျွေးသည့်စနစ်များ၊ အစာပုံစံများ၊ အစာစပ်နည်းများ၊ ကုမ္ပဏီမှ ထုတ်လုပ်သည့် အစာအိတ်နံပါတ်များအကြောင်းကိုလည်းကောင်း၊ ကြက်များ အပူဒဏ်ခံစားရမှုကြောင့် ဖြစ်ပေါ်လာသည့်အကြောင်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဆွေးနွေးပွဲတက်ရောက်လာသည့် ပခုက္ကူမြို့နယ်မှ ကြက်မွေးမြူရေးခြံပိုင်ရှင်များက ကြက်မွေးမြူရေးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ Mr. Jan Cortebachနှင့်ဝန်ထမ်းများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ ကုမ္ပဏီသည် နယ်သာလန်နိုင်ငံတွင် အခြေပြုစတင်ခဲ့ရာမြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က စက်ရုံစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ ကြက်မွေးမြူရေးလုပ်ကိုင်နေသည့် ခြံပိုင်ရှင်များအတွက် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းနှင့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့်အထောက်အပံ့ ဖြစ်စေရန်၊ ကြက်မွေးမြူရေးခြံပိုင်ရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံပေးခြင်းများနှင့် ကြက်များ၏ အပူချိန်အနေအထား၊ စိုထိုင်းဆအဆင့်၊ ကာကွယ်ဆေးပေးရေးလုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းများအတွက် လက်တွေ့ကွင်းဆင်းဖြေရှင်းပေးနိုင်ရန်၊ ကြက်မွေးမြူရေးခြံပိုင်ရှင်များ၏ လိုအပ်ချက်အရ ကုန်ကျစရိတ်သက်သာပြီး တွက်ခြေကိုက်စေမည့် ရောစပ်အစာများ ပိုမိုထုတ်လုပ်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ နတ်မောက်၊ မကွေး၊ တောင်တွင်းကြီး၊ ပခုက္ကူမြို့များတွင် လက်တွေ့ကွင်းဆင်း၍ မွေးမြူရေးဆိုင်ရာအသိပညာများ ဟောပြောဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

ဆလိုင်းကိုကီး

ဆည်တော်ချောင်းမကြီးဘေး ကျေးရွာများတွင် မိရိုးဖလာသီးနှံများအစား ငှက်ပျောစိုက်ပျိုးသူများ ပိုမိုများပြားလာ

ပုသိမ်ကြီး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ဆည်တော်ကြီး ချောင်းမကြီး၏ အရှေ့ဘက်ခြမ်းရှိ ကျေးရွာများတွင် မိရိုးဖလာလုပ်ကိုင်စားသောက်လာသော ဆန်စပါးနှင့် ပဲ၊ ပြောင်း စိုက်ရာမြေများတွင် ငှက်ပျောပင်များအဖြစ် ထူထောင်စိုက်ပျိုးလာကြကြောင်း တွေ့ရသည်။

ငှက်ပျောပင်များမှာ မြေသြဇာကောင်းမွန်ပြီး ရေကောင်းစွာရရှိနိုင်သည့် နေရာများတွင် အောင်မြင်ဖြစ်ထွန်းကြရာ အဆိုပါဒေသသည် မြေသြဇာကောင်းမွန်ပြီး ချောင်းမကြီးမှတစ်ဆင့် ရေသွယ်ယူ၍လည်းကောင်း၊ အရှေ့ရိုးမတောင်တန်းပေါ်မှ သဘာဝရေထွက်များ ရေသွယ်ယူ၍လည်းကောင်း စိုက်ပျိုးကြခြင်းဖြစ်သည်။ မန္တလေးမြို့ဈေးကွက်အတွင်းသို့ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်များမှ အဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့ကြပြီး မတ္တရာမြို့နယ်မှ အများဆုံးတင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်ဆည်မြို့နယ်မှ စိုက်ပျိုးထုတ်လုပ်သော ငှက်ပျောသီးများမှာ အရည်အသွေးပိုမိုကောင်းမွန်ကြောင်း ငှက်ပျောရောင်းချသူများထံမှ သိရသည်။

"ငှက်ပျောဈေးကွက်က မြန်မာနိုင်ငံမှာ စားသုံးမှုအရရော ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ပူဇော်ပသခြင်းလုပ်ငန်းတွေမှာပါ တစ်နှစ်ပတ်လုံး ဈေးကွက်ရရှိနေတဲ့ သီးနှံဖြစ်ပါတယ်။ ၁၂ ရာသီပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ငွေပေါ်လွယ်တဲ့သီးနှံလည်း ဖြစ်ပါတယ်။ ငှက်ပျောကို တစ်နိုင်ငံလုံးရှိ ဒေသတွေမှာ စိုက်ပျိုး နိုင်ပေမယ့် ရေအလွန်ကြိုက်တဲ့ သီးနှံဖြစ်တာကြောင့် ရေများများကို အလွယ်တကူရရှိနိုင်မယ့် ဒေသတွေမှာပဲ စိုက်ပျိုးမှုများပါတယ်။ အထက်မြန်မာနိုင်ငံမှာ မန္တလေးမြို့က အဓိကငှက်ပျောဈေးကွက်ကြီးဖြစ်တာကြောင့် မန္တလေးမြို့နဲ့ ပို့ဆောင်ရောင်းဝယ်ဖို့ လွယ်ကူတဲ့ဒေသတွေမှာပဲ အဓိက စိုက်ပျိုးကြပါတယ်" ဟု မင်းစု ကျေးရွာမှ ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောသည်။

ငှက်ပျောစိုက်တောင်သူများသည် ဖီးကြမ်းငှက်ပျောကို အဓိကစိုက်ပျိုးကြပြီး သီးမွေး၊ ရခိုင်နှင့် နိုင်ငံခြားမှ စပ်မျိုးငှက်ပျောများကို အနည်းငယ်စိုက်ပျိုးကြသည်။ မန္တလေးမြို့ရှိ ဈေးကွက်အတွင်းတွင် ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ဝန်းကျင် ရောင်းဝယ်လျက်ရှိကြောင်း တွေ့ရပြီး ယခင်နှစ်များကထက် ငွေကျပ် ၃၀၀မှ ၅၀၀ခန့်အထိ ပိုမိုရရှိခြင်းဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

ဧက ၂၀၀ မြေပဲမျိုးစေ့ထုတ်စိုက်ခင်းတွင် မြေပဲမျိုးစေ့ကိရိယာအသုံးပြုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

မတ္တရာ နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြွေဟာသ်ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် MNNDA Myanmar Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ဧက ၂၀၀ မြေပဲမျိုးစေ့ထုတ်စိုက်ခင်းတွင် မြေပဲမျိုးစေ့ကိရိယာအသုံးပြုစိုက်ပျိုးခြင်း (**ယာဝုံ**) ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတိုးမင်းက မြေပဲမျိုးစေ့ထုတ်စိုက်ခင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Good Brother' Co., Ltd. မှ မန်နေဂျာ ဦးဇော်ဝင်းမောင်က တင်သွင်းရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ MNNDA Myanmar Co.,Ltd.မှ မြေပဲစိုက်ပျိုးရေးထောက်ပံ့ငွေ ကျပ်သိန်း ၅၀၀ အား စိုက်ပျိုးရေးဦးစီးဌာနသို့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ ထို့နောက် စက်စွမ်းရည်သရုပ်ပြခြင်းနှင့် စက်ပစ္စည်းများအား ဝန်ကြီးနှင့် တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန မြို့မနည်းပညာပြန့်ပွားရေးစင်တာရှိ မိုးစပါးစမ်းသပ်ကွက် စံပြကွက်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ငါ့သရောက်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့်စပါးများ အချိန်အခါမဲ့မိုးကြောင့် တောင်သူများ နစ်နာဆုံးရှုံး

ညောင်ဦး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် မြစ်ရေတင်စပါးစိုက်တောင်သူများ စပါးဝတ်ဆံထည့်ချိန်(ဖြစ်တည်ချိန်) အချိန်အခါမဟုတ်မိုးမိခဲ့ခြင်းကြောင့် စပါးပင်များ အခင်းလိုက်လဲကာ ရိတ်သိမ်းချိန်မျှော်မှန်းသည်ထက် ဆုံးရှုံးမှုဖြစ်ပေါ်နေကြောင်း လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကျေးရွာ မြစ်ရေတင်ရေဖြင့်စပါးစိုက်ပျိုးသည့် ဦးဆန်းကျော်က ပြောသည်။

ငါ့သရောက်မြို့နယ်မှ မြစ်ရေတင်စပါးခင်းများ။

တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့မှစတင်ကာ တန်ဆောင်မုန်းလပြည့်နေ့အထိ ရွာသွန်းခဲ့သည့် မိုးကြောင့် စပါးခင်းအားလုံးနီးပါး လဲကျခဲ့ကြောင်း၊ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း စပါးစိုက် တောင်သူများထံမှ သိရသည်။

ငါ့သရောက် မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် တောင်ဖက်တန်းကွင်းတစ်ကွင်းလုံးနီးပါး စပါးခင်းများ လဲပြိုကုန်ကာ ရိတ်သိမ်းချိန် စပါးရိတ်စက်များဖြင့် ရိတ်မရဘဲ လူအင်အားဖြင့်သာ ရိတ်နေရကြောင်း သိရသည်။ လူအင်အားဖြင့် ရိတ်နေရသော်လည်း အပင်လဲ့ရိတ်ရခြင်းကြောင့် ထောင်မတ်နေသည့် အပင်ရိတ်ရသလိုမဟုတ်ဘဲ လူအင်အားတစ်ဆ၊ လိုအပ်နေရာများ၌ နှစ်ဆ ဝင်ရောက်ရိတ်ရခြင်းကြောင့် စပါးဆုံးရှုံးမှုအပြင် လူလုပ်အားလည်း ပိုမိုဆုံးရှုံးနေရကြောင်း သိရသည်။

တစ်ဧက စပါးတင်း ၁၂၀ မှန်းထားသည့် စပါးခင်းများ တင်း ၇၀ သာထွက်တော့ကြောင်း စပါးစိုက် တောင်သူများက ပြောသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ဝမ်းတွင်းမြို့နယ် မြေပဲများအထွက်နှုန်းကောင်း၍ စျေးကောင်းရ

ဝမ်းတွင်း နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကွင်းအမှတ်(၁၄၇၁)ရှိ မြေပဲစိုက်တောင်သူများသည် မြေပဲများဖော်ချိန်တွင် အထွက်ကောင်းကာ စျေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ အခုနှစ်က မိုးဦးမကောင်းဘူး။ မိုးလယ်လောက် ရရှိတဲ့မိုးရေနဲ့မြေပဲတွေ စိုက်ခဲ့ရတာ။ ဝမ်းတွင်းမြို့နယ်က အပူပိုင်းဒေသဆိုတော့ မိုးဆိုတာ ပုံမှန်ရွာလေ့မရှိဘူး။ နောက်ပိုင်းကာလတွေ မိုးရလာလို့အတော်အဆင်ပြေသွားတယ်။ ဒီဘက်ဒေသတွေက မိုးကောင်းသောက်တွေဖြစ်တာဆိုတော့ အရဲစွန့်ပြီး စိုက်ရတာပေါ့။ အခုမြေပဲတွေကို ဝါခေါင်လဆုတ် ၁၂ ရက်က စိုက်ပျိုးခဲ့ပြီး တန်ဆောင်မုန်းလဆုတ် ၁၀ ရက် ဖော်လိုက်တာပါ။ ရက်ပေါင်း ၈၀ ကျော်သာရှိပြီး နောက်မိုးကောင်းတော့ အထွက်ကောင်းတယ်။ မြေပဲဥတွေ လှတယ်။ တစ်ဧကတင်း ၇၀ တော့ ထွက်တယ်။ ဒီနှစ်ကတော့ မြေပဲတွေ အထွက်ကောင်းသလို စျေးကောင်းလည်းရတော့ တောင်သူတွေအနေနဲ့ အဆင်ပြေတာပေါ့” ဟု မြေပဲစိုက်တောင်သူ ဦးကျော်ငြိမ်းက ပြောသည်။

ဝမ်းတွင်းမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူများသည် မြေပဲဖော်ချိန်တွင် လူငှားများဖြင့် မြေပဲများဖော်ရကြောင်း၊ လုပ်အားခအဖြစ် မြေပဲဆွတ်သူတစ်ဦးကို တစ်တင်းရလျှင် မြေပဲသုံးပြည်ပေးရပြီး မြေပဲသွဲ့သူတစ်ယောက်လျှင် တစ်နေ့တာအတွက်မြေပဲတစ်ခွဲပေးရကြောင်း၊ ယခုနှစ်တွင်မြေပဲများ အထွက်ကောင်းသလို စျေးကောင်းလည်းရသောကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဌေးလှိုင်(ဝမ်းတွင်း)

ကြက်သွန်နီစျေးပြန်လည်ကျဆင်း

ရန်ကုန် နိုဝင်ဘာ ၂၄

နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက် ရန်ကုန်စျေးကွက်အတွင်း ကြက်သွန်နီလက်ကားတစ်ပိဿာအလုံးသေးငွေကျပ် ၂၁၀၀ မှအလုံးကြီး ငွေကျပ် ၃၄၀၀ အထိမြင့်တက်ခဲ့သော်လည်း အနောက်ဘက်နယ်စပ်သို့ပို့ရန် အဝယ်ရပ်လိုက်သည့်အတွက် နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်စျေးကွက်သို့ နယ်စုံမှကြက်သွန်နီ ပိဿာချိန် ၂၄၀၀၀၀ ဝင်ရောက်လာ၍ ကြက်သွန်နီစျေးကျဆင်းလာသည်။ ယင်းနေ့တွင် ကြက်သွန်နီအလုံးသေးလက်ကားတစ်ပိဿာ ငွေကျပ် ၁၇၀၀၊ အလုံးကြီး ငွေကျပ် ၂၉၀၀ အထိစျေးကျလာသည်ဟု ဘုရင့်နောင်နေ့စဉ်စျေးနှုန်းစာရင်းနှင့် ပွဲရုံများမှ သိရသည်။

နယ်စျေးကွက်များတွင် မိုးစိုက်ကြက်သွန်နီအသစ်ပိဿာချိန် ၁၇၈၅၀ အပါအဝင် ကြက်သွန်နီကုန်ချိန်ပိဿာ ၁၀၃၂၅၀ နိုဝင်ဘာ ၂၀ ရက်တွင် ဝင်ရောက်သည်ဟု မြင်းခြံစျေးကွက်သတင်းများအရ သိရသည်။ ယင်းနေ့ပခုက္ကူစျေးကွက်တွင်လည်း မိုးကြက်သွန်နီအသစ်ပိဿာချိန် ၂၀၀၀၀ ခန့် အပါအဝင် ကြက်သွန်နီပိဿာချိန်တစ်သိန်းခန့် ဝင်ရောက်သည်ဟု သိရသည်။

နိုဝင်ဘာ၂၁ ရက်နှင့် ၂၂ ရက် နယ်စျေးကွက်များသို့ ကြက်သွန်နီဟောင်းများအပြင် မိုးစိုက်ကြက်သွန်နီအသစ်များလည်း ဝင်ရောက်မှုရှိနေရာ စျေးနှုန်းအားဖြင့် အသစ်တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင်ရှိပြီး အဟောင်းမှာမူ ထိပ်စတစ်ပိဿာငွေကျပ် ၂၆၀၀ ရှိနေသည်ဟု နယ်စျေးကွက် ကြက်သွန်စျေးနှုန်းများအရ သိရသည်။

နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်သို့ ကြက်သွန်နီပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်လာပြီး စျေးနှုန်းမှာမပြောင်းလဲသော်လည်း စျေးကွက်သဘာဝအရ စျေးကျချိန်ဝယ်လိုအားနည်းနေသည်။ နယ်စပ်မှတရုတ်အာလူးများအပြင် ကြက်သွန်နီများပါ ရန်ကုန်စျေးကွက်သို့ဝင်ရောက်လာရာနိုဝင်ဘာ ၂၂ ရက်တွင် တရုတ်ကြက်သွန်နီလက်ကားတစ်ပိဿာငွေကျပ် ၁၂၅၀ နှုန်းသာရှိသည်ဟု ရေတမာလမ်းကြက်သွန်၊ အာလူးပွဲရုံမှ သိရသည်။

ခင်ဆိုင်

တောင်သူများလက်ဝယ်ရောင်းချရန် စပါးလက်ကျန်နည်းပါးနေချိန် စပါးစျေးမြင့်တက်လာ

ရေတာရှည် နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများရိတ်သိမ်း၍ပြီးစီးခါနီး တောင်သူများ လက်ဝယ်လက်ကျန်စပါး နည်းပါးချိန်၌ ရိတ်သိမ်းပြီး စက်ကျအစိုတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းခွဲအထိ မြင့်တက်လာကြောင်း စျေးကွက်အရောင်းအဝယ် ပေါက်စျေးများအရ သိရသည်။

စပါးရိတ်သိမ်းခြေပြီးချင်း အရောင်းအဝယ်ပြုလုပ်နေကြသည်ကို တွေ့ရစဉ်။

နိုဝင်ဘာလဆန်းပိုင်းနှင့် ဒုတိယအပတ်အထိ ငွေကျပ်လေးသိန်းအောက်နှင့် လေးသိန်းအထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရာသီအပြောင်းအလဲကြောင့် တောင်သူအများစုမှာ တစ်ဧကလျှင် တင်း ၄၀ ခန့်သာ ထွက်ရှိသဖြင့် သွင်းအားစုကုန်ကျစရိတ်များ ပြန်နုတ်ပါက အရှုံးပေါ်ကြသည်ကို တွေ့ရသည်။

“ ကျွန်တော်တို့ တောင်သူတွေကတော့ မိုးစပါးစစိုက်ကတည်းက ရှုံးမယ်ဆိုတာ ခန့်မှန်းပြီးသားပါ။ မိဘဘိုးဘွား လက်ထက်ကတည်းက လက်ငုတ်လက်ရင်း လယ်တွေဆိုတော့ ပြန်လည်းမရောင်းနိုင်ဘူးလေ။ စိုက်ရတာပဲ။ ထင်တဲ့အတိုင်းလည်း ရှုံးတာပဲ။ အနှံတွေထွက်တော့အတော်ကိုကောင်းတာ။ အဲဒီနောက်ပိုင်း ဖြုတ်ပိုးတွေကျလို့ ဆေးတွေဖျန်းရတယ်။ နောက်နှံစုပ်ပိုးတွေကျလို့ ဆေးတွေဖျန်းရတယ်။ လယ်လုပ်သားက ၄ားလို့မရတော့ အချိန်တွေနောက်ကျကုန်တာ တစ်ဧကမှ တင်း ၄၀ အချိုးပဲထွက်တယ်” ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများသည် ရာသီအလိုက်သီးနှံများဖြစ်သော စပါး၊ ကြံ၊ နှမ်း၊ ပဲအမျိုးမျိုး၊ ပြောင်း အစရှိသည်တို့ကို စိုက်ပျိုးကြသော်လည်း သီးနှံပေါ်ချိန်၌ စျေးကွက်ကောင်းမွန်ခြင်းမရှိသည့်အတွက် တစ်နှစ်ထက်တစ်နှစ် စီးပွားရေးအရအဆင်မပြေမှုများ ကြုံတွေ့လာရသည့်အပြင် စိုက်ပျိုးစရိတ်ချေးငွေများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် ကုန်ကျစရိတ်များ မြင့်တက်မှုကြောင့် အခက်အခဲမျိုးစုံနှင့် ဆက်လက်ကြုံတွေ့ရဖွယ်ရှိနေကြောင်း သိရသည်။

သန်းလွင်

လက်ပံတန်းမြို့နယ်တွင် စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမှု သရုပ်ပြ

လက်ပံတန်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လွှစင်ကုန်းကျေးရွာနေ တောင်သူ ဦးစန်းဝင်း၏ လယ်တွင် နိုဝင်ဘာ ၂၂ ရက်က စပါးနှင့် ငါးတွဲဖက် စိုက်ပျိုးမွေးမြူရေးစနစ် သရုပ်ပြ ရှင်းလင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းက အမှာစကားပြောကြားပြီး စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးစနစ် စီမံကိန်းအကြောင်းအား International Rice Research Institute မှ စီမံကိန်းအကြံပေး ဦးသန်းအေး၊ World Fish မှစီမံကိန်းအရာရှိ Mr.Kimio တို့က ရှင်းလင်းဆွေးနွေးကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဥာဏ်မြင့်က မြို့နယ်အတွင်း အကောင်အထည်ဖော်နိုင်ရန် ထင်မြင်သုံးသပ်ချက်များနှင့် စပါးနှင့်ငါးအကွက်ကျယ်သရုပ်ပြကွင်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်နှင့် ဝင်ငွေနှိုင်းယှဉ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဝင့်နန္ဒာဌေး

ပိုးလမ်းမကြီးပေါ်က ငြိမ်းချမ်းရေးကြေညာစာတမ်းနှင့် အခြားသုတရသစာစုများ

စာရေးသူ ဥက္ကာကျော် ရေးသားစီစဉ်သည့် ပိုးလမ်းမကြီးပေါ်က ငြိမ်းချမ်းရေးကြေညာစာတမ်းနှင့် အခြားသုတရသစာစုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သက်သတ်လွတ်ပြဿနာ၊ ငြိမ်းချမ်းရေးကိစ္စ၊ ခေါင်းဆောင်ကောင်းအကြောင်း၊ မျိုးရိုးဗီဇဆိုင်ရာအကြောင်း၊ ပထမရွှေကျင် ဆရာတော်ကြီး၏ မေတ္တာစာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီး၊ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးများဖြစ်တော်မူသော စံကင်းဆရာတော်ကြီး၊ ရွှေဟာသ်ဆရာတော်ကြီး၊ ဝါဆို ဆရာတော်ကြီးတို့အကြောင်း၊ ဒုတိယသာသနာပိုင် ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် မတ္တရာသူဌေးဆရာတော်၊ သီတဂူဆရာတော်၊ စည်ရှင်နာယကဆရာတော်၊ ပါမောက္ခချုပ်ဆရာတော်တို့၏ အကြောင်းများ စသည့် သုတရသစာစု ၁၈ ပုဒ်ဖြင့် ရေးဖွဲ့ထားသည်။

စာအုပ်ကို မဒ္ဒီမစာပေ အမှတ်-၂၃၇ (ပထမထပ်-ဝ) ၃၉-လမ်း အပေါ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

ရိုးရိုးလေးသာ အားထုတ်ကြပါ

စာရေးသူ ကိုကိုသန်းဝင်း စီစဉ်ရေးသားသည့် ရိုးရိုးလေးသာ အားထုတ်ကြပါ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တရားအားမထုတ်ဖူးသေးသူများ တရားရှုမှတ်ချင်စိတ်ဖြစ်လာရလေအောင်၊ ရှုမှတ်ရာတွင်လည်း အထောက်အကူဖြစ်လာစေရန်၊ အားထုတ်ဖူးသူများအတွက်လည်း အားထုတ်ရာတွင် အထောက်အကူဖြစ်လာစေရန်၊ အားထုတ်နေရင်းအခက်အခဲများ၊ ရှုကွက်ပျောက်ခြင်းတို့တွင် မည်သို့ဖြတ်ကျော်ရမည်ကို ကြိုတင်သိရှိနားလည်ထားစေရန်၊ တရားရှုမှတ်ကြရာတွင် ပယ်ဖို့ထက်သိဖို့ အရေးကြီးသည်ဟူသော ဆရာတော်ကြီးများ၏ အဆုံးအမကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဆရာတော်ကြီးများ၏ဟောကြားချက်များကို စုပေါင်း၍ ရိုးရိုးရှင်းရှင်း ရေးဖွဲ့ထားသည်။

စာအုပ်ကို မဒ္ဒီမစာပေ အမှတ်-၂၃၇(ပထမထပ်-ဝ) ၃၉-လမ်း အပေါ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

ဘိုးမင်းခေါင်ပုတီးစိပ်နည်းနှင့်ကျွန်တော်

စာရေးသူသက်နှင်းဆွေ(ပုပ္ပား) စီစဉ်ပြုစုသည့် ဘိုးမင်းခေါင်ပုတီးစိပ်နည်းနှင့် ကျွန်တော်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘိုးမင်းခေါင်ညွှန်ပြခဲ့သည့် အောင်ထူးဆန်းမန္တာန်ကြီးနှင့် ကိုယ်တွေ့ဖြစ်စဉ်တစ်ခုအကြောင်း၊ တစ်ခုသောတောအုပ်ကြီး၏အနီး၊ တစ်ခုသောလယာဉ် လရောင်၏အောက်တွင် ဆင်ကြီးတစ်ကောင်ကို စီးလာသည့် အဘဘိုးမင်းခေါင်အား မျက်ဝါးထင်ထင် တွေ့ကြုံဂါရဝပြုခွင့်ရခဲ့သည့် မိသားစုတစ်စု၏အကြောင်း၊ ဟိုတစ်ချိန်တုန်းက ပုပ္ပားမြို့လေး၏ လမ်းမတစ်ခုပေါ်တွင် ရှိနေခဲ့သည့် တင့်ကားပျက်ကြီးကို နွားလှည်းမောင်းသလို တက်ပြီး မောင်းကာလမ်းပေါ်မှ ဖယ်ရှားပေးခဲ့သည့် အဘဘိုးမင်းခေါင်အကြောင်း၊ လူသိနည်းနေခဲ့သေးသည့်၊ စွမ်းအားလည်း ထက်မြက်လှသည့် ဘိုးမင်းခေါင် ပုတီးစိပ်နည်းအကြောင်း၊ ဘိုးမင်းခေါင်ပုတီးစိပ်နည်း အမိန့်ဌာန်ကျင့်စဉ်ဖြင့် ကိုယ်တွေ့ကောင်းကျိုးထူးခဲ့သည့်အကြောင်း စသည်တို့ကို သုတနှင့် ရသ တွဲဖက်ဖတ်ရှုခံစားမှတ်သားနိုင်အောင် ရေးသားတင်ပြထားသည်။



စာအုပ်ကို မဒ္ဒီမစာပေအမှတ်-၂၃၇ (ပထမထပ်-ဝ) ၃၉-လမ်း အပေါ် ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

အနာဂတ်ကို မိမိကိုယ်တိုင်ဖန်တီးဖို့လိုတယ်

ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောသည့် အနာဂတ်ကို မိမိကိုယ်တိုင် ဖန်တီးဖို့လိုတယ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ၂၀၁၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က မန္တလေးမြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ကိုယ်နေထိုင်ရာမြို့နှင့် ပတ်ဝန်းကျင်တိုးတက်ရန် လုပ်ဆောင်သင့်သည့် အချက်များ၊ မိမိဒေသ၏ ထူးခြားချက်ဖြစ်သည့် သဘာဝတောတောင် ရေမြေသဘာဝ၊ ရိုးရာယဉ်ကျေးမှု၊ လူစွမ်းအားအရင်းအမြစ်များနှင့် မိမိဒေသ၏ အရင်းအမြစ်များကို တိုးတက်အောင်မြင်အောင် လုပ်ဆောင်ရန် အသိပေးချက်များ၊ မိမိဒေသ၏အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲ၍ စျေးကွက်ကြီးဖြစ်လာအောင် လုပ်ဆောင်ရန် နည်းလမ်းများအပြင် အခြားကျင့်ကြံလိုက်နာသင့်သည့်အချက်များကို ဟောပြောပို့ချထားသည်။

စာအုပ်ကို မဒ္ဒီမစာပေ အမှတ်-၂၃၇(ပထမထပ်-ဝ) ၃၉-လမ်း အပေါ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲကြသူများ၏ ဘဝပုံရိပ်များ

စာရေးသူ ဆရာထိန်လင်း (B.E , Mechanical) စီစဉ်ရေးသားသည့် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲကြသူများ၏ ဘဝပုံရိပ်များစာအုပ် ထွက်ရှိလာသည်။



အဆိုပါစာအုပ်တွင် ဟင်နရီဂျေကိုင်ဇာ၊ ရိုက်ညီနောင် (သို့မဟုတ်) အတောင်ပံတပ်၍ ပျံသန်းခဲ့သူများ၊ အယ်ဖရက်ဒ်အီးစမစ်သ်၊ ဘားနဒ် ဘားရပ်ချ်၊ ဘဝကိုစိန်ခေါ်ရင်ဆိုင် အနိုင်ယူခဲ့သော ကမ္ဘာကျော် အမျိုးသမီး မဒမ်ကျူရီ၊ ဂျော့ရ်ဘားနပ်ရှော စသည့် ကမ္ဘာကျော် အတုယူဖွယ် ပုဂ္ဂိုလ်ခြောက်ဦးအကြောင်းကို ငယ်ဘဝမှ အောင်မြင်သည်အထိ မဆုတ်မနစ် ကြိုးစားအားထုတ်ပြီး အောင်မြင်ကျော်ကြား ကြွယ်ဝသွားပုံများကို တင်ပြထားသည်။ တစ်ယောက်ချင်း၏ အကြောင်းအရာကို အနုစိတ်ဖတ်ကြည့်လျှင် ရသဟန် အတ္ထုပ္ပတ္တိရေးပုံကို တွေ့ရမည်ဟု ညွှန်းဆိုထားပါသည်။

စာအုပ်ကို မဒ္ဒီမစာပေ အမှတ်-၂၃၇(ပထမထပ်-ဝ) ၃၉-လမ်း အပေါ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

မြန်မာစကားပုံ ၁၀၀

စာရေးသူဆရာထိန်လင်း (B.E, Mechanical) ပြုစုရေးသားသည့် မြန်မာစကားပုံ ၁၀၀ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာစကားပြောဆိုရာဝယ် မြန်မာစကားပုံကြောင့် စကားအံဝင်ခွင်ကျအသက်ဝင်စေသည်။ မြန်မာစကားပုံကိုအသုံးပြု ပြောဆိုခြင်းဖြင့် မိမိပြောဆိုလိုသောစကားကို ရှည်ရှည်ဝေးဝေး ဖွဲ့နွဲ့ပြောစရာမလို၊ စကားအရာကို တိုတိုနှင့်ထိထိမိမိ ပြောနိုင်၏။ တစ်ဦးတစ်ယောက်သည် ရှေးယခင်ကာလ၌ မှားယွင်းသော လုပ်ဆောင်မှုတစ်ခုကို ပြုမူဖူးခြင်း ဖြစ်ခဲ့ဖူးပါက ထိုသူ၏ လုပ်ဆောင်မှု အမှားအယွင်းမျိုး နှောင်းလူတို့ သိရှိပြီး ရှောင်လွှဲနိုင်စေရန် ရည်ရွယ်လျက် ဆုံးမပြောဆိုသောစကားဟု မှတ်ယူနိုင်သည်။ မြန်မာစကားပုံများ၏ ထိမိပေါ်လွင်ပြီး တိုတိုနှင့်လိုရင်း အဓိပ္ပာယ်သိဖွယ်မှု ဖြစ်စေခြင်းများကို ဥပမာပြုဖော်ပြ ရေးသားထားသည်။

စာအုပ်ကို မဒ္ဒီမစာပေ အမှတ်-၂၃၇ (ပထမထပ်-ဝ) ၃၉-လမ်း၊ အပေါ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဒွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

အိမ်တိုင်ရာရောက် ရေရရှိရေးဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ

ဓနုဖြူ နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေပန်းကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက်က အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနေထက်ရိုန်နှင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်စိုးစိုးမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာရေရရှိရေး ကော်မတီများသည် ရွှေပန်းကျေးရွာ အိမ်တိုင်ရာရောက် ရေရရှိရေး ဆောင်ရွက်ပေးနိုင်ရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ တိုင်းတာဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ အိမ်တိုင်ရာရောက် ရေရရှိရေး ပေ ၃၀၀၀ သွယ်တန်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုးကျော်**

ရွှေပန်းကျေးရွာတွင် ရေရရှိရေး ဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာနေစဉ်။

ကမ္ဘာ့ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ သိကောင်းစရာများ ပူတာအို၌ အသိပညာပေးဟောပြော

ပူတာအို နိုဝင်ဘာ ၂၄

ကမ္ဘာ့ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ အသိပညာပေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အနေဖြင့် ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ပဋိဇီဝ၊ ဆေးယဉ်ပါးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၂ ရက်က ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးလင်းက ကမ္ဘာ့ပဋိဇီဝ ဆေးယဉ်ပါးမှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ပြုလုပ်ရသည့်အကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဒေါက်တာစိုးလင်း ဦးဆောင်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွင် ဆေးဝါးများသုံးစွဲခြင်းနှင့် ပဋိဇီဝ ဆေးယဉ်ပါးမှု ဆက်စပ်ပုံများ၊ ပ ဋိဇီဝဆေးယဉ်ပါးမှု အန္တရာယ်များ၊ ပဋိဇီဝ ဆေးဝါးများကို လွဲမှားစွာသုံးစွဲခြင်းကြောင့် ရရှိလာနိုင်သည့် ဆိုးကျိုးများ၊ ပဋိဇီဝ ဆေးယဉ်ပါးမှု ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ပဋိဇီဝ ဆေးယဉ်ပါးမှု ပြဿနာများအတွက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် ဆောင်ရန် ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တိရစ္ဆာန်များတွင် ရောဂါအလိုက်အသုံးပြုသော ပဋိဇီဝဆေးများအကြောင်းကို နားလည်သိရှိစေရန် ရည်ရွယ်၍ ပညာပေးဟောပြောပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုပြိုင်ပွဲနှင့် ဆုပေးပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ စာစီစာကုံး၊ စစ်တုရင်၊ သီချင်းဆိုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ ၄ွေဆောင်ဟိုတယ် ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးနေစိုးက အမှာစကားပြောကြားပြီး မသန်စွမ်းသူများအသင်း ခရိုင်ဥပဒေအကြံပေး အထောက်အကူပြုအဖွဲ့မှ ဒေါ်အေးအေးအောင်က မုဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပပေးပြီး ပြိုင်ပွဲများမှ ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲနှင့် ဆုပေးပွဲကို တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌနှင့် အမှူဆောင်များ၊ မသန်စွမ်းသူများ အသင်း(ရွှေဆောင်၊ တောင်ငူ) အသင်းဥက္ကဋ္ဌ၊ အမှူဆောင်များနှင့်တောင်ငူ၊ ကျောက်ကြီး၊ ထန်းတပင်၊ ကဝ၊ ကြို့ပင်ကောက်၊ ညောင်လေးပင်၊ ပဲနွယ်ကုန်း၊ အုတ်တွင်း စသည့်မြို့နယ်များမှ မသန်စွမ်းသူအသင်းဝင်များ တက်ရောက်ကြသည်။ ဝ၄၈

ကျေးရွာသုံးရွာ၌ အဝိစိစက်ရေတွင်း တူးဖော်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ

မုံရွာ နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ခိုးသန်း၊ ညောင်ပင်လှနှင့် ညောင်ပင်သာ ကျေးရွာတို့တွင် အဝိစိ စက်ရေတွင်းများ တူးဖော်ပေးနိုင်ရေး အတွက် သန့်ရှင်းကောင်းမွန်သည့် မြေအောက် ရေအောင်းလွှာ တည်ရှိမည့်နေရာများကို ကွင်းဆင်းတိုင်းတာမှုများ နိုဝင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း မုံရွာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခ၌ ဖွင့်လှစ်လျက်ရှိသော မြေအောက်ရေ တိုင်းတာခြင်း နည်းပညာသင်တန်းမှ သင်တန်းနည်းပြ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်းနှင့် သင်တန်းသား ၂၁ ဦးတို့က မြေအောက် ရေအောင်းလွှာ တည်ရှိမည့်နေရာများကို လက်တွေ့ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ကျေးရွာသုံးရွာ၌ လေးလက်မ စက်ရေတွင်း သုံးတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

အဝိစိတွင်းတူးဖော်မည့် နေရာတွင် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခြင်းကြောင့် ရေတွင်းတူးဖော်သည့်အခါ ရေထွက်နည်းခြင်း၊ ရေအရည်အသွေး ကောင်းမွန်မှုမရှိခြင်း စသည့် အခက်အခဲများကို လျော့နည်းစေနိုင်ကြောင်း မြို့နယ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။ **ဇြိမ်းသူ**

စက်ရေတွင်းတူးဖော်မည့်နေရာများ၌ တိုင်းတာနေသော သင်တန်းသားများ

ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် ရက်သတ္တပတ်အခမ်းအနား ထားဝယ်မြို့၌ ပထမဆုံးအကြိမ်ကျင်းပ

ထားဝယ် နိုဝင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ဒေသတွင်း အဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာနိုင်ငံ စွန့်ဦးတီထွင် လူငယ်များအသင်း၊ BEAM Foundation နှင့် USAID အဖွဲ့များ၏ ပံ့ပိုးကူညီမှုများဖြင့် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် ရက်သတ္တပတ် အခမ်းအနားကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က စွန့်ဦးတီထွင်ခြင်းသည် ဆန်းသစ်သော တွေးခေါ်တီထွင် ကြံဆမှုများကို ဖော်ထုတ် အသုံးချခြင်းဖြစ်ကြောင်း၊ စွန့်ဦးတီထွင်နိုင်သူများ ပေါ်ထွက်လာအောင် လုပ်ဆောင်ရန် လိုအပ်သလို ရှိပြီးသား စွန့်ဦးတီထွင် လုပ်ငန်းများကို အားကောင်းလာအောင် လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း၊ မိမိဒေသနှင့် နိုင်ငံအတွင်း သာမက အခြားနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို သိရှိပြီး ပိုမိုအားကောင်းသော စီးပွားရေးလုပ်ငန်းများဖြစ်အောင် ဖန်တီးနိုင်ရန် လိုအပ်ကြောင်း၊ စွန့်ဦးတီထွင် ရက်သတ္တပတ် အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ် ကျင်းပနိုင်ခြင်းအတွက် ဝမ်းသာဂုဏ်ယူကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုထက်ပိုပြီး ကျင်းပနိုင်ရန် မျှော်လင့်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် BEAM ပညာရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဦးကျော်ကျော်မင်းက အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများအကြောင်း မှတ်တမ်း ဗွီဒီယိုကို ပြသခဲ့သည်။ ဆက်လက်၍ စွန့်ဦးတီထွင် လုပ်ငန်းရှင်များက စကားဝိုင်းဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသော ဒေသခံ စွန့်ဦးလုပ်ငန်းရှင်များ၏ ပြခန်းများ၊ တက္ကသိုလ်ကျောင်းသား လူငယ်များ တီထွင်ထားသော Project များကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ပြခန်းများကို တိုင်းဒေသကြီးဝန်ကြီး ဦးဟိုပင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ကလေးအလုပ်သမားပပျောက်ရေး ပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေး

အထက်မင်းလှ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ သဖန်းချောင်းကျေးရွာမှ ပြည်သူများအား ကလေးအလုပ်သမားပပျောက်ရေး ပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးကုသပေးခြင်းများကို နိုဝင်ဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက ကလေးအလုပ်သမား ပပျောက်ရေး၊ နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဇာနည်ဌေးက အရိုးကျိုးပေါင်းရောဂါအကြောင်း အသိပညာပေး ဟောပြောသည်။ ထို့နောက် ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးကုသပေးရာ ကျိုးပေါင်းရောဂါ၊ ဒူးနာ၊ ခါးနာ၊ ထုံနာ၊ ကျင်နာ၊ အကြောတက်၊ သွေးတိုး၊ လေဝန်း၊ အစာမကြေ ၊ အအေးမိ၊ နှာဆေး၊ ချောင်းဆိုး၊ ယားနာစသည့်အထွေထွေရောဂါဝေဒနာရှင် ၄၆ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံရေး ဆိပ်ဖြူမြို့နယ်အတွင်း အသိပေးနှိုးဆော်

ဆိပ်ဖြူ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဝက်သက်–ဂျိုက်သိုး ကာကွယ်ဆေးများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ထိုးပေးသွားမည်ဖြစ်ရာ ကလေးများ၏ မိဘများအနေဖြင့် ဆေးများ လာရောက်ထိုးနှံပေးကြရန် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ အသိပညာပေးမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးများကို အသက် ကိုးလမှ ငါးနှစ်ခွဲအထိ ကလေးများအား ဆေးထိုးရန် စုရပ် ၁၅၅ ခု၌ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း ဆေးထိုးရမည့် ကလေးငယ်အရေအတွက် စဇ၉ဖ ဦးရှိကြောင်း သိရသည်။ ထို့ကြောင့် သတ်မှတ်ရက်များတွင် ကလေးများအနေဖြင့် စုရပ်အသီးသီးသို့ လာရောက်၍ ကာကွယ်ဆေးများ ထိုးနှံကြရန် မြို့ပေါ်ရပ်ကွက်များတွင် လမ်းဖြတ် ပိုစတာများ၊ ဗီနိုင်း ပိုစတာများ စိုက်ထူချိတ်ဆွဲ၍ အသိပေးနှိုးဆော်ခြင်းနှင့် ကျေးလက်ဒေသများတွင် ကလေး မိခင်များအား ကာကွယ်ဆေး လာရောက်ထိုးနှံရေး အသိပညာပေး ပြောကြားခြင်းများကို ကျေးလက်ကျန်းမာရေး ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နှိုးဆော်လျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

ဝန်းသိုမြို့နယ်အတွင်းမှ တောင်သူများအား စိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်ပို့ချ

ဝန်းသို နိုဝင်ဘာ ၂၄

ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agricultural Practices–GAPs)စနစ် စိုက်ပျိုးနည်းသင်တန်းတစ်ရပ်ကို နိုဝင်ဘာ ၂၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းတို့က အမှာစကား ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးသည့် သီးနှံများ၏ အရည်အသွေး ထိခိုက်ပျက်စီး ဆုံးရှုံးမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည် တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ် ထူထောင်လာနိုင်ရန်နှင့် လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝ သာယာဝပြောရေးကို အလေးထားဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် GAP စနစ်အကြောင်း သိကောင်းစရာများ၊ ပိုးမွှားရောဂါအကြောင်း သိကောင်းစရာများ၊ မြေအသုံးချခြင်းဆိုင်ရာ သိကောင်းစရာများ၊ မြေပဲသီးနှံ စိုက်ပျိုးနည်းနှင့် ဖရဲစိုက်ပျိုးနည်း စသည့် ဘာသာရပ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မြင့်(ပြန်/ဆက်)

ရေနံချောင်းမြို့နယ်မှ ရွာ ၁၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည်

ရေနံချောင်း နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များ အပေါ် မူတည်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် လုပ်ငန်းများကို ရေးဆွဲစေပြီး အဆိုပါ စီမံချက်လုပ်ငန်းများကို ဦးစားပေး အဆင့်အလိုက် သတ်မှတ်ကာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ ထောက်ပံ့သည့် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် လုပ်ငန်းများ ဆောင်ရွက်စေကြောင်း၊ စီမံကိန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်ထမ့ သိရသည်။

"ကျွန်တော်တို့ ရေနံချောင်းမြို့နယ်အတွင်း ယခု ဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကို ကျေးရွာ ၁၆ ရွာမှာ ကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ လက်ရှိအချိန်မှာတော့ စီမံကိန်းကို အကောင်အထည်ဖော်မယ့် ကျေးရွာတွေထဲက ရှစ်ရွာမှာ စီမံကိန်း မိတ်ဆက်ရှင်းလင်းတာတွေ၊ ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းတာတွေ ဆောင်ရွက်ပြီး ဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။

စီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၆ ရွာမှာ စမ်းမြိုင်လယ်၊ နတ်ကန်ဦး၊ အောင်သာ၊ လယ်ကျဉ်းရိုး၊ တည်ပင်စခန်း၊ သရက်တော၊ သဖန်းချောင်း၊ ညောင်ပင်အိုင့်၊ ညောင်ကုန်း၊ သပြေပင်၊ ချောင်းမကြီး၊ ဖရဲကျွန်းရွာမ၊ ညောင်ပင်ခါး၊ ညောင်ဇောက်ချောင်း၊ ခြံကန်တောင်နှင့် ကမ္မကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

စိုးမိုးကျော်

ကျေးရွာတစ်ရွာမှ စီမံကိန်းရန်ပုံငွေဖြင့် ခင်းထားသော ကွန်ကရစ်လမ်းတစ်လမ်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာအမှတ်(၁၀)ရပ်ကွက်နေ
ဦးတင့်ငွေ(အောင်-သီးနှံပွဲရုံ)နှင့် ဒေါ်မာကြည်တို့၏သား
ဗိုလ်ဇင်ကိုထက်(B.E, Mechanical, DSTA)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊
စိန်ပန်းမြိုင်လျှပ်စစ်အိမ်ရာနေ
ဦးမင်းမင်း(AGM-စီမံ) YESC နှင့် ဒေါ်နှင်းအိဖြူတို့၏ချစ်သမီးငယ်လေး
မောင်တင်ကိုကိုမောင်(Aung Tayzar Myo Trading Co.,Ltd)၏ညီမလေး
မသဲစုဖူးဝေ(ခ)သဲသဲ (1st Year, Eng)

တို့၏ ၅-၁၁-၂၀၁၉ရက် မိတ္ထီလာမြို့တွင် ပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးခြင်းတွင် ကူညီပေးခဲ့ကြသည့် ဦးသက်လွင် (မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး)နှင့် ဦးမင်းအောင်(မိတ္ထီလာခရိုင်တရားသူကြီး)အားလည်းကောင်း၊ ၂၁-၁၁-၂၀၁၉ ရက်တွင် ရန်ကုန်မြို့၊ သဃ်နန်းကျွန်းမြို့နယ်၊ စွန်းလွန်းဝိယသနာကျောင်းတိုက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးသည့် မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးကြီး ညီညီအောင်၏ဇနီး ဒေါ်နိုင်နိုင်ဝင်းနှင့် နှစ်ဖက်သောဆွေမျိုး များ၊ YESC ရုံးချုပ်၊ ခရိုင်နှင့်မြို့နယ်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၂၄-၁၁-၂၀၁၉ရက် Hotel Yangon တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်၍ မင်္ဂလာအောင်စံပယ်ကုံးများ ချီးမြှင့်ပေးပါသော သီရိပျံချီ ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)ပြည်ထောင်စုဝန်ကြီး(ငြိမ်း)(ဆောက်လုပ်ရေးနှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် နေမျိုးဦးနှင့်ဇနီး ဒေါ်မျိုးပပစိုးတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးမောင်မောင်အောင်(ချယ်ရီရိပ်၊ မန္တလေး) အားလည်းကောင်း၊ အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော YESC မှ ဥက္ကဋ္ဌနှင့်အရာရှိကြီးများ၊ စစ်တက္ကသိုလ် 34th, 35th Intake မှသူငယ်ချင်းနှင့်ညီငယ်များ၊ Guradian နောင်တော်ကြီးများအားလည်းကောင်း၊ သတို့သား၊ သတို့သမီးအရံနှင့် ပန်းကြ၊ပန်းကိုင်သူငယ်ချင်းများအားလည်း ကောင်း၊ မင်္ဂလာဝတ်စုံနှင့်ဓာတ်ပုံ၊ ဗီဒီယို Aroma နှင့် Prewedding ရိုက်ကူးပေးပါသော ကို သက်နောင်လွင်(ဓနမိုး-ပြင်ဦးလွင်)၊ မိတ်ကပ်ညီညီမောင်(စမ်းချောင်း)အားလည်း ကောင်း၊ မင်္ဂလာဆွမ်းကျွေး အစားအသောက်ကို သန်းစိန်(နယူးဒေလီ)နှင့် မင်္ဂလာဧည့်ခံပွဲအစားအသောက် Hotel Yangon မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်းမင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော စစ်ဘက်၊ နယ်ဘက်အသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့ အားလည်းကောင်း၊ အဘက် ဘက်မှ ပိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလိုက်လဲ့စွာကျေးဇူးဥပကာရ တင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇင်ကိုထက်-မသဲစုဖူးဝေ

မေတ္တာရှင်ဆရာတော်
သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာဝိသုဒ္ဓ ဆရာတော်ကြီးမှသြဝါဒကထာချီးမြှင့်ပွဲ နှီးဆော်ပန်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ခွဲ၊ ပန်းပုကွင်းကျေးရွာအုပ်စု၊ နဂါး ရစ်တောင် ဓမ္မပါလတောရကျောင်း မေတ္တာရှင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ ဝိသုဒ္ဓဆရာတော်ကြီးမှ ခင်ပွန်းကြီး(၁၀)ပါးကျေးဇူးဆပ်ပူဇော်ခြင်းနှင့်ပတ်သက်၍ သြဝါဒကထာ ချီးမြှင့်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမ သားသမီးအပေါင်းတို့အား ဖိတ်ကြားနှီးဆော်အပ်ပါသည်-

သြဝါဒကထာချီးမြှင့်မည့်နေ့ရက်- ၁၃စာခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက် မှလကွယ်နေ့ထိ (၂၅-၁၁-၂၀၁၉ရက်) မှ (၂၆-၁၁-၂၀၁၉ရက်)ထိ

ကျင်းပမည့်အချိန် - ညနေဆည်းဆာ (၅:၀၀)နာရီ၊ ဆရာတော်ကြီးမှ သြဝါဒကထာချီးမြှင့်ဟောကြားခြင်း

ကျင်းပမည့်နေရာ - ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ တိုးချဲ့ဓမ္မရင်ပြင်

အကျိုးတော်ဆောင်အဖွဲ့

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 5M/5769 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနခရိုင်ရုံး(ပြင်ဦးလွင်)

ကန့်ကွက်နိုင်ကြောင်း
အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၄၅-မြမာလာ)၊ ဦးပိုင်အမှတ်(၆၈-ခ)၊ မြေယာအမှတ်(68-B)၊ မြေဧရိယာ(၀အသမ၀ဝ)ဧကရှိ ပြင်ဦးလွင်ခရိုင်ရုံး မြေဌားဂရန်အမှုတွဲအမှတ်(၄၃၀/၂၀၀၁-၂၀၀၂)အရ ဒေါ်နော်လေဒီယာအမည်ပေါက်သော မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့ကို ဒေါ်နော်လေဒီယာမှ ကျန်အပိုင်းဂရန်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့် ရက်မှအစပြု၍ (၁၄)ရက်အတွင်း လုပ်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)မှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ကျေး လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တိုင်းဒေသကြီးအပ်နှံရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်အတွင်းရှိအပိုင်း-အပိုင်းကျွန်းဆက်သွယ်သောတံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

ဝယ်ယူမည့် ပစ္စည်းများ

Cement, M.S Rod (Asso;)(HRB 500), Sand, Chipping, Jun gle Wood, H.S.Diesel,

ဆောင်ရွက်မည့်လုပ်ငန်း

1.0m Ø Bored Pile တူးခြင်း၊ လောင်းခြင်းလုပ်ငန်း

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို (၁၃-၁၁-၂၀၁၉) ရက်မှ (၂၉-၁၁-၂၀၁၉)ရက်အထိ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၀) လှည်းကူးမြို့၊ ဖုန်း-၀၁၈-၆၂၉၀၃၅၊ ၀၉-၂၅၁၅၇၃၃၀ နှင့် ၀၉-၄၅၁၀၀၅၅၆၆ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၁၁-၂၀၁၉ရက် ညနေ ၄:၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂-၁၂-၂၀၁၉ရက် နံနက် ၁၀:၀၀နာရီ
တင်ဒါစစ်ရွေးချယ်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဖခင် အမည်မှန်

သာယာဝတီခရိုင်ဇီးကုန်းမြို့နယ်၊ အထက(မြို့မ) အဋ္ဌမတန်း (၁ဘီ) မှမဇင်သူထက်၏ဖခင် အမည်မှန်မှာ ဦးအောင်လွင် ဂ/ဇကန (နိုင်)၀၄၄၉၃၀ ဖြစ်ပါကြောင်း။ **ဦးအောင်လွင်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5G/9901 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၉/ကတဋ(နိုင်)၀၈၉၅၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ပြင်ဦးလွင်)

ဒီကရီကိုအတည်ပြုရန်အမိန့်,မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၅၃၉နှင့်ဆက်နွယ်သည့် ၂၀၁၉ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၆၇

ဦးနိုင်ထွန်းလင်း ဒီကရီအနိုင်ရသူ	နှင့်	ဦးစောလင်းထွန်း တရားရှုံး

၃၅ x ၃၆လမ်းကြား၊ ၆၇လမ်း၊ ဥယျာဉ်တန်းရပ်၊ ကြာကန်ဘောင်၊ မဟာမြိုင် အပိုင်း(၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ လမ်း ၈၀၊ ၃၁ x ၃၂လမ်းကြား၊ ကောင်း မြင့်ပုံနှိပ်တိုက်နှင့်ကပ်လျက်၊ Magic အရုပ်ဆိုင်အပေါ်ထပ်တိုက်ခန်း၊ ချမ်းအေးသာစံမြို့ နယ်၊ မန္တလေးမြို့နေသူ ဦးစောလင်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၅၃၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့ မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ရက် (၁၃စာခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်မာလာ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ဖြေနှင့် အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄/ ၂)၊ မြေကွက်အမှတ် (၂၆/၁)၊ အလျား(၃၀')× အနံ(၎၂'.၆")။ ဧရိယာစတုရန်းပေ(၁၃၀၅)ရှိ မြေ၊ အဆောက်အဦးနှင့် မြေတိုင်းရပ်ကွက်အမှတ် (၁၄/ ၂)၊ မြေကွက်အမှတ် (၂၆/ ၂)၊ အလျား (၃၀) × အနံ (၎၂'.၆")။ ဧရိယာစတုရန်းပေ (၁၃၀၅)ရှိ မြေနှင့် အဆောက်အဦး။ စုစုပေါင်း(၂) ကွက်၊ အရပ်အခေါ် အမှတ် (၂၆/၁)၊ (၂၆/ ၂)၊ သံသုမာလမ်း၊ (၁၄/ ၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြေနှင့်အဆောက်အဦးအပါအဝင် မြေကွက်(၂) ကွက်အား အပည်ပေါက်ပိုင်ဆိုင်သည့် ဦးအောင်ဝင်း(၁ ၂)ဥကတ(နိုင်ဝ)၁၀ရဝ၄၇) မှပိမိတစ်ဦးတည်း တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်သယ်ပြောင်းရောင်းချွေပိုင်ခွင့်ကြောင်း ပဋိညာဉ်ကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်သယ်ယူရန်၊ ရောင်းချရန် စကားဆက်ဆံလုပ်ပါရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဆေးကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားပြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေများနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှအပ်ညွှန်ကြားချက်အရ -
ဦးဇော်ဝင်း (စဉ် - ၃၆၉၉/၈၆)
H.G.P, LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်-၅၆၁၀၊ ပထမထပ်၊ အခန်း (၁၀၄)၊ MAC Tower ကုန်သည်လမ်း၊ ဘားလမ်းနှင့် ၃၅ လမ်းကြား၊ ကျောက်တံတား၊မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၁၅၂၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၃၀/၁၊ ဧရိယာ ၀(၂၀ x ၆၀) မြေကွက်တည်နေရာအမှတ် ၁၃၀/၁၊ ရန်ပြေ(၉)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်သွင် ၁၂/သကတ(နိုင်)၀၈၄၂၈၄ အမည်ပေါက်နစ် (၆၀) ဂရန်မြေအား ဦးမောင်သွင်(ခ) ဦးသွင် (၀၈င်)နှင့် ဒေါ်ညီညီအေး(မိခင်) တို့ ကွယ်လွန်သဖြင့် အမည်ပေါက်၏သား/သမီးများဖြစ်သော ဦးစိုးသိမ်း ၁၂/သကတ(နိုင်)၀၈၅၅၈၀၊ ဒေါ်သိမ်းသိမ်းနိုင် ၁၂/သကတ(နိုင်) ၀၈၅၅၆၆၊ ဒေါ်အေးအေးနိုင် ၁၂/သကတ(နိုင်)၀၈၄၀ ၂၁၊ ဦးခင်မောင်ထွေး ၁၂/သကတ(နိုင်) ၁၂၂၁၃၆၊ ဦးအောင်ကျော်မျိုး ၁၂/သကတ(နိုင်) ၁၄၃၁၃၉တို့အနက် ဦးစိုးသိမ်း၊ ဒေါ်သိမ်းသိမ်းနိုင်၊ ဒေါ်အေးအေးနိုင်၊ ဦးအောင်ကျော်မျိုးတို့ထံမှ GP ၁၉၆၇၇/၂၀၁၉(၃-၅-၂၀၁၉)ရသူ ဒေါ်ဇင်မိုးနွယ် ၁၀/မလမ (နိုင်)၀၀၁၀၀၁နှင့် ကျန်အမွေဆိုင်တစ်ဦးဖြစ်သူ ဦးခင်မောင်ထွေးတို့ ပူးတွဲလျက်ကျမ်းကျွန်လျှောများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အင်္ဂလိပ်ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/1422 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၁-၂၀၁၉ရက် (စာ-၂၂) မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန အိတ်ဖွင့်မှ အမှတ်စဉ် (၄-က)ကြော်ငြာတွင် နေအိမ်သုံးပစ္စည်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအစား **ရေအိမ်သုံးပစ္စည်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၃၀/၁၊ ဧရိယာ ၀(၂၀ x ၆၀) မြေကွက်တည်နေရာအမှတ် ၁၃၀/၁၊ ရန်ပြေ(၉)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်သွင် ၁၂/သကတ(နိုင်)၀၈၄၂၈၄ အမည်ပေါက်နစ် (၆၀) ဂရန်မြေအား ဦးမောင်သွင်(ခ) ဦးသွင် (၀၈င်)နှင့် ဒေါ်ညီညီအေး(မိခင်) တို့ ကွယ်လွန်သဖြင့် အမည်ပေါက်၏သား/သမီးများဖြစ်သော ဦးစိုးသိမ်း ၁၂/သကတ(နိုင်)၀၈၅၅၈၀၊ ဒေါ်သိမ်းသိမ်းနိုင် ၁၂/သကတ(နိုင်) ၀၈၅၅၆၆၊ ဒေါ်အေးအေးနိုင်၊ ဒေါ်အေးအေးနိုင် ၁၂/သကတ(နိုင်)၀၈၄၀ ၂၁၊ ဦးခင်မောင်ထွေး ၁၂/သကတ(နိုင်) ၁၂၂၁၃၆၊ ဦးအောင်ကျော်မျိုး ၁၂/သကတ(နိုင်) ၁၄၃၁၃၉တို့အနက် ဦးစိုးသိမ်း၊ ဒေါ်သိမ်းသိမ်းနိုင်၊ ဒေါ်အေးအေးနိုင်၊ ဦးအောင်ကျော်မျိုးတို့ထံမှ GP ၁၉၆၇၇/၂၀၁၉(၃-၅-၂၀၁၉)ရသူ ဒေါ်ဇင်မိုးနွယ် ၁၀/မလမ (နိုင်)၀၀၁၀၀၁နှင့် ကျန်အမွေဆိုင်တစ်ဦးဖြစ်သူ ဦးခင်မောင်ထွေးတို့ ပူးတွဲလျက်ကျမ်းကျွန်လျှောများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
အယူခံတရားပြိုင်သို့အကြောင်းကြားစာ
ရွှေဘိုခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂

ဦးကျော်မျိုးအောင် အယူခံတရားလို	နှင့်	ဒေါ်ခင်ဆေး(ခ)မကေ အယူခံတရားပြိုင်

ခင်ဦးမြို့နယ်တရားရုံတော်မှ တရားမကြီးမှုအမှတ် ၁၈/၂၀၁၆၏ ၁၄-၈-၂၀၁၉ရက်က ချမှတ်သည့်ဒီကရီကို အယူခံမှု

အယူခံတရားပြိုင် ဒေါ်ခင်ခင်အေး(ခ)မကေ(ဘ) ဦးသိန်းအောင် အထည်ရောင်း၊ မြန်နန္ဒာရပ်၊ ခင်ဦးမြို့(ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

ယခုအမှုတွင် ခင်ဦးမြို့ မြို့နယ်တရားသူကြီးကချမှတ်သောဒီကရီကို ဦးကျော်မျိုးအောင်(အယူခံတရားလို)က ဤရုံး တော်သို့ မှတ်ပုံစာရင်း တင်သွင်းလိုၗ် ထိုအယူခံမှုကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃စာခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အ တွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အ ရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးသို့ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီထူး)
ခရိုင်တရားသူကြီး
ရွှေဘိုခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဋ္ဌပဒေအမိန့် ၅၁၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၈

ဒေါ်တင်အေး တရားလို	နှင့်	ဦးမောင်မောင်ပြောင်း(ခ)အားလု တရားပြိုင်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဘီလူးမြို့၊ ကန်သာကုန်းကျေးရွာ၊ အမှတ်(၃၁)နေ ဦးမောင်မောင်ပြောင်း(ခ)အားလုပ(ယခု နေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်အေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိမ့်မှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်း ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃စာခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့် ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းမြင့်
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပလူဇ၀(အထက) အဋ္ဌမတန်းမှ ဦးခင်လင်း၏သား မောင်အောင်ချမ်းပြိမ်း၏ အမည်မှန်မှာ မောင်အောင်ချမ်းပြည့် ၅/

Thanlwin Education Services Co.,Ltd.

အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သံလွင်ပညာရေး ဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်းကို (၂၀၁၇-၂၀၁၈)ပညာသင်နှစ်၊ (၁-၆-၂၀၁၇)ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

၂။ ယခုအခါသံလွင်ပုဂ္ဂလိကအထက်တန်းကျောင်း၏ (၂၀၂၀-၂၀၂၁)ပညာသင်နှစ်အတွက် လိုအပ်လျက်ရှိသော သင်ကြားရေးဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်ပါသည်။ လိုအပ်လျက်ရှိသော ရာထူးနှင့် ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အထက်တန်းဘာသာရပ်ပြဆရာ / ဆရာမ **ကျား / မ (၁၈)ဦး**

အခြေခံလစာ(၅.၅)သိန်း

လျှောက်ထားနိုင်သည့်ဘာသာရပ်များ

မြန်မာစာ (၂)ဦး အင်္ဂလိပ်စာ (၃)ဦး သချင်္ဂာ (၂)ဦး ဓါတုဗေဒ (၃)ဦး
ရူပဗေဒ (၃)ဦး ဇီဝဗေဒ (၂)ဦး ဘောဂဗေဒ (၃)ဦး

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/သင်ကြားရမည့် ဘာသာရပ်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့/မဟာဘွဲ့နှင့် အထက်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

(ခ) အလယ်တန်းဘာသာရပ်ပြဆရာ / ဆရာမ **ကျား / မ (၁၂)ဦး**

အခြေခံလစာ(၄.၅)သိန်း

လျှောက်ထားနိုင်သည့်ဘာသာရပ်များ

မြန်မာစာ (၂)ဦး အင်္ဂလိပ်စာ (၂)ဦး သချင်္ဂာ (၂)ဦး
ပထဝီဝင် (၂)ဦး သမိုင်း (၂)ဦး သိပ္ပံ (၂)ဦး

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၃၀)နှစ်မှ (၄၀)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်သင်ပညာ ဒီပလိုမာ (သို့မဟုတ်) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

(ဂ) မူလတန်းပြ **ကျား / မ (၁၀)ဦး**

အခြေခံလစာ(၄)သိန်း

လျှောက်ထားနိုင်သည့်ဘာသာရပ်များ

မြန်မာစာ (၂)ဦး အင်္ဂလိပ်စာ (၂)ဦး သချင်္ဂာ (၂)ဦး
သိပ္ပံ (၂)ဦး လူမှုရေး (ပထဝီ၊သမိုင်း) (၂)ဦး

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော ဘာသာရပ်ဆရာအဖြစ်ဖြစ်စေ အနည်းဆုံး(၅)နှစ်သင်ကြားရေး အတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (5.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

(ဃ) သင်ကြားရေးအကူ **ကျား / မ (၂)ဦး**

အခြေခံလစာ(၂.၅)သိန်း

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၃၀)နှစ်နှင့် အောက်ဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(၃) English 4 Skills အသင့်အတင့်ရှိရမည်။
(၄) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်ထားသော ECCD လက်မှတ်ရရှိထားပြီး ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

(င) ထပ်ဆောင်းသင်ရိုး(ပန်းချီ) ဆရာ / ဆရာမ **ကျား / မ (၃)ဦး**

အခြေခံလစာ(၄.၅)သိန်း

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၃၅)နှစ်နှင့်အောက်ဖြစ်ရမည်။
(၂) ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီဖြင့်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(၃) သက်ဆိုင်ရာဘာသာရပ်အတွက် လုပ်သက်(၁)နှစ်နှင့်အထက်ရှိရမည်။

(စ) ထပ်ဆောင်းသင်ရိုး(Computer Assistant) ဆရာ / ဆရာမ **ကျား / မ (၂)ဦး**

အခြေခံလစာ(၄.၅)သိန်း

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၃၀)နှစ်နှင့်အထက်ဖြစ်ရမည်။
(၂) ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(၃) သက်ဆိုင်ရာရာထူးအတွက် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။

(ဆ) ထပ်ဆောင်းသင်ရိုး(English 4 Skills) **ကျား / မ (၅)ဦး**

အခြေခံလစာ(၄.၅)သိန်း

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) အင်္ဂလိပ်စာနှင့် ပတ်သက်သော ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS(6.5) နှင့် အထက် (သို့မဟုတ်) ၄င်းနှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။

(ဇ) ထပ်ဆောင်းသင်ရိုး(STEM) **ကျား / မ (၁)ဦး**

အခြေခံလစာ(၄.၅)သိန်း

အရည်အချင်းသတ်မှတ်ချက်

(၁) အသက်(၂၅)နှစ်အထက် ဖြစ်ရမည်။
(၂) အင်ဂျင်နီယာ(မြို့ပြ)ဘွဲ့ ရပြီးသူဖြစ်ရမည်။
(၃) သက်ဆိုင်ရာဘာသာရပ်အတွက် လုပ်သက်(၁)နှစ်ရှိရမည်။

၃။ လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ ရာထူး(၈)မျိုးအနက် တစ်မျိုးတည်းသာ လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး တစ်မျိုးထက် ပိုမိုလျှောက်ထားပါက ထည့်သွင်းစဉ်းစားသွားမည် မဟုတ်ပါ။

၄။ အဆိုပါရာထူးများအားလုံးအတွက် လျှောက်ထားရာတွင် www.thanlwinprivateschool.com မှ Applicant's Information Form (လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ပုံစံ) အား ရယူပြီး အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်း၍ (၂၇- ၁၁ -၂၀၁၉) ရက်နေ့မှစပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-
(က) ကိုယ်တိုင်ရေးလျှောက်လွှာ (လျှောက်ထားသည့်ရာထူး၊ ဘာသာရပ်တို့အား တိတိကျကျဖော်ပြပေးထားရမည်။)
(ခ) ကိုယ်ရေးအချက်အလက် (CV Form) အပြည့်အစုံ (ဓါတ်ပုံကပ်ပြီး)။
(ဂ) ပတ်စပို့ဆိုဒ်ဓါတ်ပုံ(၃)ပုံ (နောက်ခံအပြာရောင်)။
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မူရင်းတင်ပြရမည်)။
(င) ဘွဲ့လက်မှတ်မိတ္တူ (မူရင်းတင်ပြရမည်)။
(စ) အခြားပညာအရည်အချင်းလက်မှတ် မိတ္တူ (မူရင်းတင်ပြရမည်)။
(ဆ) လွန်ခဲ့သော (၃)လအတွင်း ပြုလုပ်ထားသည့် ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
(ဇ) အလုပ်သမားမှတ်ပုံတင်(လေဘာ) မိတ္တူ။
(ဈ) အိမ်ထောင်စုစာရင်းမိတ္တူ
(ည) Recommendation Letter

၅။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများအား (၆-၁၂-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ အမှတ်(၂၀၃)၊ (၅)လမ်းနှင့် (၆)လမ်းကြား၊ ကံ့ကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ အထက်အပိုဒ်(၄)ပါ စာရွက်စာတမ်းများနှင့်အတူ နေ့စဉ် နံနက်(၉း၀၀)နာရီမှ ညနေ (၄း၃၀)နာရီအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ hr@thanlwinprivateschool.com သို့ e-mail ပို့၍သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၆။ ပြည့်စုံမှုမရှိသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ပါ။

၇။ အပိုဒ်(၂)၊ (က)မှ (ဃ) အထိ လျှောက်ထားသူများအား ပထမအကြိမ် ရေးဖြေစစ်ဆေးခြင်းများအတွက် အောက်ဖော်ပြပါ ဘာသာရပ်များအား (၁)နာရီမေးခွန်းဖြေဆိုသွားရမည်ဖြစ်သည်-
(က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) သချင်္ဂာ
(ဃ) လျှောက်ထားသည့်ဘာသာ (အထက်တန်းပြများသာ)
(င) သင်ကြားမှုပုံစံ (မူလတန်းပြနှင့် သင်ကြားရေးအကူများသာ)
အပိုဒ်(၂)၊ (င)မှ (ဇ)အထိ လျှောက်ထားသူများအား ပထမအကြိမ် ရေးဖြေစစ်ဆေးခြင်းများအတွက် သက်ဆိုင်ရာဘာသာရပ်များအား (၁း၀၀)နာရီ မေးခွန်းဖြေဆိုရမည်ဖြစ်သည်။

၈။ အထက်ဖော်ပြပါ ဘာသာရပ်များအပြင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ စစ်ဆေးသော စိတ်အခြေအနေ(ရေး/ဖြေ)စစ်ဆေးခြင်းကို ခံယူရမည်။

၉။ ရေးဖြေစာမေးပွဲအား (၁၄-၁၂-၂၀၁၉) ရက်နေ့တွင် စစ်ဆေးသွားမည်။ ဖြေဆိုခွင့်ရရှိသူများကို Online မှ အကြောင်းကြားပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်အား မှတ်ပုံတင်(မူရင်း)နှင့်အတူ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေအောင်မြင်ပြီးသူများ ဒုတိယအကြိမ်စစ်ဆေးခြင်းအား အောက်ဖော်ပြပါအတိုင်းပြုလုပ်သွားမည်-
(က) လက်တွေ့သင်ကြားပြသမှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း။
(ခ) ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှ စိတ်အခြေအနေ(လူတွေ့) စစ်ဆေးခြင်း။

၁၁။ လက်တွေ့ သင်ကြားပြသမှုစစ်ဆေးခံရန်အတွက် သင်ကြားပြသမည့် ဘာသာရပ်အလိုက်လိုအပ်သော Lesson Plan ရေးသားခြင်း၊ Worksheet ၊ Handout နှင့် သင်ထောက်ကူများ ပြင်ဆင်လာခြင်းတို့ကို စစ်ဆေးခံရမည့်နေ့တွင် တင်ပြရမည်။

၁၂။ ဒုတိယအကြိမ်စစ်ဆေးအောင်မြင်သူများအနေဖြင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းက ဖွင့်လှစ်သင်ကြားသွားမည့် Professional Development Course for Teacher သင်တန်းတွင် သင်တန်းသား (Trainee) အနေဖြင့် တက်ရောက်သွားရမည်ဖြစ်သည်။

၁၃။ အသေးစိတ်သိရှိလိုပါက သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (မင်္ဂလာဒုံ)၊ ဝန်ထမ်းရေးရာဌာန ၀၉-၉၅၂၂၄၂၄၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း

မဂ်လာကုမ္ဍဏီလီမိတက်

ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပဲခူး၊ မကွေး၊ တောင်ငူ၊ မော်လမြိုင်၊ မုံရွာ၊ ပုသိမ်မြို့ရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။
ဖုန်း-၀၁-၈၅၂၁၁၆၊ ၀၉-၂၆၄၆၆၉၈၈၁၊ ၀၉-၂၆၄၆၆၉၈၈၂
(ပြည်တွင်း၌သာခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့်ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)
ဝန်ထမ်းများအတွက်အစားအသောက်နှင့် နေထိုင်ရေးအတွက်ကို ကုမ္ဍဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။

၁။ မဂ်လာကုမ္ဍဏီလီမိတက် ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပဲခူး၊ မကွေး၊ တောင်ငူ၊ မော်လမြိုင်၊ မုံရွာ၊ ပုသိမ်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(က) မန်နေဂျာ/ဒု-မန်နေဂျာ — ကျား (၅)ဦး
- အသက်(၃၀)မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်) (ပြသ) — ကျား/မ (၂၀)ဦး
- အသက်(၂၅)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် — ကျား (၁၀)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ် Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံတတ်မြောက်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။

(ဃ) ဆောက်လုပ်ရေးအင်ဂျင်နီယာ — ကျား (၆)ဦး
- အသက်(၄၅)နှစ်အောက် ဖြစ်ရမည်။
- BE Civil Engineer ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး(၃)နှစ် ရှိရမည်။

(င) တန်းပြ၊ ရောင်း/သိမ်း — ကျား/မ (၄၀)ဦး
- အသက်(၁၈)မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(စ) မုန့်ဆိုင်အရောင်း — ကျား/မ (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဆ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား (၂၀)ဦး
- အသက်(၂၀) မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(ဇ) သန့်ရှင်းရေး — ကျား/မ (၂၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(စျ) ထမင်းချက် — မ (၅)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ည) ယာဉ်မောင်း (Driver) — ကျား (၃)ဦး
- အသက်(၂၅) နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။ ကားကြီး၊ ကားလေး မောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမျက်စိမှန်၊ မျက်မှန်တပ်သူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

၂။ မဂ်လာကုမ္ဍဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary) — ကျား/မ (၄)ဦး
- အသက်(၂၁)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေး၊ အဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ (၅)ဦး
- အသက်(၂၀)မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- IT ကျွမ်းကျင်မှုရှိရမည်။

(ဂ) စာရင်းကိုင်/စာရင်းစစ် — ကျား/မ (၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို (Receptionist) — ကျား (၂)ဦး
- အသက်(၂၀)မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနှိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) Hotel Waiter — ကျား (၂)ဦး
- အသက်(၂၀)မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
